# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ စနေနေ့။ Saturday, 4 December 2021 ၁၀၅၇၇


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်တွင်းမှထုတ်လုပ်သည့်ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့်ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်

## လျှပ်စစ်အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်

## မကြာမီအချိန်တွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆


**ယနေ့** ဖတ်စရာ

Global Centre for Responsibility to Protect **အဖွဲ့၏ အပတ်စဉ်ထုတ်စာစောင်ပါ မြန်မာ့အရေးဆောင်းပါးအပေါ် မြန်မာပြည်သူတစ်ဦး၏ တုံ့ပြန်ချက်** စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ဝ၈ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၂

**မလေးရှားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ စတင်တွေ့ရှိ** စာမျက်နှာ » ၁၃

ကြေးမုံ

# ဗုဒ္ဓသာသနာတော် ရောင်ဝါထွန်းလင်းတောက်ပ

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကတ်သုံးဖြာ တရားရတနာနှစ်ရှည်ကြာတည်တံ့မှ သာသနာတော် ထွန်းလင်းတောက်ပပေလိမ့်မည်။ သာသနာတော် အရှည်ခံ့ရန် မျှော်ငုံ့ရှုယ်ရည်လျက် ရှေးရှေးအစဉ်အဆက်မှ ယနေ့ထက်ထိ သာသနာပြု မင်းတို့သည် သာသနာ့ဂုဏ်ဆောင် မဟာထေရ်မြတ်များနှင့် သာသနာပြုပုဂ္ဂိုလ်တို့ကို "သာသနာနုဂ္ဂဟ" ချီးမြှင့်ထောက်ပံ့လျက်ရှိသည်။

သာသနာတော် တည်ထွန်းခိုင်မြဲရေး၊ ပြန့်ပွားရေး၊ သန့်ရှင်းရေးကို ပရိယတ္တိ သာသနာနှင့် ပရိယတ္တိကို အခြေခံသော လမ်းမှန်သည့် ပဋိပတ္တိသာသနာ အရှည် တည်မြဲအောင် ပြုလုပ်နိုင်ရေးမှာ အရေးကြီးသည်။ သာသနာတော်ကို အကျင့်သီလ နှင့်ပြည့်စုံသည့် သာသနာ့ဝန်ဆောင် ရဟန်းများထွန်းကားပြီး ပြန့်ပွားမှသာ အရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ သာသနာ့ဝန်ဆောင်ရဟန်းများ ထွန်းကားရေး သည် "သာသနာနုဂ္ဂဟ" သာသနာတော်ကို ပစ္စည်းလေးပါးတို့နှင့် ထူးကဲစွာလှူဒါန်း ထောက်ပံ့သော ပုဂ္ဂိုလ်များပေါ်ထွန်းရန် လိုအပ်သည်။ သာသနာ့ဝန်ဆောင်ရဟန်း တော်များ ထွန်းကားမှသာ သံဃာတော်အရှင်သူမြတ်များက "ဂန္ထဓုရ၊ ဝိပဿနာဓုရ" ဟူသော ဓုရနှစ်ဖြာသာသနာကို အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နိုင်မည် ဖြစ်သည်။ သာသနာ့ဝန်ဆောင်ရဟန်းများ ထွန်းကားမှသာ နိုင်ငံသူ နိုင်ငံသား အပေါင်းအား ပစ္စုပ္ပန်၊ သံသရာ ကြီးပွားကြောင်း နည်းလမ်းကောင်းများကို ဟောကြား သွန်သင်ပြသနိုင်မည် ဖြစ်သည်။

ဒီဇင်ဘာလ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သာသနာတော်ကို ထူးကဲစွာလှူဒါန်းထောက်ပံ့သော သာသနာ့ ဒါယကာ၊ ဒါယိကာမ လူပုဂ္ဂိုလ်များအား ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ နုဂ္ဂဟဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်း ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ခဲ့ရသည်။ သာသနာနုဂ္ဂဟဘွဲ့ကို ချီးမြှင့် အပ်နှင်းခံရခြင်းသည် ဥပါသကာဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံသောကြောင့် ချီးမြှင့် ခံရခြင်းဖြစ်၍ မုဒိတာပွားများ ဝမ်းမြောက်ကြရမည် ဖြစ်သည်။ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းသည် နိုင်ငံတော်အစိုးရက နှစ်စဉ်အားပေး အသိအမှတ်ပြု ဆောင်ရွက်မြဲဖြစ်သည့် မဟာကုသိုလ်တော်ဖြစ်သည်။

ဥပါသကာဂုဏ်ရည် ၁၀ ပါးတွင် မိမိနှင့်သံဃာ အေးအတူပူအမျှ ချမ်းသာအတူ ဆင်းရဲမခွဲ နေတတ်သူဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ တရားတော်ကိုသာလျှင် အကြီးအမှူး ထားသူဖြစ်ခြင်း၊ မိမိ၌ရှိသော ပစ္စည်းဥစ္စာအင်အားအလျောက် ဝေဖန်ပိုင်းခြား လှူဒါန်းခြင်း၌ မွေ့လျော်တတ်သူဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ် ကြီး ပျက်ပြားဆုတ်ယုတ်သည်ကို သိရ၊ ကြားရ၊ မြင်တွေ့ရသော် တိုးတက်စည်ပင် အောင် ကြိုးပမ်းအားထုတ်သူဖြစ်ခြင်း၊ ကောင်းသော အယူဝါဒရှိသူဖြစ်ခြင်း၊ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဖြစ်ခြင်း၊ အမြင်ထူး၊ အကြားထူး စသည်ကို မင်္ဂလာဟု လက်မခံဘဲ ဗုဒ္ဓမှတစ်ပါး အခြားမည်သူ့ကိုမျှ ဆရာမတင်နိုင်သူဖြစ်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို စောင့်စည်းတတ်သူ ဖြစ်ခြင်း၊ ပြုစုမှုကင်းကာ ကောက်ကျစ်စဉ်းလဲသည့် အစွမ်းဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူ မဖြစ်ခြင်း၊ ရတနာမြတ်သုံးပါးကိုသာ ကိုးကွယ်အားထားရာ ဟူ၍ မပြတ်ဆည်းကပ်သူဖြစ်ခြင်း စသည်တို့ပါဝင်သည်။

ထိုမျှသာမက သက်ဆိုင်ရာ ကျောင်းတိုက်အသီးသီးတွင် အထူးသဖြင့် နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုတာဝန်ထမ်းဆောင်လျက်ရှိသည့် သာသနာပြုရဟန်းတော်များအား ပစ္စည်းလေးပါးဖြင့် မပင်ပန်းရလေအောင် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းသူ ဖြစ်သည်။ ထို့အပြင် နယ်စပ်ဒေသနှင့် တောင်တန်းဒေသများရှိ ဗုဒ္ဓဘာသာဝင် ကလေးငယ်များနှင့် ကျေးလက်ဒေသရှိ နွမ်းပါးသော ကလေးငယ်များကို ရှင်ပြုပေးပြီး ရှင်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမများအဖြစ် ရယူခြင်းဖြစ်သည့် အတွက် ဘုရားရှင်အလိုတော်ကျ သာသနာ့အမွေကို ခံယူထားသူများဖြစ်၍ သာသနာ့ဂုဏ်ဝင် ဂုဏ်ပြုချီးမြှောက်ထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်သည်။

သာသနာတော် ဆုတ်ယုတ်ခြင်း၊ မှေးမှိန်ခြင်း၊ ပျက်စီးခြင်းသည် မလွန်ဆန် နိုင်သည့် သင်္ခါရသဘောဖြစ်သော်လည်း တိုင်းပြည်အုပ်ချုပ်သောပုဂ္ဂိုလ်တို့သည် သာသနာတော်ကို ကြည်ညိုမြတ်နိုးကော်ရော် ပူဇော်ချီးမြှောက်သော ပုဂ္ဂိုလ်များ ဖြစ်သည့်အပြင် သာသနာတော်ကို ချီးမြှောက်ထောက်ပံ့သော သာသနာ့ဒါယကာ၊ ဒါယိကာမလူပုဂ္ဂိုလ်များလည်း ပေါ်ထွန်းလာသော ယနေ့အခါသမယတွင် မြတ်ဗုဒ္ဓ၏ သာသနာတော်သည် နေပမာ၊ လပမာ အရောင်အဝါ ထွန်းလင်းတောက်ပကာ သာသနာတော်စည်ပင်ပြန့်ပွားလာမည်ဟု ယုံကြည်ပါကြောင်း။ ။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/ မန္တလေး) ၁၃၈၃-၈၄ ခု ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/ မန္တလေး) တို့မှ ၁၃၈၃-၈၄ ခု ပညာသင်နှစ်ကျောင်းဖွင့်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ် - ၁၉ ရောဂါကာကွယ်တားဆီးရေး ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက် (ဒီဇင်ဘာ ၂၂ ရက်)တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားရဟန်းတော်များ အဆောင်ပြန်ဝင်ရက်ကို ၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော်(၁၊ ၂၊ ၃)ရက်၊ (ဒီဇင်ဘာ ၁၉၊ ၂၀၊ ၂၁ ရက်)တို့ကို သတ်မှတ်ထားပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**




# မတ္တရာမြို့နယ်၌ ရောဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာအနီး ရောဝတီမြစ် အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီး ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၃၀၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်၊ မြို့နယ်စီမံအုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်-၂ ဦးမောင်မောင်သန်း၊ မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မတ္တရာငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃ - ၁၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၀၅ | ၄,၃၀၆,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၀၀ | ၅၄၀ | ၁,၇၀၁,၇၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၂ | ၁၆,၀၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၇၀၀ | ၂၀ | ၅၆,၀၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁၂ | ၃၅,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၈ | ၁၄၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၈၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၀.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၃၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၅၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၇၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၉၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၅.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၈.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၀.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၀.၅၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

☆ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်၊ စက်သုံးဆီ ချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှု များစွာလျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည်

☆ မိမိတို့အနေဖြင့် Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိ၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး ဆောင်ရွက်ရမည်

☆ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

☆ ရှေ့ဖုံးမှ

ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ၁၀ လတာကာလအတွင်း အခက်အခဲများကို ကျော်လွှားကြိုးစား ဆောင်ရွက်ခဲ့သကဲ့သို့ အောင်မြင်မှုများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများ တိုးတက်စေရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများပင်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြသဖြင့် လုပ်အားများ များစွာရှိသဖြင့် ကျေးလက်ကို အခြေခံသည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ထပ်မံတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

**စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်**

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်မှုများကြောင့် ထိုက်သင့်သလောက် တိုးတက်မှုများ ရှိလာသော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သဖြင့် ကန့်သတ်မှုများရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးကျဆင်းသကဲ့သို့ ယခင်အစိုးရ တာဝန်ထမ်းဆောင်စဉ် ၂၀၁၈ ခုနှစ်မှစ၍ စီးပွားရေး ကျဆင်းလာသည်ဟု သုံးသပ်ကြကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်တွင် ပြည်ပနိုင်ငံများမှ အကူအညီများရရှိခဲ့ကြောင်း၊ နိုင်ငံရေးအခြေအနေအရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီးချိန်တွင် နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်ပေါ်လာခဲ့မှုများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများမှာလည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ကျဆင်းမှုရှိလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကြောင့် ကူးစက်မှုနှုန်းများ ကျဆင်းစေရေးအတွက် ဦးစားပေး ဆောင်ရွက်ခဲ့ရခြင်းကြောင့် အချို့လုပ်ငန်းများတွင် လစ်ဟင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှာလည်း ယခုအခါ အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်နေချိန်ကာလတွင်လည်း တစ်ဖက်မှ အာဆီယံအဖွဲ့နှင့် ဘုံသဘောတူညီချက် ငါးချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြားမှ တတ်နိုင်သလောက် အကောင်အထည်ဖော်ဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ စီးပွားရေးကျဆင်းမှုမရှိစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာရှားပါးမှုမရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာပေါ်များစေရေး တပ်မတော်က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက်ဖြည့်ဆည်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ သို့သော် ကုန်ပစ္စည်းများမှာ အကြောင်းအမျိုးမျိုးဖြင့် ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ပြည်ပသွင်းကုန်များ ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန်အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် အစီရင်ခံစာအရ ၂၀၁၉-၂၀၂၀ ခုနှစ်ထက် ကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သွင်းကုန်များတွင် အဓိကသွင်းကုန်များမှာ ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ ဆေးဝါးများ၊ ဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရပြီး အများဆုံးမှာ ရေနံထွက်ပစ္စည်းများနှင့် စားအုန်းဆီများဖြစ်ကြောင်း။

**ပြည်ပသွင်းကုန်များ အစားထိုးနိုင်**

ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်သုံးဆီ ချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှု များစွာ လျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ရေးစီမံကိန်းများမှာ အချိန်ပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် နေရာဒေသများစွာရှိကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အလားတူ စိုက်နည်းစနစ်များကိုလည်း ခေတ်မီစိုက်နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့် နိုင်ငံသားအချို့အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်နေရကြောင်း၊ ပြည်တွင်းထုတ်ကုန်နှင့်ပတ်သက်၍ ပြည်တွင်း၌ မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုပြီး အားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့်ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့် ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေး တိုးတက်စေရန်အတွက် အားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ် အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**ကျန်းမာရေးကောင်းမွန်ရန်လိုအပ်**

ပြည်ပမှဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍ ပြည်သူလူထု၏ ကျန်းမာရေး အတွက် တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးဝါးသုံးစွဲမှု လျှော့ချနိုင်ရေး ကျန်းမာရေးကောင်းမွန်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများနှင့် ကိုယ်လက်လှုပ်ရှားမှုများရှိရန်လိုကြောင်း၊ အချို့သောပြည်သူများမှာ ပြည်ပနိုင်ငံများသို့သွားရောက်၍ ကျန်းမာရေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကုသခြင်းဖြင့် ငွေကုန်ကြေးကျများရှိသကဲ့သို့ အခြားအခက်အခဲများလည်း များစွာရှိကြောင်း၊ အဆိုပါကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သဖြင့် နိုင်ငံအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများ သာမက အထောက်အကူပြု စက်ပစ္စည်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပုဂ္ဂလိကဆေးရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားများ၏ ကျန်းမာရေး မြှင့်တင်မှုများ ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းဆေးဝါးထုတ်လုပ်မှုများမှ တိုင်းရင်းဆေးကို အခြေခံသည့် ဆေးဝါးများနှင့် ပဋိဇီဝဆေးဝါးများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးရုံပေါင်း ၁၁၇၇ ရုံရှိပြီး ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာရှင်ပေါင်း ၅၇၀၀၀ ကျော်မွေးထုတ်ပေးနိုင်ခဲ့သော်လည်း နိုင်ငံအတွက် တာဝန်ထမ်းဆောင်နိုင်မှု နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ တာဝန်ထမ်းဆောင်မှုနည်းပါးခြင်းကြောင့် အချို့သော တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များ တာဝန်ထမ်းဆောင်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်၍ရသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆေးပညာနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ လူမှန်နေရာမှန် ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အချို့ ကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ပညာသင်ကြားမှုများ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိသေးသည်ကို တွေ့ရှိရကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် ပညာအပြည့်အဝ သင်ကြားနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း စသည့် လေးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ကိုဗစ်နဲ့ ပတ်သက်ပြီးတော့ အခုနောက်ဆုံးအခြေအနေ ပြောရလို့ရှိရင် ဖြစ်ပွားသူအားလုံး ကျွန်တော်တို့နိုင်ငံမှာ ၅၂၃၃၄၆ ယောက်ရှိပါတယ်။ ပျောက်ကင်းတဲ့သူက ၄၉၈၇၄၈ ယောက်ရှိပြီး သေဆုံးတဲ့သူက ၁၉၁၂၀ ယောက် ဖြစ်ပါတယ်။ ဖြစ်ပွားတဲ့နှုန်းက ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်ရှိပါတယ်။ နေ့စဉ်ပြောရလို့ရှိရင် အချို့လည်း ၃၀၀ လောက် ဆင်းသွားတဲ့ရက်တွေရှိသလို အချို့ရက်တွေမှာလည်း ၄၀၀ နဲ့ ၅၀၀ ကြားထဲမှာ ရှိနေပါတယ်။ ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်တော့ ဖြစ်ပွားမှုနှုန်းရှိနေပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့နိုင်ငံအတွက် ဘာပဲပြောပြော လက်ခံနိုင်တဲ့ အနေအထားရှိတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ပါတယ်။ ဒါတွေ ဒီလိုကျပြီဆိုပြီး ဝမ်းသာနေလို့မရဘူး။ အခု အိုမီခရွန်ဆိုပြီး ထပ်ဖြစ်နေတယ်။ အိန္ဒိယမှာပဲ မနေ့က နှစ်ယောက်တွေ့တယ်ဆိုပြီး Breaking News မှာ ကျွန်တော် တွေ့လိုက်တယ်။ နှစ်ယောက်ဖြစ်တယ်ဆိုပြီး တွေ့လိုက်ပါတယ်။ အိန္ဒိယမှာ ဖြစ်နေတာ။

**အထိခိုက်ခံလို့မဖြစ်**

အဲဒီတော့ အာရှနိုင်ငံတွေမှာလည်း ဒီ အိုမီခရွန်က ဖြစ်နေတာရှိတယ်။ သူက ကူးစက်မှုလည်း တော်တော်လေးမြန်တယ်။ ဖြစ်ပွားမှုလည်း ပြင်းထန်တယ် ဒီလိုပြောတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ပေါ့လို့တော့မရဘူးဆိုတာလေး ပြောချင်ပါတယ်။ ကျွန်တော်တို့က ကျောင်းတွေ ဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့ မတ်လကုန် ကျွန်တော်တို့ စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့လိုတယ်၊ ကျန်းကျန်းမာမာတက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့လိုတယ်။ သူတို့တင်မဟုတ်ဘူး။ ပညာရေးဝန်ထမ်းတွေလည်း ဒီအတိုင်းပဲ။ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ ဒါကို ကျွန်တော်တို့က တော်တော်ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ တော်တော်ဂရုစိုက်ရမှာ။ ပညာရေးက ချက်ချင်းပြီးသွားတာ မဟုတ်ဘူး။ ကျွန်တော်တို့က တောက်လျှောက်ကို စောင့်ရှောက်ပေးရမယ့်အနေအထားရှိတယ်။

စာမျက်နှာ ၄ သို့ »»»

☆ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်၍ရသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်စေရေး ဆောင်ရွက်သွားကြရန်လို

☆ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆေးပညာနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ လူမှန်နေရာမှန်ရှိစေရေး ဆောင်ရွက်ကြရန်လို

# ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ရေး၊ မြို့ပြများ စနစ်တကျရှိစေရေး၊ လမ်းများစနစ်တကျ ရှိစေရေး၊ ရေပေးဝေခြင်းများ စနစ်တကျ ဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်

»»» စာမျက်နှာ ၃ မှ
**Long Term သွားရတာ။ ဒါကြောင့် ဒါကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရော၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များကလည်းအလေးထားကြပ်မတ်ပေးပါလို့ ကျွန်တော် ပြောလိုပါတယ်”ဟု** ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ယနေ့အချိန်အထိ စုစုပေါင်း ဆေး Dose ၄၂၆၇၁၆၀၀ ရရှိခဲ့ပြီးဖြစ်ပြီး ထိုးနှံပြီးစီးမှုအနေဖြင့် ယခုလ ၂ ရက်နေ့အထိ ၂၉၂၁၄၉၈၀ Dose ထိုးနှံပြီးဖြစ်ကြောင်း၊ နှစ်ကြိမ်အပြည့် ထိုးနှံပြီးသူ ၁၂၀၄၈၀၀၅ ဦး၊ တစ်ကြိမ် ထိုးနှံပြီးသူ ၅၁၁၈၉၇၀ ဖြစ်ကြောင်း၊ ယခုလအတွင်း၌လည်း ရုရှားနိုင်ငံမှ လှူဒါန်းသည့် ဆေးဝါးများနှင့် ဝယ်ယူထားသည့် ကာကွယ်ဆေး အလုံးရေ တစ်သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်အတွင်း မျှော်မှန်းအုပ်စု၏ ၅၀ ရာခိုင်နှုန်း ထိုးနှံနိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်ရက်လျှင် ဆေးထိုးနှံမှုအနေဖြင့် နှစ်သိန်း ခုနစ်သောင်း ပတ်ဝန်းကျင်မှ သုံးသိန်းပတ်ဝန်းကျင်အထိ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးထိုးနှံမှုအရေအတွက် တိုးတက်စေရေး ထပ်မံကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးများ ထိုးနှံထားမည်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက် ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်ကြောင်း။

### ကြိုးပမ်းဆောင်ရွက်ကြရန်လို

စားရေရိက္ခာ ပေါများစေရေးနှင့် ဒေသအလိုက် ရိက္ခာဖူလုံမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥစားကြက် မွေးမြူရေး၊ နို့စားနွား၊ အသားစားနွားနှင့် ဝက်မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျသည့် မွေးမြူရေးဖြစ်စေရန် ဆောင်ရွက်ကြရန် လိုအပ်ပြီး ဒေသအလိုက် စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေး အထွက်နှုန်းများ နည်းပါးလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံအတွင်းဓာတ်မြေဩဇာများ လုံလောက်စွာရရှိနိုင်ရေးအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာပေး

**☆ စားရေရိက္ခာပေါများစေရေးနှင့် ဒေသအလိုက် ရိက္ခာဖူလုံမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လို၊ ဥစားကြက် မွေးမြူရေး၊ နို့စားနွား၊ အသားစားနွားနှင့် ဝက်မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို**

**☆ စနစ်ကျသည့် မွေးမြူရေးဖြစ်စေရန် ဆောင်ရွက်ကြရန်လိုအပ်ပြီး ဒေသအလိုက် စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်ဖြစ်**

**☆ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေးအထွက်နှုန်းများ နည်းပါးလျက်ရှိသည်ကိုတွေ့ရှိရ**

**☆ နိုင်ငံအတွင်းဓာတ်မြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**☆ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်သွားရန်လိုအပ်**

ဆောင်ရွက် သွားရန် လိုအပ်ကြောင်း၊ သဘာဝဓာတ်မြေဩဇာ များပြားစွာရရှိစေရေး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းတွင် ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်ရေးအတွက်လည်း စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်စိုက်ပျိုးရာသီအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရာတွင်လည်း မျိုးတူသည့် မျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း။

မြို့သာယာလှပရေးနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပြီးခဲ့သည့် မိုးတွင်းကာလများတွင် ရေကြီးရေလျှံမှုများ မရှိသလောက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအားလုံးကိုလည်း Green City၊ Clean City ဖြစ်စေရန် ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ရေး၊ မြို့ပြများ စနစ်တကျရှိစေရေး၊ လမ်းများစနစ်တကျရှိစေရေး၊ ရေပေးဝေခြင်းများ စနစ်တကျဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

### အခွန်များအပြည့်အဝရရှိမှုမရှိ

အစိုးရတစ်ရပ်အနေဖြင့် အခွန်ငွေများအပြည့်အဝရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန်အပါအဝင် အခွန်များအပြည့်အဝရရှိမှုမရှိကြောင်း၊ နယ်စပ်ဒေသများမှ ပြည်ပပို့ကုန် သွင်းကုန်များ၌ အခွန်ငွေကောက်ခံမှုများ စနစ်တကျမရှိမှုကြောင့် နိုင်ငံအတွက် နစ်နာမှုများ များစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်ခွန်များ အပြည့်အဝကောက်ခံနိုင်ရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေများ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေကောက်ခံမှုနှင့်ပတ်သက်သည့် မသမာမှုပြုလုပ်မှုများကို ဖော်ထုတ်ထိန်းသိမ်း၍ ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**☆ အစိုးရတစ်ရပ်အနေဖြင့် အခွန်ငွေများ အပြည့်အဝရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်**

**☆ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန်အပါအဝင် အခွန်များအပြည့်အဝရရှိမှုမရှိ၊ နယ်စပ်ဒေသများမှ ပြည်ပပို့ကုန် သွင်းကုန်များ၌ အခွန်ငွေကောက်ခံမှုများ စနစ်တကျမရှိမှုကြောင့် နိုင်ငံအတွက် နစ်နာမှုများ များစွာဖြစ်ပေါ်လျက်ရှိ**

**☆ နယ်စပ်ကုန်သွယ်ခွန်များ အပြည့်အဝ ကောက်ခံနိုင်ရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

**☆ အခွန်ငွေများအပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်ကြရန်လို၊ အခွန်ငွေကောက်ခံမှုနှင့်ပတ်သက်သည့် မသမာမှုပြုလုပ်မှုများကို ဖော်ထုတ်ထိန်းသိမ်း၍ ကြပ်မတ်ဆောင်ရွက်သွားကြရန်လို**

နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုနှင့်ပတ်သက်၍ လာမည့် ရွေးကောက်ပွဲမတိုင်မီ အချိန်အတွင်း နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားများ အဆင်ပြေစွာဖြင့် အမြန်ဆုံးပြုလုပ်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအား အခြားဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ နိုင်ငံသားဖြစ်ခွင့်ဖြစ်ထိုက်သူ အားလုံး မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

### ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားရုံးများနှင့် ရဲစခန်းများတွင် အမှုကိစ္စနှင့်ပတ်သက်သည့် ဖမ်းဆီးရမိ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ များပြားစွာရှိကြောင်း၊ အဆိုပါယာဉ်များမှာ အမှုကိစ္စ မပြီးပြတ်သေးသည့်အတွက် ကာလရှည်ကြာစွာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် အမှုကိစ္စများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်၍ လိုအပ်သည့်နေရာများတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ကြိုတင်တွက်ဆ၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနအလိုက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြုန်းတီးအင်အား ပြန်လည်ခန့်ထားခြင်းတို့အတွက် အရာထမ်း အမှုထမ်းများ အသစ်ခန့်အပ်ရခြင်းများရှိကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် ဌာနအတွက် အမှန်တကယ် အကျိုးရှိရန်နှင့် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ ရာထူးခန့်ထားရေးနှင့်ပတ်သက်ပြီး လျှော့ပေါ့စဉ်းစားပေးရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ တိကျသော မူဝါဒရှိရန်လိုကြောင်း၊ ရေရှည်အတွက် စနစ်တကျ စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ချီးမြှင့်သင့်သည်များကိုလည်း ချီးမြှင့်ပြီး အသိအမှတ်ပြုရန်လိုကြောင်း။

### စနစ်တကျ တင်ပြဆောင်ရွက်

ဝန်ကြီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဆောင်ရွက်ရန် လိုအပ်ပြီး အစီရင်ခံစာများကို စနစ်တကျ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ်များနှင့် ပတ်သက်၍လည်း အချို့ ဘဏ်ဝန်ထမ်းများအနေဖြင့် စည်းကမ်းဖောက်ဖျက်မှု၊ မသမာမှုများ ရှိနေသည်ကို သိရကြောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် စောင့်ကြည့်ကြပ်မတ်ရန် လိုအပ်သကဲ့သို့ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ မှန်မှန်ကန်ကန်ဖြစ်အောင် ကြပ်မတ်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး(PPP)၊ (BOT) စနစ်များသို့ ပြောင်းလဲ ဆောင်ရွက်ခဲ့ကြောင်း၊ မည်သို့ဆောင်ရွက်သည်ဖြစ်စေ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ဝန်ကြီးဌာနအားလုံး အနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့်မှ သေချာစွာစဉ်းစားဆုံးဖြတ်ပြီး သက်ဆိုင်ရာ ကော်မတီသို့ တင်ပြဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖

# နည်းပညာအရ နောက်ကျမှု ရှိနေသေး

**နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များကို ကြည့်ရှုစဉ်။

❍ ကျောဖုံးမှ

တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ကြိုးပမ်းဆောင်ရွက်ခဲ့

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကျင်းပလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် မသန်စွမ်းသူများ၏ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် လူသားတိုင်း ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၄၇/၃)အရ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ၁၉၉၂ ခုနှစ်မှစတင်၍ ဂုဏ်ပြုသတ်မှတ်ကျင်းပခဲ့ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ၂၈ ကြိမ် ရှိပြီဖြစ်ပါကြောင်း။

### ဦးတည်ချက်ဆောင်ပုဒ်

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ချမှတ်ပေးသည့် ဦးတည်ချက်ဆောင်ပုဒ်မှာ "အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင် ကြိုးစားပေး" (Leadership and participation of persons with disabilities toward an inclusive, accessible and sustainable post-COVID-19 world) ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်၊ လူ့အခွင့်အရေး အများနည်းတူရရှိခံစားပိုင်ခွင့်နှင့် မသန်စွမ်းသူများကြုံတွေ့နေရသည့် မညီမျှမှုများ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅) ကိုလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများ(၂၀၁၇)ကိုလည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

### ချမှတ်နိုင်ခဲ့

ယင်းဥပဒေ၊ နည်းဥပဒေတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့်ကော်မတီတစ်ရပ်နှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပြီး အစည်းအဝေးများကျင်းပခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးများတွင် မသန်စွမ်းသူများ၏ ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေး၊ ဥပဒေပိုင်းဆိုင်ရာနှင့် အခြေခံလိုအပ်ချက် အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ၊ လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကြုံတွေ့နေရသည့် အချိန်ကာလတွင် ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်အရ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနှင့်အညီ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် ငွေကြေးထောက်ပံ့မှု ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် အုပ်စုအလိုက် ဦးစားပေးထိုးနှံရမည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာတွင်လည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစတင်၍ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများအတွက် အစီအစဉ်များကို ထပ်မံထည့်သွင်း၍ ဦးစားပေးထိုးနှံပေးလျက်ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း မသန်စွမ်းသူများ ရင်ဆိုင်ခံစားနေရသည့် အတွေ့အကြုံများအပေါ်မူတည်ပြီး မသန်စွမ်းသူများအကျုံးဝင် ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်တို့ကို စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာအကဲခတ်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

### စုပေါင်းအားဖြင့် လက်တွဲဆောင်ရွက်

ထို့ကြောင့် "အားလုံးအကျုံးဝင် လက်လှမ်းမီပြီး ရေရှည်တည်တံ့သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာဖြစ်ပေါ်ရေး မသန်စွမ်းသူများ ဦးဆောင်ပါဝင်ကြိုးစားပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကိုဗစ်-၁၉ အား ရင်ဆိုင်တုံ့ပြန်ရာတွင် လည်းကောင်း၊ ကိုဗစ်-၁၉ အလွန် လူသားအားလုံးအတွက် ပိုမို သာယာလှပသည့် အနာဂတ်ကမ္ဘာဖန်တီး တည်ဆောက်ရာတွင် လည်းကောင်း၊ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများအရေးလှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ရင်းနှီးချစ်ကြည်စွာ လက်တွဲ၍ စုပေါင်းအားဖြင့် လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ပြိုင်ပွဲများ၌ ဆုရရှိကြသူများ၏ အမည်စာရင်းများကို ကြေညာသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များနှင့် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကြုံတွေ့နေရသည့် အချိန်ကာလတွင် ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်အရ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနှင့်အညီ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀,၀၀၀ နှုန်းဖြင့် ငွေကြေးထောက်ပံ့မှုပေးခဲ့၊ ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် အုပ်စုအလိုက် ဦးစားပေးထိုးနှံရမည့် အစီအစဉ်များဖြင့် ဆောင်ရွက်ခဲ့ရာတွင်လည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစတင်၍ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုများအတွက် အစီအစဉ်များကို ထပ်မံထည့်သွင်း၍ ဦးစားပေးထိုးနှံပေးလျက်ရှိ**

# Global Centre for Responsibility to Protect အဖွဲ့၏ အပတ်စဉ်ထုတ်စာစောင်ပါ မြန်မာ့အရေးဆောင်းပါးအပေါ် မြန်မာပြည်သူတစ်ဦး၏တုံ့ပြန်ချက်

**ဇစ်တာ(ကေတုမတီ)**

**Global Centre for Responsibility to Protect (GCR2P) အဖွဲ့ရဲ့ အပတ်စဉ်ထုတ် Atrocity Alert (ရက်စက်ယုတ်မာမှုများအသိပေးချက်) စာစောင်အမှတ် ၂၇၈ မှာ “UN Gravely Concerned as Violence Intensifies in Myanmar” ခေါင်းစဉ်နဲ့ သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။ GCR2P ဆိုတာ Responsibility to Protect (R2P) ကို ထောက်ခံတဲ့နိုင်ငံတွေနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပြီးတော့ အင်အားကြီးနိုင်ငံတွေရဲ့ လိုလားချက်တွေကို အကောင်အထည်ဖော်ဖို့ရာ လိုအပ်တဲ့အကြောင်းအချက်တွေ၊ အပြစ်အနာအဆာတွေကို ရှာပေးနေတဲ့အဖွဲ့ဖြစ်တယ်။ ကုလသမဂ္ဂမူဘောင်အောက်မှာ ဖွဲ့စည်းထားတဲ့အဖွဲ့မဟုတ်ပေမယ့်လည်း မြန်မာနိုင်ငံအပေါ် သတိထားစောင့်ကြည့်နေတဲ့အဖွဲ့ဖြစ်လို့ လျစ်လျူရှုထားလို့မရတဲ့အဖွဲ့ပါ။ ၎င်းဆောင်းပါးမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး မဟုတ်မမှန်ဖော်ပြခဲ့တာတွေကို ဖတ်လိုက်ရတော့ မြန်မာပြည်သူတစ်ယောက်အနေနဲ့ အမှန်ကိုတုံ့ပြန်လိုစိတ်တွေ ဖြစ်ပေါ်လာမိတယ်။**


Atrocity Alert No. 278: Myanmar (Burma), Niger and Sudan

10 November 2021 | ATROCITY ALERT

Atrocity Alert is a weekly publication by the Global Centre for the Responsibility to Protect highlighting situations where populations are at risk of, or are enduring, mass atrocity crimes.

UN 'GRAVELY CONCERNED' AS VIOLENCE INTENSIFIES IN MYANMAR

Monday, 8 November, marked the one-year anniversary of the general election victory for Myanmar's (Burma) ruling party, the National League for Democracy (NLD), which comprehensively defeated the military-backed Union Solidarity and Development Party. This was the second democratic election held since Myanmar's transition to civilian rule began in 2011. Myanmar's military - the Tatmadaw - launched

၂၀၂၀ ရွေးကောက်ပွဲကနေ အစပျိုးလာတဲ့ ပြည်တွင်းမတည်ငြိမ်မှုတွေမှာ ပြည်တွင်းက ကျင့်ဝတ်ပျက်မီဒီယာအချို့နဲ့ ပြည်ပမီဒီယာတွေရဲ့ လိုရာဆွဲရေး မမှန်သတင်းဖြန့်မှုတွေကြောင့် နိုင်ငံတကာမှာ အထင်အမြင်လွဲမှားတာတွေဖြစ်နေသလို ပြည်တွင်းမှာလည်း ဂယက်ရိုက်ခတ်တာတွေ အများအပြားရှိနေတယ်ဆိုတာ အားလုံးအသိပဲ။ မြေပြင်အခြေအနေတွေနဲ့ ပြည်ပနိုင်ငံတွေ သိထားကြားထားတဲ့ ဖြစ်ရပ်တွေက တက်တက်စင်အောင် လွဲမှားနေလေတော့ ဒီအခြေအနေတွေကို လျစ်လျူရှုထားဖို့ မဖြစ်နိုင်တော့ပါဘူး။

### သူတို့ပြောတဲ့ ၂၀၂၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ပြောချင်မိတာလေး

၂၀၂၀ ရွေးကောက်ပွဲဟာ ၂၀၁၀၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနဲ့ မတူတာကိုတော့ အားလုံးသတိထားမိကြမယ်ထင်တယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ပွားခဲ့တယ်ဆိုပြီး အတိုက်အခံပါတီတွေနဲ့ ကိုယ်စားလှယ်လောင်းတွေက NLD ပါတီဦးဆောင်တဲ့အစိုးရက ခန့်အပ်ထားတဲ့ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွေအပေါ် ထောင်နဲ့ချီတဲ့ ကန့်ကွက်စာတွေပို့ခဲ့ကြတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်စာ ၁၇၄ စောင် ပေးပို့ခဲ့တယ်။ ရွေးကောက်ပွဲအကြိုမဲဆွယ်ကာလနဲ့ ကြိုတင်မဲပေးကာလတွေမှာကတည်းက ရွေးကောက်ပွဲဥပဒေချိုးဖောက်မှုတွေရှိတယ်ဆိုပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲတွေကို ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) ပါတီက ကန့်ကွက်စာပို့ခဲ့တာတွေလည်း ရှိတယ်။ ရွေးကောက်ပွဲကော်မရှင်ကတော့ တရားဝင်ကန့်ကွက်စာပို့လာတဲ့အပေါ်မှာ ဘာတုံ့ပြန်ချက်မှ မပေးဘဲ နှုတ်ဆိတ်ပြီး ရွှေအ လုပ်နေခဲ့တယ်လေ။ ရွေးကောက်ပွဲကျင်းပပြီး နှစ်ရက်အကြာ နိုဝင်ဘာလ ၁၀ ရက်ကစလို့ ဇန်နဝါရီလ ၂၉ ရက်အထိ ကာလအတွင်းမှာလည်း ရွေးကောက်ပွဲကော်မရှင်ကို မြို့နယ်ပေါင်း ၉၉ ခုမှာ ဆန္ဒပြမှု ၁၂၄ ခု ဖြစ်ပွားနေခဲ့တယ်။

တစ်ဖက်မှာ ၂၀၁၀ နဲ့ ၂၀၁၅ ရွေးကောက်ပွဲတွေကို ပြန်ကြည့်မယ်ဆိုရင် ဦးသိန်းစိုးနဲ့ ဦးတင်အေးတို့ဦးဆောင်တဲ့ ရွေးကောက်ပွဲကော်မရှင် တာဝန်ယူဆောင်ရွက်ခဲ့ချိန်က ကြီးကြီးမားမားအငြင်းပွားဖွယ်မဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့အချက်အလက်အချို့ လွဲမှားတာလေးတွေရှိခဲ့ပေမယ့် ထိုအချိန်က ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူတွေက ဥပဒေမူဘောင်အတွင်းကနေပဲ ဖြေရှင်းခဲ့ကြတယ်၊ ပြည်သူကို ပွင့်ပွင့်လင်းလင်း ချပြကြေညာတာတွေကို တွေ့ရတယ်။ ရွေးကောက်ပွဲမစမီကတည်းကလည်း လေ့လာစောင့်ကြည့်သူတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ရွေးကောက်ပွဲစောင့်ကြည့်ဖို့ ကြိုတင်ဖိတ်ကြားထားခဲ့တာကို တွေ့ရမယ်။ ဒါပေမဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ ရွေးကောက်ပွဲကော်မရှင်ကရော၊ NLD ဦးဆောင်တဲ့အစိုးရကရော မည်သည့်ရှင်းလင်းထုတ်ပြန်မှုမျှ မလုပ်သလို မည်သည့်တုံ့ပြန်မှုမျှလည်း မလုပ်ခဲ့ဘူး။ စောင့်ကြည့်လေ့လာသူတွေလည်း မထားရှိခဲ့ဘူး။ ရွေးကောက်ပွဲတစ်ခု အောင်မြင်စွာပြီးဆုံးတယ်ဆိုတာ သမာသမတ်ရှိရမယ်၊ ပွင့်လင်းမြင်သာမှုရှိရမယ်၊ လွတ်လပ်ပြီးမျှတမှုရှိရမယ်။ တချို့ကိုယ်စားလှယ်လောင်းတွေ သူတို့ထည့်ခဲ့တဲ့မဲတွေကိုတောင် သူတို့ပြန်မရခဲ့တာတွေရှိတယ်။ ဒါမျိုးတွေက ဘယ်လိုမှလျစ်လျူရှုလို့မရတဲ့အချက်တွေဖြစ်တယ်။

### တပ်မတော်ပါဝင်လာရတယ်ဆိုတာက

မဲမသမာမှုနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးမှာ ဆန္ဒပြမှုတွေဖြစ်လာတဲ့အခါ တပ်မတော်ဘက်ကလည်း မဲမသမာမှုနဲ့ပတ်သက်ပြီး စစ်ဆေးပေးဖို့ ရွေးကောက်ပွဲကော်မရှင်ကို အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်။ သတင်းစာရှင်းလင်းပွဲတွေ လုပ်ခဲ့တယ်။ နိုဝင်ဘာ ၂ ရက်မှာတော့ မဲစာရင်းတွေပြန်စစ်ဆေးပေးဖို့၊ ဒီဇင်ဘာ ၁၀ ရက်မှာ မဲစာရင်းတွေ ကူးယူခွင့်ပြုဖို့ တောင်းဆိုခဲ့တာတွေရှိတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲကော်မရှင်ဘက်က တုံ့ပြန်မှုမလုပ်ခဲ့သလို မဲစာရင်းကူးယူခွင့်ကိုလည်း မပေးခဲ့ဘူး။ မိမိတို့နိုင်ငံဟာ ဒီမိုကရေစီမရင့်ကျက်သေးတဲ့နိုင်ငံဖြစ်လို့ မဲစာရင်းမှားယွင်းမှုတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုပေမယ့် ယခုဖြစ်ခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာတော့ စနစ်တကျရည်ရွယ်ပြီးလုပ်ထားတယ်ဆိုတာကို တွေ့မြင်နေရတယ်။ ဒါကြောင့် တပ်မတော်ဘက်ကလည်း ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ်ပေါင်း ၃၁၅ ခုက မဲစာရင်းတွေကို ရနိုင်သမျှ ကူးယူခဲ့ပြီး မဲစာရင်းမှားယွင်းမှု၊ မဲမသမာမှုတွေကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ ရက်ကနေ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ထုတ်ပြန်ရှင်းလင်းမှု ခြောက်ကြိမ်ပြုလုပ်ခဲ့တယ်။ ဒါ့အပြင် မဲစာရင်းစစ်ဆေးပေးဖို့ တပ်မတော်နဲ့ ပါတီပေါင်းစုံက အကြိမ်ကြိမ်တောင်းဆိုခဲ့တာကို NLD ပါတီအနေနဲ့ လျစ်လျူရှုခဲ့ပြီး အစိုးရဖွဲ့စည်းနိုင်ဖို့ ဆက်လက်ဆောင်ရွက်ခဲ့တဲ့အပြင် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ခေါ်ယူပေးဖို့ တပ်မတော်ဘက်က နှစ်ကြိမ်တောင်းဆိုခဲ့တာကို လျစ်လျူရှုခဲ့တာကြောင့် ပြည်တွင်းဆန္ဒပြမှုတွေ ဖြစ်လာပြီးနောက်ပိုင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ ယာယီသမ္မတ ဦးမြင့်ဆွေက နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာခဲ့ပြီး လိုအပ်သလို အရေးယူဆောင်ရွက်ဖို့ တပ်မတော်ကို တာဝန်လွှဲအပ်ခဲ့ရတဲ့အခြေအနေကို ရောက်လာတယ်။ NLD အနေနဲ့ နိုင်ငံတော်အာဏာကို မသမာတဲ့နည်းနဲ့ ရယူဖို့ ကြိုးစားခဲ့တာ မအောင်မြင်ခဲ့ဘဲ မဲမသမာမှုလုပ်ခဲ့တာ လူမိလေတော့ ရှက်ရမ်းရမ်းပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင်၊ ဆူပူမှုတွေဖြစ်အောင်၊ မင်းမဲ့တိုင်းပြည် ဆန်ဆန်ဖြစ်အောင်လုပ်ပြီး ဇာတ်လမ်းတွေဆင်ပါလေတော့တယ်။ NLD ပါတီရဲ့ နိုင်ငံရေးလုပ်စားလာတဲ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း အနောက်နိုင်ငံတွေရဲ့ ကြိုးဆွဲရာကခဲ့တာတွေကို တွေ့ရပါလိမ့်မယ်၊ အတိုက်အခံလုပ်လာတဲ့ သက်တမ်းတစ်လျှောက်မှာလည်း နိုင်ငံ့ကောင်းကျိုးမှန်သမျှကို တားဆီးဖို့ လက်မနှေးခဲ့သလို အစိုးရတာဝန်ယူခဲ့တဲ့ကာလအတွင်းမှာလည်း နိုင်ငံ့အတွက်ဆိုတာထက် တစ်ပါတီကောင်းစားရေးကိုသာ ဦးတည်လုပ်ဆောင်ခဲ့တာကို တွေ့ရလိမ့်မယ်။ စက်ဆုပ်ရွံရှာစရာတွေပါပဲ။

တပ်မတော်အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀(စ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ဖို့ရာ အဓိကကျတဲ့အဖွဲ့ဖြစ်ပြီး နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ လွှဲယူခဲ့ရပြီးနောက်ပိုင်း မဲမသမာမှုတွေကို ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ မဲပေးခွင့်ရှိသူ **၃၈ ဒသမ ၂ သန်းကျော်**အနက် မဲမသမာမှု **၁၁ သန်းကျော်** (၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရတယ်။

ကျွန်တော်တို့ မမေ့သင့်တဲ့အချက်က ဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်ကိုယ်တိုင်က လိုလိုလားလားနဲ့ အစပြုဖောက်လုပ်ပေးခဲ့တယ်ဆိုတာပဲ။ နိုင်ငံတကာမှာ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ဖို့ အသက်သွေးပေါင်းများစွာ စတေးကြရတာကို တွေ့ရပါလိမ့်မယ်။ မြန်မာနိုင်ငံဒီမိုကရေစီ အကူးအပြောင်းမှာတော့ ညင်ညင်သာသာနဲ့ ကူးပြောင်းနိုင်ခဲ့လို့ ကမ္ဘာ့နိုင်ငံတွေကတောင် ချီးကျူးခဲ့ကြရတယ်။ ဒါကြောင့် တပ်မတော်က ဘာကြောင့်အာဏာပြန်သိမ်းရမှာလဲ။ တပ်မတော်အနေနဲ့က နိုင်ငံရဲ့ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြောင့်ဖြူးဖြူးဖြစ်ဖို့နဲ့ အခြေခံဥပဒေကို အသက်ပေးကာကွယ် စောင့်ရှောက်နေတာသာ ဖြစ်တယ်ဆိုတာကို လုံးဝမမေ့သင့်ပါဘူး။

### ဆူပူဆန္ဒပြမှုများမှသည် အကြမ်းဖက်မှုများဆီသို့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က စတင်တာဝန်ယူခဲ့ပြီးနောက်ပိုင်း သုံးရက်မြောက်ကစလို့ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒဖော်ထုတ်မှုတွေသာ ရှိခဲ့တယ်။ နောက်ပိုင်းမှာတော့ ဆန္ဒပြမှုအဆင့်ကနေ ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့ဖျက်ဆီးမှု၊ လုယက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုတွေနဲ့ မင်းမဲ့စရိုက်အခြေအနေတွေဖြစ်လာတယ်။ နိုင်ငံတကာမှာလည်း ဒီလိုမျိုးအလားတူဆန္ဒပြမှုတွေ ဖြစ်လာရင် ကိုင်တွယ်ဖြေရှင်းတဲ့နည်းလမ်းတွေ ရှိတယ်။ မိမိတို့နိုင်ငံထက် အများကြီးပိုမိုပြင်းထန်တာကိုလည်း တွေ့ရပါလိမ့်မယ်။ ဒီလို ဆူပူမှုဖြစ်နေတဲ့အချိန်မှာ ပွဲလန့်တုန်းဖျာခင်းတဲ့ EAOs အချို့က တပ်မတော်စခန်းတွေနဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့စခန်းအချို့ကို တိုက်ခိုက်လာခဲ့တယ်။ ဒါတွေဟာ နိုင်ငံရေးခံယူချက်ကြောင့်မဟုတ်ဘဲ နောက်ကွယ်က ပြည်ပနိုင်ငံတွေရဲ့ထောက်ပံ့မှုရယ်၊ ပြည်တွင်းမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး ၎င်းတို့အကျိုးအတွက် အမြတ်ထုတ်တာရယ်ကြောင့်ဆိုပြီး ရှင်းရှင်းလင်းလင်းသိနိုင်ပါတယ်။

**စာမျက်နှာ ၇ သို့** ✻

**ကျွန်တော်တို့ မမေ့သင့်တဲ့အချက်က ဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်ကိုယ်တိုင်က လိုလိုလားလားနဲ့ အစပြုဖောက်လုပ်ပေးခဲ့တယ်ဆိုတာပဲ။ နိုင်ငံတကာမှာ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ဖို့ အသက်သွေးပေါင်းများစွာ စတေးကြရတာကို တွေ့ရပါလိမ့်မယ်။ မြန်မာနိုင်ငံဒီမိုကရေစီ အကူးအပြောင်းမှာတော့ ညင်ညင်သာသာနဲ့ ကူးပြောင်းနိုင်ခဲ့လို့ ကမ္ဘာ့နိုင်ငံတွေကတောင် ချီးကျူးခဲ့ကြရတယ်။ ဒါကြောင့် တပ်မတော်က ဘာကြောင့်အာဏာပြန်သိမ်းရမှာလဲ။ တပ်မတော်အနေနဲ့က နိုင်ငံရဲ့ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြောင့်ဖြူးဖြူးဖြစ်ဖို့နဲ့ အခြေခံဥပဒေကို အသက်ပေးကာကွယ် စောင့်ရှောက်နေတာသာဖြစ်တယ်ဆိုတာကို လုံးဝမမေ့သင့်ပါဘူး**

❋ စာမျက်နှာ ၆ မှ

ဒီအခြေအနေတွေအပေါ်မှာ တပ်မတော်ဘက်ကလည်း ထိန်းသိမ်းဆောင်ရွက်နေပေမယ့် မကောင်းမြင်ချင်စိတ်ရှိတဲ့သူတွေကတော့ မကောင်းမြင်နေကြတာပါပဲ။ နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းလို့ခေါ်တဲ့ (Assistant Association for Political Prisioners– AAPP) ရဲ့အချက်အလက်တွေအရ အာဏာထိန်းသိမ်းမှုကို ဆန့်ကျင်လို့ လူ ၁၂၀၀ ကျော် သေဆုံးပြီး ၇၀၀၀ ကျော် အဖမ်းခံထားရတယ်လို့ ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီး မစ္စမီချဲဘားချလတ်က ပြောဆိုခဲ့တယ်။ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်အန်ဒရူးကလည်း တပ်မတော်ရဲ့ကျူးလွန်မှုတွေက လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ရာဇဝတ်မှုနဲ့ စစ်ရာဇဝတ်မှုမြောက်တယ်လို့ ယူဆရကြောင်းပြောခဲ့ပြီး မြန်မာနိုင်ငံကို ချောက်ကမ်းပါးဆီ တွန်းပို့လာကြတာကို တွေ့ရတယ်။ ဒီလိုအဖွဲ့အစည်းတွေက NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုတော့ လျစ်လျူရှုပြီး တစ်ဖက်စောင်းနင်းပြောလာတာကို တွေ့ရတော့ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီးပြင်းလာတဲ့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီပြောဆိုစွပ်စွဲချက်တွေအပေါ်မှာ လုံးဝခံပြင်းဒေါသထွက်မိပါတယ်။

တပ်မတော်ဘက်ကတော့ စတင်တာဝန်ယူပြီးနောက်ပိုင်း ရှေ့လုပ်ငန်းစဉ်(၅) ရပ် ချမှတ်ပြီး မဲစာရင်းကိစ္စ၊ ကိုဗစ်–၁၉ ကပ်ရောဂါထိန်းချုပ်ရေး၊ ကိုဗစ်ကြောင့် ကျဆင်းလာတဲ့ နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်ဖို့၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်ဖို့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့၊ ဒီမိုကရေစီစံနှုန်းနဲ့အညီ နိုင်ငံတော်အာဏာကို ပြန်လည်လွှဲအပ်နိုင်ဖို့ နေ့မနားညမအား ကြိုးပမ်းနေကြတယ်။ ဒ့ါအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ် ချမှတ်ပြီးတော့လည်း ကြိုးပမ်းအကောင်အထည်ဖော်နေကြတယ်။

ဒါပေမဲ့လည်း တပ်မတော်ရဲ့မဲစာရင်းစိစစ်ပေးဖို့ တောင်းဆိုခဲ့တာတွေ၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့တာတွေ၊ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီခေါ်ယူပေးဖို့ တင်ပြခဲ့တာတွေ၊ ဆန္ဒပြမှုတွေကို ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့တာတွေကို လုံးဝလျစ်လျူရှုပြီး တစ်ပါတီအကျိုးအတွက်သာကြည့် ဆန့်ကျင်ဆန္ဒပြမှုတွေကနေ မင်းမဲ့စရိုက်ဆန်ဆန်အခြေအနေတွေ ဖြစ်လာခဲ့တယ်။ တပ်မတော်ကတော့ ဒီအခြေအနေတွေကို အဆင့်ဆင့်ထိန်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမဲ့ NLD ပါတီဝင်အချို့က ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ဖွဲ့စည်းပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်အောင် အွန်လိုင်းပေါ်ကနေ သွေးထိုးပေးရာကနေ နောက်ဆုံးမှာ စင်ပြိုင်အစိုးရ NUG နဲ့ PDF အကြမ်းဖက်တပ်ဖွဲ့တွေဖွဲ့စည်းလို့ နိုင်ငံကိုမတည်မငြိမ်ဖြစ်ပြီး ပြိုကွဲဖို့အရေး ဦးတည်လာခဲ့လေတယ်။ PDF တွေကလည်း နိုင်ငံရေးအကြောင်းပြလို့ အကြမ်းဖက်လုပ်ရပ်တွေကို ခပ်စိပ်စိပ်လုပ်ဆောင်လာကြတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ကိုးကွယ်ဆည်းကပ်ရာ ရဟန်းသံဃာတော်တွေ၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေ၊ နိုင်ငံ့ဝန်ထမ်းကောင်းတွေနဲ့ အေးချမ်းစွာနေထိုင်ကြတဲ့ ပြည်သူတွေရဲ့ စီးပွားရေးအဆောက်အအုံတွေ၊ နေအိမ်တွေ၊ နိုင်ငံပိုင်အဆောက်အအုံတွေ၊ လမ်း၊ တံတားတွေကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်သမားတွေက မိုင်းထောင်၊ မီးရှို့ဖျက်ဆီးလာကြတဲ့အတွက် နိုင်ငံတော်အနေနဲ့လည်း ၎င်းတို့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် မေလ ၈ ရက်မှာ ကြေညာခဲ့ရတယ်။ ပြည်သူတွေကလည်း PDF ရဲ့ မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်တွေကို သိလာကြပေမယ့် NLD ပါတီတစ်ဖက်တည်းကို မျက်စိမှိတ်ထောက်ခံပြီး CRPH၊ NUG၊ PDF တို့ရဲ့ အွန်လိုင်းပေါ်က တင်သမျှကို အဟုတ်ထင်နေကြတဲ့ တစ်ယူသန်တွေနဲ့ ထိပ်တိုက်မတွေ့လိုကြဘူး။ ပိုဆိုးတာက ဘက်မလိုက်သူ (ကြားနေ) မှန်သမျှကို ခြိမ်းခြောက်သတ်ဖြတ်လာတာ၊ Non Combatant Civilian အရပ်သားတွေအပေါ်မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်လာတာပဲဖြစ်တယ်။

CRPH၊ NUG၊ PDF ရဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ **လမ်း/တံတား** ၃၉၇ ခု၊ **ဆေးရုံ/ ဆေးခန်း** ၂၅ ခု၊ **စာသင်ကျောင်း** ၄၄၄ ကျောင်း၊ **ဈေး** ၁၀ ခု၊ **နိုင်ငံပိုင်ဘဏ်** ၂၆ ခု၊ **ပုဂ္ဂလိကဘဏ်** ၄၁ ခု ဖောက်ခွဲဖျက်ဆီးခံခဲ့ရပြီး **ရဟန်းသံဃာ** သေဆုံး ၁၂ ပါး၊ ဒဏ်ရာရ ၁၃ ပါး၊ **အစိုးရဝန်ထမ်း** သေဆုံး ၃၈ ဦး၊ ဒဏ်ရာရ ၇၈ ဦး၊ **ကျန်းမာရေးဝန်ထမ်း** သေဆုံး သုံးဦး၊ ဒဏ်ရာရ ရှစ်ဦး၊ **ပညာရေးဝန်ထမ်း** သေဆုံး ၁၂ ဦး၊ ဒဏ်ရာရ ၁၅ ဦး၊ **ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်** သေဆုံး ၁၉၈ ဦး၊ ဒဏ်ရာရ ၁၄၈ ဦး၊ **အပြစ်မဲ့အရပ်သား** သေဆုံး ၆၀၀ ကျော်ရှိခဲ့တယ်။ ဒီအချက်အလက်တွေကို နိုင်ငံပိုင်သတင်းစာတွေမှာ နေ့စဉ်နဲ့အမျှ ဖော်ပြပေးနေသလို ကမ္ဘာ့ကုလသမဂ္ဂထံတင်သွင်းခဲ့တဲ့ ရှင်းလင်းချက်စာတမ်းတွေမှာလည်း အထောက်အထား အချက်အလက်အတိအကျနဲ့ ဖော်ပြခဲ့တယ်။ အလားတူ နိုင်ငံတကာဆွေးနွေးပွဲတွေမှာလည်း မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေကို ကြုံတိုင်းပြောပြပေးနေလေတော့ အာဆီယံအစည်းအဝေးတို့၊ ကမ္ဘာလုံးဆိုင်ရာအစည်းအဝေးတွေမှာ နိုင်ငံတကာရဲ့လေသံတွေက ပျော့ပျောင်းတဲ့ဘက်ဆီ ယိမ်းလာတာကို တွေ့ရမှာပါ။ အချိန်တန်ရင်တော့ ဖားကဖားငါးကငါး ဖြစ်လာမှာပါ။ အွန်လိုင်းက ဝါဒဖြန့်နေတာကလည်း အချိန်တန်တော့ အမှားအမှန်ကွဲပြားသွားမှာပါ။ အခုတောင် PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို စိတ်ပျက်လာတဲ့ပြည်သူတွေ တဖြည်းဖြည်းများလာတာကို မြင်တွေ့ရမှာပါ။ မကောင်းမှုဆိုတာ ကြာရှည်မခံပါဘူး။ မြန်မာနိုင်ငံသားမှန်ရင် ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံကို ချောက်ထဲဆွဲချမယ့်အရေးတော့







လက်ပိုက်ကြည့်နိုင်မှာမဟုတ်ပါဘူး။ ခဏတာ သတင်းမှားတွေ၊ ပါတီစွဲတွေ အမှောင်ဖုံးနေတာလေးတွေကနေလာရင်နှင်းကွဲသွားမှာပါ။ အခိုက်အတန့်ပါပဲ။

## ပြည်သူတွေဘေးကင်းဖို့အရေး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေး

နိုင်ငံတော်တာဝန် လွှဲပြောင်းရယူပြီးနောက်ပိုင်းမှာ ကိုဗစ်ရောဂါကူးစက်မှုအခြေအနေတွေကို ထိန်းချုပ်ရတာတစ်ဖက်၊ နိုင်ငံရေးမတည်ငြိမ်တာကို ထိန်းသိမ်းရတာတစ်ဖက်၊ အကြမ်းဖက်အဖွဲ့ကို နှိမ်နင်းရတာတစ်ဖက်၊ အခွင့်ကောင်းယူဖို့ စောင့်နေကြတဲ့တိုင်းရင်းသားလက်နက်ကိုင်တွေကို ကိုင်တွယ်ရတာတစ်ဖက်နဲ့ နေ့မနားညမအား အလုပ်လုပ်နေကြတာကို နေ့စဉ်သတင်းစာတွေ၊ ရုပ်သံသတင်းထုတ်လွှင့်မှုတွေ ကြည့်ရင်သိနိုင်ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာလည်း ကိုဗစ်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောထားပါတယ်။ နေ့စဉ်လည်း ကိုဗစ်ရောဂါစစ်ဆေးမှု၊ ပိုးတွေ့ရှိမှု၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေတွေကို စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးနေတာကို တွေ့ရမှာပါ။ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာအရ ကိုဗစ်ရောဂါ **ဓာတ်ခွဲနမူနာစုစုပေါင်း** ၅၅၈၃၉၀၈ ခု စစ်ဆေးခဲ့ပြီး **အတည်ပြုလူနာ** စုစုပေါင်း ၅၂၂၄၀၂ ဦး ရှိပြီဖြစ်ပါတယ်။ အဲဒီအထဲမှာ **သေဆုံး** ၁၉၁၀၄ ဦး၊ **ဆေးရုံပြန်ဆင်းခွင့်ရရှိသူ** ၄၉၇၂၄၉ ဦး ရှိပြီဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှုအနေနဲ့လည်း နိုဝင်ဘာလ ၂၇ ရက်အထိ **ပထမအကြိမ်ထိုးနှံပြီးစီးသူ** ၄၈၇၀၂၁၉ ဦး၊ **ဒုတိယအကြိမ်ထိုးနှံပြီးစီးသူ** ၁၁၆၁၅၀၉၆ ဦး ရှိပြီဖြစ်ပါတယ်။ ဒါကြောင့် **ဆေးထိုးနှံမှုအကြိမ်ရေစုစုပေါင်း** ၂၈၁၀၀၄၁၁ ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ကိုဗစ်ရောဂါကာကွယ်ရေး အသိပေးနှိုးဆော်ချက်တွေကိုလည်း မပြတ်လုပ်ဆောင်နေခဲ့တာကို တွေ့ရမှာပါ။ ဒါတွေဟာ မြန်မာနိုင်ငံသားတွေ ကောင်းကျိုးအတွက် ပြည်ပသွေးထိုးမှုတွေနဲ့ အကြမ်းဖက် အနှောင့်အယှက်တွေကြားထဲကနေ ကြိုးပမ်းခဲ့တဲ့စေတနာတွေဆိုတာ မြင်ရပါလိမ့်မယ်။

## စစ်ရာဇဝတ်မှုမြောက်ကြောင်း စွပ်စွဲမှုနဲ့ပတ်သက်လို့

တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ရာမှာ အာဏာထိန်းမှုကို ဆန့်ကျင်တဲ့အနေနဲ့ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ အကြမ်းဖက်မှုတွေ ပိုမိုမြင့်တက်လာနေတယ်၊ တပ်မတော်ဘက်က PDFတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို တိုက်ခိုက်ရာမှာ အရပ်သားတွေကို လူသားတံတိုင်းအဖြစ် အသုံးချနေတယ်၊ အဆောက်အအုံတွေ ဖျက်ဆီးနေတယ်၊ ဒါတွေဟာ စစ်ရာဇဝတ်မှုမြောက်ပါတယ်လို့ **GCR2P** ရဲ့ အပတ်စဉ်ထုတ်ဆောင်းပါးမှာ ဖော်ပြခဲ့တာနဲ့ပတ်သက်ပြီးလည်း ပြောချင်ပါတယ်။

NUG၊ PDF ရဲ့ မင်းမဲ့စရိုက်ဆန်ဆန် မီးရှို့၊ လူသတ်၊ မိုင်းခွဲဖျက်ဆီးမှုတွေက တော်လှန်ရေးလုပ်နေတာဆိုတဲ့ခေါင်းစဉ်အောက်မှာ ဘာလုပ်လုပ်မှန်ကန်တဲ့လုပ်ရပ်ဖြစ်သွားပြီလား၊ စစ်ရာဇဝတ်မှုမမြောက်တော့ဘူးလား၊ တကယ်တော့ အကြမ်းဖက်မှုက အကြမ်းဖက်မှုပါပဲ၊ ဘယ်လိုပဲ ခေါင်းစဉ်တပ်ပါစေ ဆင်သေကို ဆိတ်သားရေနဲ့ဖုံးလို့မရပါဘူး။ ရေငုံနှုတ်ပိတ်နေလို့လည်း ပြည်သူတွေခံစားနေရတဲ့ဒုက္ခတွေက မပြီးသွားပါဘူး။ လိုရာဆွဲတွေးခေါင်းစဉ်လှလှတပ်လို့လည်း အကြမ်းဖက်မှုတွေက မှန်ကန်တဲ့လုပ်ရပ်ဖြစ်မသွားပါဘူး။ တပ်မတော်က နိုင်ငံတော်တည်ငြိမ်အေးချမ်းဖို့ အစွမ်းကုန်ဆောင်ရွက်နေပေမယ့် နိုင်ငံတကာမှာ အခုလို အပုပ်ချ တစ်ဖက်စောင်းနင်းရေးသားဖော်ပြတာတွေ တွေ့လာရတော့ ပြည်သူတစ်ဦးအနေနဲ့ လက်ပိုက်ကြည့်မနေနိုင်တော့ပါဘူး။ ချင်းပြည်နယ်မှာ လတ်တလောတိုက်ကွက် အသည်းအသန်ဖော်နေတဲ့ကိစ္စကလည်း အမှန်တော့ နိုဝင်ဘာလ ၈ ရက်မှာ ကုလသမဂ္ဂမှာ မြန်မာ့အရေးဆွေးနွေးဖို့ရှိနေချိန် စကားပြောကောင်းသွားအောင် အဲဒီရက်မတိုင်ခင် အချိန်ကိုက်လုပ်တာပါပဲ။ ဒါတွေက မကြာခဏကြုံဖူးနေကျဖြစ်လို့နေပါပြီ။ အွန်လိုင်းပေါ်က ဗီဒီယိုဖိုင်တွေမှာလည်း တွေ့ကြမှာပါ။ PDF အကြမ်းဖက်တွေက မြို့ထဲမှာ တိုက်ပွဲဖြစ်အောင် တမင်ဖန်တီးပြီး ပြည်သူကို ဒိုင်းအဖြစ်ကာရံလို့ တပ်ကို ခွင်ဆင်အပုပ်ချတဲ့အကွက်ပါ။

## လုံခြုံရေးကောင်စီ တံခါးပိတ်ဆွေးနွေးမှုနဲ့ပတ်သက်လို့

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာ့အရေးနဲ့ပတ်သက်ပြီး နိုဝင်ဘာလ ၈ ရက်က တံခါးပိတ်အစည်းအဝေးပြုလုပ်ခဲ့ပေမယ့် ထိရောက်တဲ့အရေးယူမှုလုပ်ဖို့ သဘောတူညီချက်မရခဲ့ပါဘူး။ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံအထက်ပိုင်းမှာ မြင့်တက်နေတဲ့ တင်းမာမှုတွေကို တားဆီးဖို့နဲ့ R2P မူကိုဆွဲကိုင်လို့ ပိတ်ဆို့မှုတွေနဲ့ လက်နက်ကုန်သွယ်မှုတွေ ပိတ်ဆို့ဖို့၊ တပ်မတော်အစိုးရရဲ့ ကိုယ်စားလှယ်ကို အသိအမှတ်မပြုဖို့ ဆွေးနွေးခဲ့ကြတယ်လို့ ဖော်ပြထားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြလိုပါတယ်။

**စာမျက်နှာ ၈ သို့** ❐

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏ ဦးတည်ချက်တစ်ရပ်ဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် ဝန်ကြီးဌာန ဖူဆယ်ဘောလုံးကစားကွင်းဖွင့်ပွဲနှင့် ပထမအကြိမ် ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။




**အားပေးဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်ရေးနှင့် လုပ်ငန်းခွင်အတွင်း တက်ကြွပျော်ရွှင်စွာ စွမ်းဆောင်နိုင်ရေး၊ အစုအဖွဲ့လိုက် စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်စေရေးတို့အတွက် အားကစားနည်းများ အလိုက် ကျွမ်းကျင်စွာ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် မိမိဝန်ကြီးဌာနနှင့် နိုင်ငံ့ဂုဏ်ကို ဖော်ဆောင်ပေးနိုင်မည့် ထူးချွန်သည့်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးကိုလည်း ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အဆင့်မီအားကစားကွင်းများနှင့် အထောက်အကူပစ္စည်းများ ပြည့်စုံရန် လိုအပ်သည့်အတွက် ယနေ့ဖွင့်လှစ်မည့် ဖူဆယ်ဘောလုံးကစားကွင်းကို ပြည်ထောင်စုဝန်ကြီးရုံးအနီးတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လာရောက်ကစားနိုင်ကြမည်ဖြစ်ကြောင်း၊ အလားတူ အခြားအားကစားနည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ အားကစားမောင်မယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားအဆင့်အထိ ကြိုးစားလေ့ကျင့်၍ ထူးချွန်စွာယှဉ်ပြိုင်ကစားနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဖူဆယ်ဘောလုံးကစားကွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပထမအကြိမ် ပြည်ထောင်စုဝန်ကြီးဖလား ဖူဆယ်ဘောလုံး အားကစားပြိုင်ပွဲကို ကျင်းပပြီး ဆုရအသင်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမျိုးသားမြေအသုံးချမှုကောင်စီ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၃**

အမျိုးသားမြေအသုံးချမှုကောင်စီ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**ခြောက်နှစ်ကျော်ကြာ**

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက OneMap Myanmar စီမံကိန်းကို ဆောင်ရွက်လာခဲ့ရာ ခြောက်နှစ်ကျော်ကြာခဲ့ပြီဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် စံပြုထားသည့် မြေပုံစနစ်တစ်ခုပေါ်ပေါက်ရန်၊ မြေသယံဇာတအရင်းအမြစ်၊ မြေစီမံခန့်ခွဲမှု၊ မြေပြင်ဆိုင်ရာကိန်းဂဏန်းအချက်အလက်များ တိကျမှန်ကန်စေရန်၊ မြေပုံစနစ်များ တစ်ပြေးညီဖြစ်စေရန် ဖြစ်ကြောင်း၊ ၂၀၁၅ နှစ်ဦးပိုင်းတွင် Swiss Agency for Development and Cooperation–SDC က ရန်ပုံငွေကြေးအကူအညီနှင့် Center for Development and Environment–CDE, University of Bern က နည်းပညာပိုင်းပံ့ပိုးကူညီပေးခဲ့ပြီး OneMap Myanmar အကောင်အထည်ဖော်ရေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက Focal ဌာနအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

**ဝိုင်းဝန်းဆွေးနွေးအဖြေရှာ**

ယခု အစည်းအဝေးတွင် လုပ်ငန်းကော်မတီဝင်များအနေဖြင့် မိမိတို့ဌာနများ၏ OneMap Myanmar စီမံကိန်းနှင့်ပူးပေါင်း၍ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များ အနေဖြင့် ဆက်စပ်ဌာနများမှ OneMap Myanmar စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်ပြီး တင်ပြချက်များအပေါ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာပေးခြင်းဖြင့် OneMap Myanmar လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သော အကြံဉာဏ်များ၊ ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)၊ ညွှန်ကြားရေးမှူးများ၊ ဘူမိရူပဗေဒအရာရှိချုပ်၊ ဘူမိဗေဒအရာရှိတို့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၇ မှ

လွတ်လပ်ရေးရပြီးကတည်းက မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်မှာ အနောက်အုပ်စုရဲ့ ကြားဝင်စွက်ဖက်နှောင့်ယှက်မှုတွေကို အမြဲကြုံခဲ့ကြတာ ပြည်သူတွေလည်း ရိုးအီနေလောက်ပြီထင်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂဟာ အနောက်အုပ်စုရဲ့ကြိုးဆွဲရာကလိုက်၊ ရေနံသူဌေး အိုအိုင်စီနိုင်ငံတွေက ကြိုးဆွဲရာကလိုက်နဲ့ ရုပ်သေးသာသာပဲရှိတော့တာပါ။ ကမ္ဘာ့သမိုင်းပြန်ကြည့်ရင်လည်း ပထမကမ္ဘာစစ်ကြီးအပြီး ၁၉၂၀ မှာ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီး နှစ်ပေါင်းနှစ်ဆယ်ကျော်သာ ရပ်တည်နိုင်ခဲ့ရတဲ့အကြောင်းရင်းက အင်အားကြီးနိုင်ငံတွေရဲ့ ဒီလိုမျိုးတစ်ဖက်စောင်းနင်းပြုမူမှုတွေကြောင့်ပဲ။ ဒါကြောင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရယ်လို့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး သမာသမတ်ကျစွာရပ်တည်လာခဲ့တဲ့အချိန်တွေရှိခဲ့ပေမယ့် ၂၀ ရာစုနောက်ပိုင်းမှာတော့ ကမ္ဘာ့အရေးနဲ့ ပတ်သက်ပြီး ရုပ်သေးသာသာပြုမူလုပ်ဆောင်လာတာတွေကိုသာ တွေ့ရတော့မှာဖြစ်ပါတယ်။ နိုင်ငံတကာသတင်းတွေကို နေ့စဉ်ဖတ်ရှုနေတဲ့သူတွေအဖို့တော့ အခြားနိုင်ငံတွေရဲ့အရေးနဲ့ ချိန်ထိုးကြည့်တဲ့အခါ ထင်းခနဲမြင်တွေ့ရမှာဖြစ်လို့ အထွေအထူးရှင်းပြနေဖို့ မလိုတော့တဲ့ကိစ္စပါ။ ကမ္ဘာတစ်ဝန်းမှာ၊ အထူးသဖြင့် အရှေ့အလယ်ပိုင်းမှာဖြစ်ပွားခဲ့တဲ့ အမေရိကန်ရဲ့ နိုင်ငံငယ်တွေအပေါ်ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်လို့ကတော့ အမှုတွဲတွေ မိုးတက်နေပြီထင်ပါရဲ့ဗျာ။ လုံးဝမဖြစ်ခဲ့သလားပဲ။ ဒါပေမဲ့လည်း ဒါတွေက မြန်မာ့အရေးမဟုတ်လေတော့ ဒီနေရာမှာ အကျယ်တဝင့်မပြောလိုဘူး။ မြန်မာနိုင်ငံနဲ့သက်ဆိုင်တာက ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ တရားဝင်ကိုယ်စားလှယ်ကို အသိအမှတ်မပြုလိုဘူးဆိုတဲ့ကိစ္စကတော့ ဘယ်လိုမှ သည်းမခံသင့်တဲ့အရာပဲ။ ဒါပေမဲ့ သူများပြည်တွင်းရေးကို ကြိုးကိုင်ခြယ်လှယ်တဲ့ အနောက်အုပ်စုရဲ့ကြိုးပမ်းချက်တွေက သဲထဲရေသွန်သလိုပါပဲ။ ယခင်ကလည်း ဝင်ရောက်စွက်ဖက်ခဲ့တဲ့ အစဉ်အလာရှိတယ်၊ နောင်လည်းရှိနေဦးမှာပါပဲ။ သို့ပေမဲ့ ကိုယ်ကောင်းရင် ခေါင်းမရွှေ့ပါဘူးဗျာ။

**နိဂုံး**

နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့ မြန်မာနိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆက်ပြီးသွားနေတယ်ဆိုတာပါပဲ။ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်နေတာဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်(၅)ချက်၊ ဦးတည်ချက်(၉)ရပ်တို့ ချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံအခြေအနေတည်ငြိမ်အောင်ကြိုးပမ်းနေသလို ရွေးကောက်ပွဲအမြန်ဆုံးပြန်လည်ကျင်းပပေးပြီး ဒီမိုကရေစီနည်းနဲ့ တက်လာတဲ့ အစိုးရထံ နိုင်ငံတော်အာဏာ ပြန်လည်လွှဲအပ်ပေးနိုင်ဖို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းနေပါတယ်။ ဒီအခြေအနေတွေကို မျက်ကွယ်ပြုပြီး အွန်လိုင်းပေါ်ကနေ အကြမ်းဖက်အားပေးပို့စ်တွေ၊ နိုင်ငံတကာရဲ့ တစ်ဖက်စောင်းနင်းဖော်ပြမှုတွေကို နားယောင်ပြီး NUG နဲ့ PDF တွေရဲ့ နိုင်ငံမတည်မငြိမ်ဖြစ်အောင်လှုံ့ဆော်နေတာတွေ၊ အကြမ်းဖက်နေတာတွေ၊ အင်အားကြီးနိုင်ငံတွေနဲ့ အိုအိုင်စီတို့ရဲ့ရုပ်သေးဖြစ်တဲ့ ကုလအဖွဲ့ရဲ့အမှန်တရားကို မျက်ကွယ်ပြုတဲ့ အကြမ်းဖက်အားပေးလုပ်ရပ်တွေကို မြန်မာနိုင်ငံသားတွေအနေနဲ့ ခေါင်းငုံ့ခံပြီး သူများတံတွေးခွက်ပက်လက်မမျောကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# အားကစားနည်းပြသင်တန်း အမှတ်စဉ် (၂/၂၀၂၁) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

## နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း



**နေပြည်တော် ဒီဇင်ဘာ ၃**

အားကစား နည်းပြသင်တန်း အမှတ်စဉ် (၂/၂၀၂၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

**တစ်လကြာ ဖွင့်လှစ်သင်ကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ နည်းပြများ၏ အရည်အသွေးများ/ အရည်အချင်းများ၊ အားကစားစွမ်းဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ယခု အားကစား နည်းပြသင်တန်းကို တစ်လကြာ ဖွင့်လှစ် သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသော နည်းပြခြင်းဒဿနနှင့် နည်းလမ်းများ၊ လူထုအားကစား၊ အားကစားဆိုင်ရာ စီမံခန့်ခွဲမှု၊ အားကစားနှင့် သက်ဆိုင်သော ဆေးဘက်ဆိုင်ရာ အသိပညာများကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူ လေ့ကျင့်ပေးရမည့် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်မှု၊ စည်းကမ်းကောင်းမွန်မှုများနှင့်အတူ အားကစားနည်းစနစ်ပိုင်းများကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(Youth Camp)သို့ ရောက်ရှိလာသော လူငယ်အားကစားသမားများသည် ကျောက်အရိုင်းတုံးများဖြစ်သကဲ့သို့ ၎င်းတို့အား တန်ဖိုးရှိသော အဖိုးတန်ရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် နည်းပြများတွင် အဓိကတာဝန်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် သိပ္ပံနည်းကျသည့် လေ့ကျင့်မှုများ၊ ပြောင်းလဲတိုးတက်နေသည့် ခေတ်မီနည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာနေရန် လိုအပ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် ပညာရပ်များကို ဆက်လက်တိုးတက်ရန် လေ့လာဆောင်ရွက်ခြင်းဖြင့် နည်းပြဆရာကောင်းများဖြစ်ရန် ကြိုးစားနေထိုင်သွားကြရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့် မိမိတို့သင်ကြားလေ့ကျင့်ပေးမည့် အားကစားသမားများထက် အားကစားဆိုင်ရာ ဘာသာရပ်တိုင်း၊ အားကစားနည်းတိုင်းတွင် ပိုမိုကျွမ်းကျင်ပြီး စနစ်တကျ သင်ကြား လေ့ကျင့်ပေးနိုင်ရန်အတွက် အဆက်မပြတ် လေ့လာနေရန်လိုအပ်ကြောင်း၊ နည်းပညာတိုးတက်နေသည့် ခေတ်ကာလဖြစ်၍ လေ့လာလိုသည်များကို အလွယ်တကူ ရှာဖွေလေ့လာအသုံးပြုနိုင်သည့်အတွက် မိမိတို့ကိုယ်တိုင် လုပ်ချင်ကိုင်ချင်စိတ်၊ လေ့လာလိုစိတ်နှင့် ဝမ်းစာဖြည့်လိုစိတ်များရှိရန် လိုအပ်ကြောင်း၊ အားကစား အဆင့်အတန်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အရည်အချင်းပြည့်ဝသော မျိုးဆက်သစ် အားကစားသမားများအား မွေးထုတ်ပေးနိုင်ရန် အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများ ကိုယ်စား သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ် နှစ်ဦးအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြနှစ်ဦးကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းသည့် ဒေသတွင်းဆွေးနွေးပွဲနှင့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ British High Commission ၏ ပံ့ပိုးမှုဖြင့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ကမကထ ပြုလုပ်ကျင်းပသော “အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်းသည့် ဒေသတွင်းဆွေးနွေးပွဲ” (Regional Conference on Prison Reform) ကို နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ လည်းကောင်း၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၁ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကျင်းပသော အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum –SEANF) ၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိလည်းကောင်း hybrid format ဖြင့် ကျင်းပခဲ့သည်။

**တက်ရောက်**

နိုဝင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော “အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းသည့် ဒေသတွင်းဆွေးနွေးပွဲ” သို့ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စတေနိုင်ငံနှင့် မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ အကျဉ်းဦးစီးဌာနတို့မှ အရာရှိကြီးများ၊ United Nations Office on Drugs and Crime (UNODC) မှ ကိုယ်စားလှယ်များ၊ အရှေ့တောင်အာရှဒေသလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် တီမောလက်စတေနိုင်ငံ တရားရေးနှင့် ဥပဒေရေးရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဒေသတွင်းဆွေးနွေးပွဲတွင် အရှေ့တောင်အာရှဒေသတွင်းရှိအကျဉ်းထောင်များအခြေအနေ၊ အကျဉ်းထောင်များနှင့်စပ်လျဉ်းသည့် နိုင်ငံတကာစံနှုန်းများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ပိုမိုကောင်းမွန်သည့်အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် လွှတ်တော်များ၏ ပံ့ပိုးမှုအခန်းကဏ္ဍနှင့် ပိုမိုကောင်းမွန်ထိရောက်မှုရှိသော အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးအတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ အစရှိသည့် ဘာသာရပ်များကို Panel Discussion ပုံစံများဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးသူရကျော်က ပိုမိုကောင်းမွန်သည့်အကျဉ်းထောင်စနစ် ဖြစ်ပေါ်ရေးအတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းသော Panel Discussion တွင် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ တိုးတက်ဖြစ်ပေါ်မှုများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြသည်။

**ပါဝင်တက်ရောက်**

ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သော အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စတေနိုင်ငံတို့၏ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ၄၈ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ၂၀၂၁ ခုနှစ်အတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တိုးတက်ဖြစ်ထွန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖိုရမ်အဖွဲ့ဝင်ကော်မရှင် တစ်ဖွဲ့ချင်းစီက ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ အမှတ်တံဆိပ် (Logo) အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ website အသစ် စတင်မိတ်ဆက် လွှင့်တင်ခြင်း၊ ဖိုရမ်၏ မဟာဗျူဟာ (၂၀၂၂-၂၀၂၆) ကို အတည်ပြုချမှတ်ခြင်း၊ ဖိုရမ်၏ ညှဉ်းပန်းနှိပ်စက်မှု တားဆီးကာကွယ်ရေး လမ်းညွှန်စာတမ်း အတည်ပြုခြင်း၊ ဖိုရမ်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးခြင်းတို့နှင့်စပ်လျဉ်း၍ ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများနှင့် စိန်ခေါ်မှုများကို တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုးတက်ဆောင်ရွက်ချက်များ၊ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ Office of the Children’s Commissioner မှ မလေးရှားနိုင်ငံ၏ ကလေးသူငယ်အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ တင်ပြဆွေးနွေးခြင်း၊ ဖိလစ်ပိုင်အမျိုးသားလူ့အခွင့်အရေးကော်မရှင်က “Digital Rights” နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ ရင်ဆိုင်ကြုံတွေ့ရသည့်အခက်အခဲများကို လည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေး မြှင့်တင်ရေး၊ အသိပညာပေးရေးနှင့် စပ်လျဉ်းသည့် ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများနှင့် စိန်ခေါ်မှုများကို လည်းကောင်း တင်ပြဆွေးနွေးသည်။ နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေး ဖိုရမ်၏ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth) နှင့် လွှမ်းမိုးနေသောအချက်များ

**ဆေးဝန်ထမ်းတစ်ဦး**

**(ယမန်နေ့မှအဆက်)**

**ပတ်ဝန်းကျင်နိုင်ငံများရဲ့ မျှော်မှန်းသက်တမ်း**

၂၀၂၂ ခုနှစ်အတွင်းမှာရှိတဲ့ အာဆီယံနိုင်ငံတွေရဲ့မျှော်မှန်းသက်တမ်းကို ကြည့်မယ်ဆိုရင် စင်ကာပူနိုင်ငံဟာ မျှော်မှန်းသက်တမ်း (၈၄ ဒသမ ၁) နှစ်နဲ့ အမြင့်ဆုံးဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ အဲဒီနောက်မှာတော့ ထိုင်းနိုင်ငံ (၇၇ ဒသမ ၇) နှစ်၊ မလေးရှား (၇၆ ဒသမ ၆) နှစ်၊ ဘရူနိုင်း (၇၆ ဒသမ ၃) နှစ်၊ ဗီယက်နမ် (၇၅ ဒသမ ၇) နှစ်၊ အင်ဒိုနီးရှား (၇၂ ဒသမ ၃) နှစ်၊ ဖိလစ်ပိုင် (၇၁ ဒသမ ၆) နှစ်၊ ကမ္ဘောဒီးယား (၇၀ ဒသမ ၅) နှစ်၊ လာအို (၆၈ ဒသမ ၉) နှစ်နဲ့ မြန်မာနိုင်ငံအနေနဲ့ (၆၇ ဒသမ ၈) နှစ်နဲ့ အစဉ်လိုက် ရပ်တည်နေတာကို တွေ့ရမှာဖြစ်တယ်။ အခြားသောအိမ်နီးချင်းနိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းကို ကြည့်လိုက်တဲ့အခါမှာလည်း တရုတ်နိုင်ငံ (၇၆ ဒသမ ၉) နှစ်၊ အိန္ဒိယနိုင်ငံ (၆၉ ဒသမ ၇) နှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (၇၂ ဒသမ ၆) နှစ် အသီးသီးရှိတာကို တွေ့ရမှာဖြစ်တယ်။ ဒီအချက်တွေကို လေ့လာကြည့်တဲ့အခါမှာ မြန်မာနိုင်ငံဟာ ဒေသတွင်းနိုင်ငံတွေထဲမှာ မျှော်မှန်းသက်တမ်း အနိမ့်ဆုံးဖြစ်နေတာကို တွေ့ရှိရပါတယ်။

**မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းနှင့် ပတ်သက်၍ သိသင့်သော အချက်များ**

မြန်မာနိုင်ငံ လူဦးရေတစ်ရပ်လုံးရဲ့ မျှော်မှန်းသက်တမ်းဟာ ၂၀၂၂ ခုနှစ်မှာ ၆၇ ဒသမ ၈ နှစ် ဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ ဒီနေရာမှာ မြန်မာအမျိုးသားများရဲ့ မျှော်မှန်းသက်တမ်းကတော့ (၆၄ ဒသမ ၇) နှစ်ဖြစ်ပြီး အမျိုးသမီးတွေကတော့ (၇၀ ဒသမ ၈) နှစ်ဖြစ်တာကို တွေ့ရမှာဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၅၀ ပြည့်နှစ်မှာ မျှော်မှန်းသက်တမ်း (၃၃ ဒသမ ၆) နှစ်ပဲ ရှိခဲ့ရာကနေ ၁၉၉၅ ခုနှစ်မှာ (၅၈ ဒသမ ၅) နှစ်၊ ၂၀၀၀ ပြည့်နှစ်မှာ (၆၀ ဒသမ ၁) နှစ်၊ ၂၀၀၅ ခုနှစ်မှာ (၆၁ ဒသမ ၆) နှစ်၊ ၂၀၁၀ ပြည့်နှစ်မှာ (၆၃ ဒသမ ၅) နှစ်၊ ၂၀၁၅ ခုနှစ်မှာ (၆၅ ဒသမ ၈) နှစ်နဲ့ ၂၀၂၀ ပြည့်နှစ်မှာတော့ (၆၇ ဒသမ ၂) နှစ်နဲ့ တဖြည်းဖြည်းချင်း တိုးတက်လာတာကို တွေ့ရပါတယ်။

နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းအပေါ် အဓိကသက်ရောက်မှုရှိတဲ့ အချက်တစ်ခုကတော့ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပဲ ဖြစ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အရ ပြောမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းတဲ့ နိုင်ငံတွေထဲမှာ ပါဝင်နေတာကို တွေ့ရမှာဖြစ်တယ်။ နိုင်ငံလူဦးရေအများစုဟာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ကိုယ်တိုင်ကုန်ကျခံရတဲ့နည်းလမ်း (Out of Pocket Payment) ကိုသာ အလေးထားနေရဆဲဖြစ်တယ်။ နိုင်ငံလူဦးရေ ၅၅ သန်း ရှိတဲ့အထဲက လူဦးရေ ခြောက်သိန်းကျော်လောက်သာ ကျန်းမာရေးအာမခံစနစ်ရှိတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှုကိုလည်း အပြင်းအထန် ကြုံတွေ့နေရတဲ့ နိုင်ငံလည်းဖြစ်တယ်။ ဒီလိုပြတ်လပ်တဲ့နေရာမှာ ဆရာဝန် တစ်ခုတည်းမဟုတ်ဘဲ သူနာပြု၊ ဆေးဝါးကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင် အစရှိတဲ့ လူသားအရင်းအမြစ်များကပါ လျော့ပါးလာနေတာကို တွေ့ရှိရမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ဆရာဝန်နဲ့ လူဦးရေအချိုးအစားကို ကြည့်မယ်ဆိုရင်လည်း လူတစ်သိန်းမှာ ဆရာဝန် ၆၁ ဦးပဲရှိတာကို တွေ့ရမှာဖြစ်တယ်။


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စံသတ်မှတ်ချက်အရဆိုရင် လူဦးရေတစ်သိန်းမှာ ဆရာဝန် ၁၀၀ ရှိသင့်တယ်လို့ ဆိုထားတာကို တွေ့ရမှာဖြစ်တယ်။ ဒီသတ်မှတ်ချက်အရဆိုရင် မြန်မာနိုင်ငံအနေနဲ့ လုံလောက်တဲ့ ဆရာဝန်အချိုးအစားရရှိဖို့အတွက် ကြိုးစားရဦးမယ်ဆိုတာကို တွေ့ရှိရမှာဖြစ်တယ်။ စာရင်းဇယားတွေအရ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပြည်တွင်းဆေးတက္ကသိုလ်တွေကနေ ဆရာဝန်ပေါင်း သုံးသောင်းကျော် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒီလို မွေးထုတ်ပေးခဲ့တဲ့ ဆရာဝန်တွေထဲက ၂၀၂၀ ပြည့်နှစ်အထိ ကျန်းမာရေးဌာနတွေမှာ တာဝန်ထမ်းဆောင်နေသူ တစ်သောင်းခွဲကျော်သာ ရှိတဲ့အတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်မှုအနေနဲ့ ထက်ဝက်ကျော်ခန့်သာ ရှိတာကို တွေ့ရှိခဲ့ရပါတယ်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်မှုမရှိတဲ့ ဆရာဝန်အရေအတွက် များပြားခြင်းဟာလည်း နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုဖြစ်တယ်လို့ပဲ ဆိုရမှာဖြစ်တယ်။ ဒီလို လုံလောက်တဲ့ ဆရာဝန်ဦးရေ မရရှိခြင်းဟာ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် တိုက်ရိုက်သက်ရောက်စေတဲ့ အချက်တွေဖြစ်ပါတယ်။

ကျန်းမာရေးစနစ်အနေနဲ့ အားနည်းနေပေမယ့်လည်း အစိုးရအဆက်ဆက်ဟာ တိုးတက်ကောင်းမွန်အောင် ကြိုးစားလာခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ ကျန်းမာရေး အသုံးစရိတ်အနေနဲ့ ၂၀၁၁ ခုနှစ်မှာ ဂျီဒီပီ တစ်ခုလုံးရဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်းကိုသာ အသုံးပြုခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မှာ ၂ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ငါးရာခိုင်နှုန်းအထိ အသီးသီး တိုးတက်လာတာကို တွေ့ရမှာဖြစ်တယ်။ အထူးသဖြင့် အဆိုပါ ကျန်းမာရေး အသုံးစရိတ်တွေကို မိခင်နဲ့ကလေးကျန်းမာရေးကဏ္ဍတွေမှာ တိုးတက်သုံးစွဲခဲ့တာကို လေ့လာတွေ့ရှိရမှာ ဖြစ်တယ်။ နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းကို တိုးတက်လာစေဖို့အတွက် အခုလိုဆောင်ရွက်လာတာဟာ ပြည့်စုံကောင်းမွန်ပြီဟု မဆိုသာပေမယ့် မြန်မာနိုင်ငံအနေနဲ့ မှန်ကန်တဲ့ လမ်းကြောင်းတစ်ခုပေါ်ကို ရောက်ရှိနေတယ်လို့တော့ ဆိုရမှာဖြစ်တယ်။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်တဲ့နေရာမှာ အရေးကြီးတဲ့အချက်တစ်ခုကတော့ နိုင်ငံတကာရဲ့ ပံ့ပိုးဆောင်ရွက်မှုတွေပဲ ဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးမျှော်မှန်းချက် ၂၀၃၀ (Myanmar Health’s Vision 2030) အတွက် ပူးပေါင်းဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်တယ်။ ကမ္ဘာ့ဘဏ်အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ မရှိမဖြစ်သော ကျန်းမာရေးဝန်ဆောင်မှု (Essential Healthcare Services Package) အတွက် ဒေါ်လာသန်း ၂၀၀ ထောက်ပံ့ခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ အဲဒီလိုပဲ (Japan International Cooperation Agency–JICA) နဲ့ (Cooperative for Assistance and Relief Everywhere–CARE) လို နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက် ထောက်ပံ့ကူညီနေတာကို တွေ့ရှိရမှာဖြစ်တယ်။ ဒါတွေဟာ နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းအပေါ်ကို သက်ရောက်စေမှာ ဖြစ်တယ်။

နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းအပေါ် သက်ရောက်စေတဲ့ အခြားအချက်တစ်ခုကတော့ နိုင်ငံအတွင်းမှာရှိတဲ့ လူတွေအနေနဲ့ ဘယ်လိုရောဂါမျိုးတွေနဲ့ သေဆုံးနေကြသလဲ ဆိုတာပဲဖြစ်တယ်။ ယခင်ကတော့ မြန်မာလူမျိုးတွေရဲ့ သေဆုံးမှုအကြောင်းရင်းတွေကို ကြည့်မယ်ဆိုရင် ငှက်ဖျား၊ တီဘီ၊ ဝမ်းရောဂါနဲ့ ခုခံအားကျဆင်းမှုရောဂါတွေဖြစ်တဲ့ ကူးစက်ရောဂါကြောင့် သေဆုံးမှုများခဲ့ကြတာကို တွေ့ရမှာဖြစ်တယ်။ အခုအခါမှာတော့ သေဆုံးမှုရဲ့ ၆၈ ရာခိုင်နှုန်းဟာ မကူးစက်နိုင်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုးရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါနဲ့ ရင်ကျပ်ရောဂါတွေကြောင့် ဖြစ်တာကို တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံအနေနဲ့ မျှော်မှန်းသက်တမ်းတိုးတက်လာဖို့အတွက် ဘယ်လိုရောဂါမျိုးတွေကို ထိန်းချုပ်ဆောင်ရွက်ဖို့ သင့်သလဲဆိုတဲ့အချက်ကို မီးမောင်းထိုးပြနေတာလည်း ဖြစ်တယ်။

**စာမျက်နှာ ၁၁ သို့ ❍**




အာဆီယံနိုင်ငံများ၏ ကျား၊ မ အလိုက်မျှော်မှန်းသက်တမ်း

**နိုင်ငံရဲ့ မျှော်မှန်းသက်တမ်းအပေါ် အဓိကသက်ရောက်မှုရှိတဲ့ အချက်တစ်ခုကတော့ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပဲ ဖြစ်တယ်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အရ ပြောမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားနည်းတဲ့ နိုင်ငံတွေထဲမှာ ပါဝင်နေတာကို တွေ့ရမှာဖြစ်တယ်။ နိုင်ငံလူဦးရေအများစုဟာ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ကိုယ်တိုင်ကုန်ကျခံရတဲ့နည်းလမ်းကိုသာ အလေးထားနေရဆဲဖြစ်တယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှုကိုလည်း အပြင်းအထန် ကြုံတွေ့နေရတဲ့ နိုင်ငံလည်းဖြစ်**

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ **ကျပ် ၆ ဒသမ ၀၀၀ သန်း** ဖြစ်သည်။ ယနေ့အထိ ရန်ပုံငွေစာရင်း၏အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA-013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၉,၉၂၉,၈၃၅,၁၄၂.၅၃ |
| (+) ၃၀-၁၁-၂၀၂၁ မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆,၀၀၀,၀၀၀.၀၀ |
| ၃-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၉,၉၃၅,၈၃၅,၁၄၂.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၂၆-၁၁-၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |
| (+) ၃၀-၁၁-၂၀၂၁ မှ ၃-၁၂ -၂၀၂၁ ရက်နေ့ထိ ရရှိငွေ | - |
| ၃-၁၂-၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၅,၈၆၂,၃၄၉.၅၃ |

**ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA - 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**

(၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၃-၁၂-၂၀၂၁ | ၆,၀၀၀,၀၀၀ |
| ၁ | ဦးသိန်းစိန်+ဒေါ်ခင်ဇင်ဝင်း မိသားစု (နေပြည်တော်) | ၃,၀၀၀,၀၀၀ |
| ၂ | ဦးဆိုက်ဆိမ် YADANARBON TRAVELS & TOURS COMPANY LIMITED (ရန်ကုန်) | ၃,၀၀၀,၀၀၀ |
| | | |
| | (၃၀-၁၁-၂၀၂၁ ရက်နေ့မှ ၃-၁၂-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၆,၀၀၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## တောင်ကြီးမြို့တွင်း စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းသည် ယမန်နေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့အတွင်း စည်ပင်သာယာရေးဌာနမှ လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

တောင်ကြီးမြို့တွင်း ရေထွက်ဦးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ပြည်နယ် စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက လမ်းနယ်ချဲ့ခြင်း၊ ကတ္တရာခင်းခြင်းနှင့် နိုင်လွန်ကတ္တရာခင်းခြင်း ၈၀ ရာခိုင်နှုန်းပြီးစီးမှု၊ ရေမြောင်းနှင့် ရေမြောင်းဖုံးဆောင်ရွက်ခြင်း ရာနှုန်းပြည့်ပြီးစီးမှု၊ လမ်းဖြတ်တံတား ဆောင်ရွက်ခြင်း ရာနှုန်းပြည့်ပြီးစီးမှု၊ မြေကာနံရံ ဆောင်ရွက်ခြင်း ရာနှုန်းပြည့်ပြီးစီးမှု၊ ရေထွက်ဦးလမ်း၊ လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းခြင်း ရာနှုန်းပြည့်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိုင်လွန်ကတ္တရာ ခင်းနေမှုကို ကြည့်ရှုသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့အတွင်း ရေပေးဝေနေသည့် ရေထွက်ဦးကန်အား သွားရောက်ကြည့်ရှုရာ မြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးနေလင်းက ရေထွက်ဦးရေကန် ရေသိုလှောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ အရှေ့မြောက်ဘက် ပန်းတင်ကျေးရွာအုပ်စု ထီးသိမ်ရွာရှိ ထီးသိမ်ရေလှောင်ကန်ကိုလည်းကောင်း၊ ထီးသိမ် ရေကူရေလှောင်တမံနှင့် ထီးသိမ် (ကျောက်တန်း) ရေထွက်ရေစုကန်တို့ကိုလည်းကောင်း၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ဘဲဥကန်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation(Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessel " LICHTENSTEIN"ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာများဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁ ဒသမ ၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၁၄ ဒသမ ၃၄၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂ ဒသမ ၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၂၀၂ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ ဒသမ ၁၅၉ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁ ဒသမ ၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆ ဒသမ ၉၈၈ စက္ကန့် အတွင်းတွင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၂ ခုနှစ် မေ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessel "LICHTENSTEIN" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်မည့်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

❍ စာမျက်နှာ ၁၀ မှ

သဘာဝဘေးအန္တရာယ်တွေနဲ့ ကပ်ရောဂါဘေးတွေဟာလည်း မျှော်မှန်းသက်တမ်းကို လျော့ကျစေတဲ့အချက်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၈ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ နာဂစ် ဆိုင်ကလုန်း သဘာဝဘေးအန္တရာယ်ကြောင့် မျှော်မှန်းသက်တမ်းနိမ့်ကျခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ အခုအချိန်မှာဖြစ်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့်လည်း လာမယ့်နှစ်တွေမှာ နိုင်ငံအချို့ရဲ့ မျှော်မှန်းသက်တမ်းနိမ့်ကျသွားနိုင်တယ်လို့ ပညာရှင်တွေက အသိပေးပြောဆိုထားကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေထဲမှာ မျှော်မှန်းသက်တမ်းအနိမ့်ဆုံးနိုင်ငံဖြစ်နေရခြင်းရဲ့ အကြောင်းရင်းတစ်ခုကတော့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရတဲ့အချိန်ကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနွံထဲကို နစ်ခဲ့ခြင်းပဲ ဖြစ်တယ်။ တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားနေခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် လူငယ်လူရွယ်များ အချိန်မတိုင်မီ သေဆုံးရမှု၊ နိုင်ငံရဲ့ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်တွေမှာ အားနည်းလာခြင်းကြောင့် နိုင်ငံရဲ့မျှော်မှန်းသက်တမ်းဟာ တိုးတက်သင့်သလောက် မတိုးတက်တာကို တွေ့ရမှာဖြစ်တယ်။

ဒီလိုမျိုး နှစ်ပေါင်း ၅၀ ကျော် လက်နက်ကိုင်ပဋိပက္ခတွေရှိနေခဲ့ပေမယ့်လည်း မြန်မာနိုင်ငံရဲ့ မျှော်မှန်းသက်တမ်းဟာ ဖြည်းဖြည်းမှန်မှန် တိုးတက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖြစ်ရခြင်းရဲ့ အကြောင်းတွေထဲကတစ်ခုကတော့ ဆင်းရဲမွဲတေမှုတွေ လျော့ပါးလာတဲ့အတွက်ပဲဖြစ်တယ်။ ဆင်းရဲမွဲတေမှုအနေနဲ့ ၂၀၀၅ ခုနှစ်မှာ လူဦးရေရဲ့ ၄၈ ဒသမ ၂ ရာခိုင်နှုန်းဟာ ဆင်းရဲမွဲတေမှုမျဉ်းအောက်မှာ ရှိခဲ့ပေမယ့် ၂၀၁၇ အရောက်မှာတော့ လူဦးရေရဲ့ ၂၄ ဒသမ ၈ ရာခိုင်နှုန်းပဲ ရှိတော့တာကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ အစိုးရအဆက်ဆက်ဟာ ကျန်းမာရေးအသုံးစရိတ်တွေကို တိုးတက်ဖြန့်ခွဲပေးခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မိတ်ဆွေနိုင်ငံတွေကလည်း မြန်မာနိုင်ငံရဲ့ ဆင်းရဲမွဲတေမှု လျှော့ချဖို့အတွက် ထောက်ပံ့ကူညီခဲ့ကြတာကိုတွေ့ရမှာဖြစ်တယ်။ ဥပမာအနေနဲ့ ကမ္ဘာ့ဘဏ်က ၂၀၁၇ ခုနှစ်မှာ နိုင်ငံအတွင်းစီးပွားရေးတည်ငြိမ်ဖို့အတွက် ဒေါ်လာ သန်း ၂၀၀ ထောက်ပံ့ခဲ့တာကို တွေ့ရှိရမှာဖြစ်သလို တရုတ်နိုင်ငံကလည်း ကျေးလက်ဒေသဆင်းရဲမွဲတေမှု လျော့ပါးရေးအတွက် အခြေခံအဆောက်အအုံတွေဆောက်လုပ်ခြင်း၊ အသက်မွေးမှုပညာရပ်တွေ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့တာတွေလည်း တွေ့ရှိရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ဆင်းရဲမွဲတေမှုလျော့ပါးလာပြီး နိုင်ငံရဲ့မျှော်မှန်းသက်တမ်းကို တိုးတက်လာစေမှာဖြစ်တယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၀၂ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၀၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၃၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၀၂) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂ ဒသမ ၀၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၆,၂၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၃,၇၄၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၁၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၉,၂၆၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၂၇) ဦး ရှိပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၃-၁၂-၂၀၂၁) ရက်နေ့၊ (၁၅:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၃၆) နိုင်ငံအထိ ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံအစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် အတည်ပြုလူနာ (၂)ဦးနှင့် အရှေ့တောင်အာရှဒေသမှ မလေးရှားနိုင်ငံတွင် အတည်ပြုလူနာ (၁)ဦးတို့တွင်တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၄၉) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၇) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၆၆) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၀) ခု | (၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၆၀) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၄၀) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၉၂) ခု | (၃၄၈) ဦး |
| စုစုပေါင်း | (၁၉,၃၃၂) ခု | (၄၀၂) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၇၁၆၈၂၅ | ၃၉၃၈၉၆၄၆ | ၈၀၆၃၉၈ |
| ၂။ | အိန္ဒိယ | ၃၄၆၁၅၇၅၇ | ၃၄၀၄၅၆၆၆ | ၄၇၀၁၁၅ |
| ၃။ | ဘရာဇီး | ၂၂၁၀၈၇၈၂ | ၂၁၃၅၁၅၀၅ | ၆၁၅၂၂၅ |
| ၄။ | ဗြိတိန် | ၁၀၃၂၉၀၇၄ | ၉၁၂၆၁၂၈ | ၁၄၅၂၈၁ |
| ၅။ | ရုရှား | ၉၇၃၆၀၃၇ | ၈၄၃၆၆၃၁ | ၂၇၈၈၅၇ |
| ၆။ | တူရကီ | ၈၈၃၉၈၉၁ | ၈၃၇၂၇၇၈ | ၇၇၂၃၀ |
| ၇။ | ပြင်သစ် | ၇၇၇၃၅၃၀ | ၇၁၄၁၁၇၃ | ၁၁၉၃၃၀ |
| ၈။ | အီရန် | ၆၁၂၉၁၉၉ | ၅၉၀၈၉၀၁ | ၁၃၀၀၆၆ |
| ၉။ | ဂျာမနီ | ၆၀၂၆၇၉၆ | ၄၉၇၉၇၀၀ | ၁၀၂၉၀၉ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၅၃၁၀ | ၅၁၉၆၀၉၆ | ၁၁၆၆၁၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၇၂၄၃ | ၄၁၀၅၆၈၀ | ၁၄၃၈၅၈ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၃၈၇၈ | ၂၇၆၉၉၁၄ | ၄၈၉၈၇ |
| ၃။ | မလေးရှား | ၂၆၄၄၀၂၇ | ၂၅၅၁၂၅၃ | ၃၀၅၂၁ |
| ၄။ | ထိုင်း | ၂၁၃၀၆၄၁ | ၂၀၃၇၀၀၀ | ၂၀၈၇၈ |
| ၅။ | ဗီယက်နမ် | ၁၂၆၆၂၈၈ | ၁၀၀၅၃၁၀ | ၂၅၆၅၈ |
| ၆။ | မြန်မာ | ၅၂၃၇၄၈ | ၄၉၉၂၆၄ | ၁၉၁၂၇ |
| ၇။ | စင်ကာပူ | ၂၆၇၁၅၀ | ၂၅၅၁၂၄ | ၇၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၂၀၇ | ၁၁၆၅၆၉ | ၂၉၅၃ |
| ၉။ | လာအို | ၇၇၅၀၀ | ၆၅၂၀၅ | ၁၉၁ |
| ၁၀။ | ဘရူနိုင်း | ၁၅၁၄၂ | ၁၄၆၄၇ | ၉၈ |

## ရွှေပြည်သာမြို့နယ်ရှိ စည်ပင်ဈေးများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ရွှေပြည်သာမြို့နယ်အတွင်းရှိဈေးများ၌ နေ့စဉ် ဈေးဝယ်ပြည်သူများအား စည်ပင်ဈေးတာဝန်ခံများနှင့် ဝန်ထမ်းများက ရောဂါကာကွယ်ရေး အသိပညာပေးသိကောင်းစရာများကို လက်ကိုင် အသံချဲ့စက်ဖြင့် နှိုးဆော်လျက်ရှိကြောင်း ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများဖြစ်ကြသော ပတ္တမြားဈေး၊ နဝရတ်ဈေး၊ လှော်ကားရှိနီလာဈေး၊ အမိုးကြီးဈေး၊ သီရိမာလာဈေး၊ သံဒင်းဈေး၊ တံကူခြံဈေး၊ (၁၀) ရပ်ကွက်ဈေးနှင့် ငမောက်ဈေးတို့တွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာပြည်သူများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ဆေးဘေစင်များထားရှိပြီး စည်ပင်ဈေးဝန်ထမ်းများက လက်ကိုင်အသံချဲ့စက်ဖြင့် ဈေးများအတွင်းသို့ လှည့်လည်နှိုးဆော်ရာတွင် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြရန် တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာနေကြရန်နှင့် လက်ကိုစနစ်တကျ ဆေးကြောရန် စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့အထိ ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥဏ်ဟိန်း



## မလေးရှားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ စတင်တွေ့ရှိ



**ကွာလာလမ်ပူ ဒီဇင်ဘာ ၃**

မလေးရှားနိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူကို စတင်တွေ့ရှိကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီး ခိုင်ရီဂျမာလူဒင်က ယနေ့ ပြောကြားသည်။

**ကျောင်းသားတစ်ဦးဖြစ်**

အဆိုပါ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူသည် ကျောင်းတက်ရန်အတွက် တောင်အာဖရိကနိုင်ငံမှ မလေးရှားနိုင်ငံသို့ နိုဝင်ဘာ ၁၉ ရက်ကတည်းက ရောက်ရှိလာခဲ့သော ကျောင်းသားတစ်ဦးဖြစ်ကြောင်း သိရသည်။ ၎င်းအား ကိုဗစ်-၁၉ ရောဂါသီးခြားစောင့်ကြည့်ရေး စင်တာ၌ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် အဆိုပါ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက် ခံထားရသည်ကိုတွေ့ရှိရကြောင်း သိရသည်။

၎င်းကျောင်းသားနှင့် အနီးကပ်နေထိုင်ခဲ့သူများအား ကျန်းမာရေးစစ်ဆေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိကြောင်း တွေ့ရှိရသည်။ မလေးရှားနိုင်ငံသည် လက်ရှိအချိန်တွင် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများပြားသော အာဖရိကနိုင်ငံ ရှစ်နိုင်ငံမှ ခရီးသည်များကို ပြည်ဝင်ခွင့်ပိတ်ပင်ထားသည်။ သို့ရာတွင် မလေးရှားနှင့် စင်ကာပူနိုင်ငံအကြား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နှစ်နိုင်ငံအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူများအတွက် ခရီးသွားစကြံအစီအစဉ်ကိုမူ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခိုင်ရီက ပြောကြားသည်။

**စတင်တွေ့ရှိ**

တောင်အာဖရိကနိုင်ငံတွင် ပြီးခဲ့သော သီတင်းပတ်အတွင်းက အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် စတင်တွေ့ရှိကြောင်း သတိပေးချက်အား ကမ္ဘာ့ကျန်းမာရေး အဖွဲ့က လက်ခံရရှိခဲ့သည်။ ထို့ပြင် ဩစတြေးလျ၊ ကနေဒါ၊ အစ္စရေးနှင့် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အပါအဝင် ဥရောပနိုင်ငံ အများအပြားတွင်လည်း လက်ရှိအချိန်တွင် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ဂျပန်နိုင်ငံ၌ သောက်ဆေးအမျိုးအစားဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး molnupiravir အား ထုတ်လုပ်ခွင့်ရရှိရန် ဆောင်ရွက်



**တိုကျို ဒီဇင်ဘာ ၃**

အမေရိကန် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော Merck & Co သည် ၎င်းမှ ထုတ်လုပ်သော သောက်ဆေးအမျိုးအစားဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး molnupiravir အား ဂျပန်နိုင်ငံ၌ ထုတ်လုပ်ခွင့်နှင့်ရောင်းချခွင့် ရရှိရန် ဂျပန်အစိုးရ တာဝန်ရှိသူများထံ အတည်ပြုချက် တင်ပြတောင်းခံခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးသည် လူ့ကိုယ်ခန္ဓာထဲသို့ ကိုဗစ်-၁၉ ရောဂါပိုး မရောက်ရှိစေရန်တားဆီးနိုင်သလို ရောက်ရှိပြီးသော ရောဂါပိုးများ ထပ်မံမပြန့်ပွားလာစေရန် အတွက်လည်း အထောက်အကူပြုနိုင်ကြောင်း သိရသည်။ အကယ်၍ အဆိုပါ ဆေးဝါးအား ထုတ်လုပ်ဖြန့်ဖြူးခွင့်ကို ရရှိခဲ့ပါက ဂျပန်နိုင်ငံတွင် ပထမဆုံး ထုတ်လုပ်ဖြန့်ဖြူးခွင့်ရမည့် ကိုဗစ်-၁၉ ရောဂါ သောက်ဆေးဖြစ်လာမည်ဖြစ်သည်။

ဂျပန်အစိုးရက အမေရိကန်ဆေးဝါး ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော Merck & Co ထံမှ သောက်ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး molnupiravir အလုံးရေ ၁ ဒသမ ၆ သန်းဝယ်ယူရန် ကနဦး သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါ ဆေးဝါးများကို ဂျပန်နိုင်ငံ၌ ယခုနှစ်ကုန်တွင် အပြီးထုတ်လုပ်သွားမည်ဟု သိရသည်။

အဆိုပါ ဆေးဝါးအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကနဦးအဆင့် (သို့) အလယ်အလတ်အဆင့်(သို့)ရောဂါ ပြင်းထန်သူများအား ပေးအပ်သွားမည်ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုတစ်ရပ်ကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက ဒီဇင်ဘာလလယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမေရိကန်ဆေးဝါးကုမ္ပဏီကပြုလုပ်သော ဆေးဝါးဆိုင်ရာ လက်တွေ့စမ်းသပ်ချက်များအရ molnupiravir ဆေးဝါးသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသရမှုနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးမှုတို့ကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း သိရသည်။

**ကိုးကား-ကျိုဒိုနယူးစ်**
**ဘာသာပြန်-စိုးသူရ**



## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှု စတင်ဆောင်ရွက်

**တိုကျို ဒီဇင်ဘာ ၃**

ဂျပန်နိုင်ငံ၌ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့လာမှုကို တားဆီးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အပိုဆောင်းထိုးနှံမှုခံယူနိုင်**

လွန်ခဲ့သော ရှစ်လအတွင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံပြီးစီးသူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူနိုင်ကြောင်းသိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိပြီး သက်ကြီးရွယ်အိုများအား ဇန်နဝါရီလမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံပေးသွားမည်ဟု သိရသည်။

နိုင်ငံအတွင်း၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံရာတွင် အသုံးပြုကြောင်း သိရသည်။ ဂျပန်နိုင်ငံအတွင်း လက်ရှိအချိန်တွင် အိုမီခရွန်ဗီဇပြောင်း ကူးစက်ပျံ့နှံ့လာမှုများ တွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းအား တိုးချဲ့ဆောင်ရွက်သင့်ကြောင်း ဂျပန်နိုင်ငံဆေးဝါးအဖွဲ့အစည်း၏ ဥက္ကဋ္ဌဖြစ်သူ တိုရှီအိုနာကာဂါဝါက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံရေးလုပ်ငန်းအား အခြားနိုင်ငံများနည်းတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

**ကိုးကား-ကျိုဒိုနယူးစ် ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၆၄၆၃၅၉၈၂ ဦး |
| သေဆုံးသူ | ၅၂၅၃၅၅၆ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၃၈၆၅၀၃၈၄ ဦး |

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၉၃၀ ထပ်မံတွေ့ရှိ




**မော်စကို ဒီဇင်ဘာ ၃**

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၉၃၀ ကို ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း ကူးစက်ခံရသူပေါင်း ၉၇၃၆၀၃၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးစင်တာမှ ယနေ့ပြောကြားသည်။

**သေဆုံးသူပေါင်း ၂၇၈၈၅၇ ဦးရှိ**

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၈၈၅၇ ဦးရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၈၄၃၆၆၃၁ ဦးရှိလာကြောင်း သိရသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါပိုးတွေ့ရှိဆဲလူနာ ၁၀၂၀၅၄၉ ဦးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဒေသဖြစ်သည့် မော်စကိုဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၅၆၅၈၃ ဦးရှိကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများနှင့် လူသတ်မှုအပါအဝင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီး ချမှတ်


တရားခံ
ဇေယျာနောင်(ခ)နောင်


တရားခံ
ဟိန်းထက်အောင်(ခ)ဈာန်ရဲ


တရားခံ
မျိုးမင်း


တရားခံ ကိုမင်း(ခ)ဒီကော၊ နိုင်လင်းစိုးနှင့်
ထက်လှိုင်ဦး(ခ)ငထက် (ဝဲ မှ ယာ)

**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဇေယျာနောင်(ခ)နောင်နှင့် မနန္ဒာအောင်(ဘ)ဦးသန်းစိုးတို့ နှစ်ဦးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံ ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့သဖြင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့ နှစ်ဦးကို "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

**"သေဒဏ်" အမိန့်ချမှတ်**

အလားတူ စက်တင်ဘာ ၁၃ ရက်တွင် ဟိန်းထက်အောင်(ခ) ဈာန်ရဲ(ဘ) ဦးရဲမြင့်၊ အာကာသိန်း(ခ)အာကာ(ဘ)ဦးမြင့်သိန်းတို့နှစ်ဦးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၉)ရပ်ကွက်နေ ဆယ်အိမ်မှူးတစ်ဦးကို သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၀၂(၁)(ခ)/ ၃၄ အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့နှစ်ဦးကို "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၃၀ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မျိုးမင်း(ခ)မျိုးမြင့်သည် တစ်ရပ်ကွက်တည်းနေသူနှင့် စကားများရန်ဖြစ်ရာမှ လူသတ်မှုကိုလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် စစ်ကိုင်းလမ်းနေ ထက်လှိုင်ဦး(ခ)ငထက်(ဘ)ဦးဝင်းနိုင် အပါအဝင် သုံးဦးတို့သည် အောက်တိုဘာ ၁၂ ရက်တွင် တစ်ရပ်ကွက်တည်းနေသူနှင့် စကားများ ရန်ဖြစ်ကြရာမှ လူသတ်မှုကိုလည်းကောင်း၊ နေဝင်း(ဘ)ဦးဖြိုးသည် စက်တင်ဘာ ၂၀ ရက်တွင်မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၂)ရပ်ကွက်၌ ရိုက်နှက်ရာမှ လူသတ်မှုကိုလည်းကောင်း ကျူးလွန်ခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၀၂(၂)အရ ဒီဇင်ဘာ ၂ ရက်တွင် ၎င်းတို့ ငါးဦးကို "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ် " ပြစ်ဒဏ်အား အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

**ဖမ်းဝရမ်းထုတ်ဆင့်**

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများ အနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်း ထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စာသင်ကျောင်းများနှင့် သင်တန်းကျောင်းများအား အကြမ်းဖက်သမားများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ ဖောက်ခွဲဖျက်ဆီး



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက လာရောက်ပစ်ခတ်တိုက်ခိုက်မှု။

**နေပြည်တော် ဒီဇင်ဘာ ၃**

အကြမ်းဖက် သမားများသည် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များအတွက် ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှသွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာနေသော လမ်းမကြီးများ၊ လမ်းများနှင့် ဌာနဆိုင်ရာ ရုံးများအား လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ ပစ်ပေါက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

**မီးရှို့ဖျက်ဆီးခဲ့**

ထိုသို့အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များပြုလုပ်ခဲ့ရာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းအား အကြမ်းဖက်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် နံနက် ၄ နာရီတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မြို့မ(၁)ရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း၏ ရုံးအဆောက်အဦအား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာရုံးအဆောက်အဦ တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

**ဖောက်ခွဲတိုက်ခိုက်**

အလားတူ ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြို့ကုန်းမြို့မရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့ တံတားအနီး၌ တာဝန်ကျတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေစဉ် အကြမ်းဖက်အဖွဲ့က လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ အကြမ်းဖက်အဖွဲ့က မျက်နှာချင်းဆိုင်ရှိ ပန်းခြံမှနေ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ကျောင်းစောင့်ဖြစ်သူ ဦးမြင့်ဝင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ကောလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃**

အမျိုးသမီးများကို ပြည့်တန်ဆာအဖြစ်လုပ်ကိုင်ရန် ရောင်းစားခဲ့ပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နေ မxxxx၊ ၃၃ နှစ်၊ မxxxx၊ ၃၄ နှစ်၊ မxxxx၊ ၃၀ နှစ်နှင့် မxxxx(ကွယ်လွန်)တို့ လေးဦးကို တစ်မြို့တည်းနေ ဒေါ်သန်းသန်းဝင်းက ရေးမြို့တွင် အလုပ်လုပ်ကိုင်ပါက ငွေအမြောက်အမြားရမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး ရေးမြို့ အဏ္ဏဝါရပ်ကွက်နေ "ဘုရင်မ" ဘီယာဆိုင်ပိုင်ရှင် ဦးထင်ကျော်ထံ ပြည့်တန်ဆာအဖြစ် လုပ်ကိုင်ရန်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဝေါမြို့မရဲစခန်းက(ပ)၂၉/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ပဲခူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် တရားခံ ဒေါ်သန်းသန်းဝင်းနှင့် ဦးထင်ကျော်တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေသူ မxxxx၊ ၁၅ နှစ်အား တစ်မြို့နယ်တည်းနေသူ အောင်ဇော်၊ ၂၁ နှစ် (ဘ)ဦးပေါက်စနှင့် ဇနီးဖြစ်သူ မမော်မော်သန်း(ခ) မချစ်ပို(ခ) လရိပ်၊ ၂၁ နှစ် (ဘ)ဦးတင်ထွန်းတို့က KTV တွင် အလုပ်လုပ်ကိုင်လျှင် ငွေအမြောက်အမြားရမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး မကြည်ကြည်ခိုင်(ခ)မခိုင်မှတစ်ဆင့် ပြည့်တန်ဆာအိမ်သို့ ပို့ဆောင်ရောင်းစား၍ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြို့မရဲစခန်းက(ပ)၁၀၆၃/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ နိုဝင်ဘာ ၂၆ ရက်တွင် တရားခံ အောင်ဇော်၊ မမော်မော်သန်း(ခ)ချစ်ပိုနှင့် မကြည်ကြည်ခိုင်(ခ) မခိုင်တို့ သုံးဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)အရ အလုပ်နှင့် ထောင်ဒဏ်(၂၀)နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၁-၂-၂၀၂၁ ရက်နေ့မှ ၃၀-၁၁-၂၀၂၁ ရက်နေ့ထိ တယ်လီဖုန်းတာဝါတိုင် ဖျက်ဆီးမှုစာရင်း

(ယမန်နေ့မှအဆက်)

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၂၄၈ | မကွေး | ဆောမြို့ တပြင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၄၉ | မကွေး | ရေစကြို၊ ဇီးတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၅၀ | မကွေး | ရေစကြို ပေါက်တောရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၁ | မကွေး | မကွေး ကန်သာရပ်ကွက် | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၂ | မကွေး | မြိုင်၊ ကြည်ကန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၃ | မကွေး | ရေစကြို၊ မအူတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၄ | မကွေး | စလင်း ဖောင်းလင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၅ | မကွေး | စလင်း ငါးသန်းခေါင်းရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၅၆ | မကွေး | မကွေး၊ ဂန့်ဂေါ | - | ၁ | MYTEL တာဝါတိုင် | ဗုံးခွဲဖျက်ဆီးခံရမှု |
| ၂၅၇ | မကွေး | မြိုင်၊ အင်းရောင်းရွာ | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၅၈ | မကွေး | ဆင်ပေါင်ဝဲ၊ ရွာပုလဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၅၉ | မကွေး | ပခုက္ကူ ၊ (၃)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၀ | မကွေး | ရေစကြို ထန်းတောကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၁ | မကွေး | ရေစကြို ပခန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၂ | မကွေး | ရေစကြို သမန္တပို့တောရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၃ | မကွေး | မင်းလှ မလွန်စမ်းကျေးရွာ | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၄ | မကွေး | ပေါက် ၊ ငွေးဂုံးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၅ | မကွေး | ဆိပ်ဖြူ၊ အင်းကန် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၆ | မကွေး | မြိုင်၊ အောင်ချမ်းသာရွာ | - | ၁ | Ooredoo တာဝါတိုင် | ဆက်စပ်ပစ္စည်းများအား ဖျက်ဆီးခံရမှု |
| ၂၆၇ | မကွေး | မြိုင်၊ မြေနုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၆၈ | မကွေး | ပေါက်၊ ပြစ်ထဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၆၉ | မကွေး | ဆိပ်ဖြူ အနောက်ကမ်းဖြူရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၀ | မကွေး | ပေါက် ပေခုနစ်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၁ | မကွေး | ပေါက် ငမို့ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း/မီးပုလင်းဖြင့် ပစ်ပေါက်ဖျက်ဆီးခံရမှု |
| ၂၇၂ | မန္တလေး | မတ္တရာမြို့၊ ပတ်လည်အင်းရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၃ | မန္တလေး | စဉ့်ကူးမြို့၊ ကျည်တောက်ပေါက်ရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၄ | မန္တလေး | သပိတ်ကျင်းမြို့၊ ကျောက်ဖြာရွာ | - | ၁ | Ooredoo တာဝါတိုင် | မိုင်းခွဲဖျက်ဆီးခံရမှု |
| ၂၇၅ | မန္တလေး | သာစည်မြို့၊ ကျည်းကန်ရွာ | - | ၁ | MYTEL တာဝါတိုင် | မီးပုလင်းနှင့်ပစ်ပေါက်ဖျက်ဆီးခံရမှု |
| ၂၇၆ | မန္တလေး | ပြင်ဦးလွင်၊ ဆင်လမ်းရွာ | - | ၁ | Ooredoo တာဝါတိုင် | လက်လုပ်မိုင်းခွဲဖျက်ဆီးမှု |
| ၂၇၇ | မန္တလေး | ငါန်းဇွန်ကားလမ်းဘေး | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၈ | မန္တလေး | ငါန်းဇွန်(၄)ရပ်ကွက် | - | ၁ | Mytel Ooredoo Telenor | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၇၉ | မန္တလေး | ဝမ်းတွင်း၊ ဖလံကျင်း | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၀ | မန္တလေး | ဝမ်းတွင်း သဲတောလေး | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၁ | မန္တလေး | မိုးကုတ် မြို့မရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၂ | မန္တလေး | မတ္တရာ အမှတ်(၄)မှန်စီရပ် | - | ၁ | Telenor တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၃ | မန္တလေး | စဉ့်ကူးမြို့၊ ကံပျိုကျေးရွာ | - | ၁ | Ooerdoo တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၄ | မန္တလေး | နွားထိုးကြီး လျှော်ဖြူ(တ)ရွာ | - | ၁ | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၅ | မန္တလေး | သပိတ်ကျင်း ကံသာကျေးရွာ | - | ၁ | MPT တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၂၈၆ | မန္တလေး | ပုသိမ်ကြီး၊ လိမ်ပင်ကျေးရွာ | - | ၁ | MPT တာဝါတိုင် | လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှု |
| ၂၈၇ | မန္တလေး | မိုးကုတ်၊ ဗမွန်ကျေးရွာ | - | ၁ | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခံရမှု |
| ၂၈၈ | မန္တလေး | သပိတ်ကျင်း၊ ဝါဖြူတောင်ကျေးရွာ | - | ၁ | Ooredoo တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၈၉ | မန္တလေး | သပိတ်ကျင်း၊ ကွင်း ၃၀ ကျေးရွာ | - | ၁ | Ooredoo တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၀ | မန္တလေး | မလှိုင် သက္ကယ်ကျင်းရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့်ဖောက်ခွဲခံရမှု |
| ၂၉၁ | မန္တလေး | ပြည်ကြီးတံခွန် (စ)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၂ | မန္တလေး | မိုးကုတ် ရှောလီဝိုင်းရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၂၉၃ | မန္တလေး | မိတ္ထီလာ၊ကုက္ကိုလ်ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ပစ္စည်းများအား ခိုးယူဖျက်ဆီးခံရမှု |
| ၂၉၄ | မန္တလေး | ကျောက်ဆည် ကုလားကျောင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၂၉၅ | မန္တလေး | နွားထိုးကြီး မာန်လည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲခံရမှု |
| ၂၉၆ | မန္တလေး | တောင်သာချောင်းနား | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၇ | မန္တလေး | ပုသိမ်ကြီး၊ လိမ်ပင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၈ | မန္တလေး | ကျောက်ဆည်၊ သင်ပျိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းထောင်ထားမှု |
| ၂၉၉ | မန္တလေး | တောင်သာ၊ နန်းတည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၀ | မန္တလေး | နွားထိုးကြီး၊ လက်ဝဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၁ | မန္တလေး | တံတားဦး မြင်းသည်ကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၂ | မန္တလေး | စဉ့်ကူး သဲအင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၃ | မန္တလေး | စဉ့်ကူး ရွှေဘယက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၄ | မန္တလေး | တံတားဦး၊ မြေငူကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၀၅ | မန္တလေး | ပြည်ကြီးတံခွန် (ဂ)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၆ | မန္တလေး | အမရပူရ စာတော်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၇ | မန္တလေး | ချမ်းမြသာစည် မြရည်နန္ဒာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၈ | မန္တလေး | ချမ်းမြသာစည် အောင်သာယာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၀၉ | မန္တလေး | ငါန်းဇွန်မြို့၊ ခေါင်းဘိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၀ | မန္တလေး | ဝမ်းတွင်း ကြို့ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၁ | မန္တလေး | ဝမ်းတွင်း ဖလန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၂ | မန္တလေး | ဝမ်းတွင်း နဘဲကန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၃ | မန္တလေး | ငါန်းဇွန် ရွှေတောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၄ | မန္တလေး | ပုသိမ်ကြီး ရေလောင်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၁၅ | မန္တလေး | တံတားဦး၊ နွားခြံကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၆ | မန္တလေး | တောင်သာ အနောက်ချောင်းဆုံကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၇ | မန္တလေး | မဟာအောင်မြေ၊ ဒေးဝန်းအရှေ့ရပ်ကွက် | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၈ | မန္တလေး | ကျောက်ပန်းတောင်း၊ ကျောက်စစ်ကန် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၁၉ | မန္တလေး | ဝမ်းတွင်း၊ ဆူပန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၀ | မန္တလေး | ဝမ်းတွင်း၊ သုံးထောင့်အိုင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၁ | မန္တလေး | ဝမ်းတွင်း၊ အိုင်သာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၂၂ | မန္တလေး | ဝမ်းတွင်း၊ ရွှဲသီးကျေးရွာ | - | ၁ | Telenor တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၂၃ | မန္တလေး | နွားထိုးကြီး မာန်လည်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၃၂၄ | မန္တလေး | အမရပူရ သရက်တန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခံရမှု |
| ၃၂၅ | မန္တလေး | မြင်းခြံ ပျော်ခင်းသာရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၆ | မန္တလေး | ညောင်ဦး တောင်ရှေ့ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၇ | မန္တလေး | မလှိုင်၊ ကူခွဲကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၈ | မန္တလေး | ညောင်ဦး ဝါခင်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးဖောက်ခွဲခံရမှု |
| ၃၂၉ | မန္တလေး | စဉ့်ကူး၊ ဝါးဘိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၀ | မန္တလေး | ဝမ်းတွင်း၊ သခွပ်မြင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၁ | မန္တလေး | ငါန်းဇွန်၊ ရွှေပြည့်ရှင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၂ | မန္တလေး | ငါန်းဇွန်၊ ကုသကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၃၃ | မန္တလေး | ကျောက်ပန်းတောင်း စင်မြင့်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း ၂ လုံး တွေ့ရှိမှု |
| ၃၃၄ | မန္တလေး | မြစ်သား ပြည်လုံးအေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၅ | မန္တလေး | မတ္တရာ ရှမ်းရွာကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၆ | မန္တလေး | မတ္တရာ အောင်တောင်ကိုင်း | - | ၁ | MYTEL တာဝါတိုင် | မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၇ | မန္တလေး | ညောင်ဦး၊ မြကန်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၃၈ | မွန် | ရေးမြို့၊ ကနင်ကမော့ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၃၉ | မွန် | ကျိုက်ထို အင်္ဂဘိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၄၀ | မွန် | ရေး၊ ကျုံလောင်ရွာဟောင်း | - | ၁ | MYTEL တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၄၁ | မွန် | ဘီးလင်း၊သင်တောကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၄၂ | မွန် | ရေး၊ ရင်းဒိန်ချောင်းဝကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၄၃ | မွန် | ရေး၊ အောင်သပြေကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၄၄ | မွန် | သထုံ၊ ဆင်ကျုံးကျေးရွာ | - | ၁ | Telenor တာဝါတိုင် | ဖောက်ခွဲဖျက်ဆီးခံရမှု။ |
| ၃၄၅ | မွန် | ရေးမြို့၊ ကနင်ကမော့ရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၄၆ | မွန် | သထုံ ဆင်ကျုံးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၄၇ | မွန် | သံဖြူဇရပ် စခန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၄၈ | မွန် | ကျိုက်ထို ရေကျော်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၄၉ | မွန် | ပေါင်၊ ကွဲခြံကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၅၀ | မွန် | ပေါင် ကော့ပလိန်းကျွန်း | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၅၁ | မွန် | သထုံ ဆူးအင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၅၂ | ရန်ကုန် | လှိုင်သာယာမြို့၊ ရွှေလင်ပန်းရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၅၃ | ရန်ကုန် | မင်္ဂလာဒုံမြို့၊ ပျဉ်းမပင်ရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၅၄ | ရန်ကုန် | ကွမ်းခြံကုန်း တော်ခရမ်းကြီးရွာ | - | ၂ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၅၅ | ရန်ကုန် | လှည်းကူး အောင်မင်္ဂလာရပ် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၅၆ | ရန်ကုန် | ရန်ကုန် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၅၇ | ရန်ကုန် | ကျောက်တန်း၊ မြိုင်သာယာ (၂)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု |
| ၃၅၈ | ရန်ကုန် | သုံးခွ၊ ဆင်ခိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၅၉ | ရန်ကုန် | လှည်းကူး၊ ဒရယ်ဘိုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၆၀ | ရန်ကုန် | ဒဂုံမြို့သစ်(တ) (၅၆)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၆၁ | ရန်ကုန် | တိုက်ကြီး ကွမ်းခြံကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၆၂ | ရန်ကုန် | မှော်ဘီ၊ မြို့မ(၂)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲမှု |
| ၃၆၃ | ရန်ကုန် | တွံတေး၊ သဝန်းတောရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်း တွေ့ရှိမှု |
| ၃၆၄ | ရန်ကုန် | တွံတေး၊ ဘုရားကြီးစုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၆၅ | ရန်ကုန် | အင်းစိန်၊ ကြို့ကုန်း(န)ရပ်ကွက် | ၁ | - | MPT တာဝါတိုင် | လက်လုပ်မိုင်း ၁ လုံး တွေ့ရှိမှု |
| ၃၆၆ | ရန်ကုန် | ရန်ကင်း ကမ္ဘာအေးဘုရားလမ်း | - | ၁ | MYTEL တာဝါတိုင် | Battery များ ခိုးယူခံရမှု |
| ၃၆၇ | ရန်ကုန် | ကျောက်တန်း တာပကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၃၆၈ | ရန်ကုန် | လှိုင်သာယာ(ရ) (၇)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |

စာမျက်နှာ ၁၆ သို့ ❍

❍ စာမျက်နှာ ၁၅ မှ

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် ကျေးရွာ | ဖျက်ဆီးမှု | | တယ်လီဖုန်း တာဝါတိုင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | အစိုးရ | ပုဂ္ဂလိက | | |
| ၃၆၉ | ရန်ကုန် | သုံးခွ၊ (၃)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၃၇၀ | ရန်ကုန် | ထန်းတပင် ပေါက်တန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု |
| ၃၇၁ | ရှမ်း | ဖယ်ခုံ၊ တောင်ပို့ကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | အောက်ခြေအထိုင်စက်ဘက်ထရီ/ ကေဘယ်လ်ကြိုးများနှင့် စက်အစိတ်အပိုင်းများအား ဖျက်ဆီးခံရမှု |
| ၃၇၂ | ရှမ်း | ကလော၊ ညောင်ပင်ထောက် ရပ်ကွက် | - | ၁ | MYTEL ဆက်သွယ်ရေးရုံး | လက်လုပ်ဗုံးပစ်ပေါက်ခံရမှု |
| ၃၇၃ | ရှမ်း | ဖယ်ခုံ၊ ကဖုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၇၄ | ရှမ်း | ဖယ်ခုံ နားကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၇၅ | ရှမ်း | ကလော လင်းပန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖောက်ခွဲမှု |
| ၃၇၆ | ရှမ်း | ဖယ်ခုံ ပအိုဝ်းနန်းဖဲရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၇၇ | ရှမ်း | ကျောက်မဲ (၁)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးပေါက်ကွဲမှု |
| ၃၇၈ | ရှမ်း | ကျောက်မဲ (၁)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးပေါက်ကွဲမှု |
| ၃၇၉ | ရှမ်း | ညောင်ရွှေ၊ ချောင်းစောက်ရွာ | ၁ | - | MPT တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၀ | ရှမ်း | ညောင်ရွှေ၊ ရွှေရန်ပြေကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၁ | ရှမ်း | ပင်းတယ၊ ညောင်ကောက်ရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၈၂ | ရှမ်း | မိုင်းရယ် ပန်းကိုးကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဆက်သွယ်ရေးကြိုးများ ခိုးယူဖျက်ဆီးခံရမှု |
| ၃၈၃ | ရှမ်း | မော်လမြိုင်ကျွန်း၊ ဝါးရုံစုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၄ | ဧရာဝတီ | ဘိုကလေး၊ စိန်ဟိုင်းကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၅ | ဧရာဝတီ | ညောင်တုန်း (၈)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၆ | ဧရာဝတီ | ကျိုက်လတ်၊ ချစ်ကုန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ခံရမှု |
| ၃၈၇ | ဧရာဝတီ | မအူပင်၊ တလုပ်လတ် (အနောက်)ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်ဗုံးပေါက်ကွဲမှု |
| ၃၈၈ | ဧရာဝတီ | ဟင်္သာတ၊ စခန်းကြီးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၈၉ | ဧရာဝတီ | မော်လမြိုင်ကျွန်း ဝက်ကွင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၉၀ | ဧရာဝတီ | ပုသိမ် မဒေါ့ကုန်းကျေးရွာ | ၁ | - | MPT တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၉၁ | ဧရာဝတီ | ကျောင်းကုန်း ဒိုးတန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၉၂ | ဧရာဝတီ | ဘိုကလေး၊ မရဲ့ရွာသစ်ကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | ဖျက်ဆီးခံရမှု |
| ၃၉၃ | ဧရာဝတီ | ဖျာပုံ ၊ (၁၆)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၃၉၄ | ဧရာဝတီ | ပုသိမ် ၊ (၆)ရပ်ကွက် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၉၅ | ဧရာဝတီ | ကျိုက်လတ် မင်းလှစုကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၉၆ | ဧရာဝတီ | ဖျာပုံ အဖောင်းကျေးရွာ | - | ၁ | TELENOR တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၉၇ | ဧရာဝတီ | ငပုတော ပိတောက်ကုန်းရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၉၈ | ဧရာဝတီ | ငပုတော သံပတ်ကွင်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၃၉၉ | ဧရာဝတီ | ငပုတော ကနစိုးကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၄၀၀ | ဧရာဝတီ | ငပုတော၊ ကုန်းတန်းကြီးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၄၀၁ | ဧရာဝတီ | ကြံခင်း | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၄၀၂ | ဧရာဝတီ | ကြံခင်း၊ သောကြာဒူးရွာ | - | ၁ | MYTEL တာဝါတိုင် | မီးရှို့ဖျက်ဆီးခံရမှု |
| ၄၀၃ | ဧရာဝတီ | ကျောင်းကုန်း ဒိုးတန်းကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခံရမှု |
| ၄၀၄ | ဧရာဝတီ | ကျောင်းကုန်း လယ်တီကျေးရွာ | - | ၁ | MYTEL တာဝါတိုင် | မသင်္ကာဖွယ် အထုပ် ၁ ထုပ် တွေ့ရှိရှင်းလင်းမှု |
| ၄၀၅ | ဧရာဝတီ | ကန်ကြီးထောင့် | - | ၁ | MYTEL တာဝါတိုင် | လက်လုပ်မိုင်းတွေ့ရှိမှု |
| စုစုပေါင်း | | | ၁၉ | ၃၉၀ | | |

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၀၇ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၈ ဒသမ ၁၀၀၀ တန်၊ သစ်မာ ၃၀ ဒသမ ၉၂၇၈ တန်၊ အခြား ၂၈ ဒသမ ၅၂၀၄ တန် စုစုပေါင်း ၁၀၇ ဒသမ ၅၄၈၂ တန်၊ ပြစ်မှုကျူးလွန်သူ ခုနစ်ဦး၊ ယာဉ်/ယန္တရား ခုနစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



ညီညီသန်း(နေပြည်တော်)

■




# မြိတ်၊ ဒေါပုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့နယ် ပသောင်းကျေးရွာအုပ်စု ပသောင်းကျေးရွာအနီးတွင် ဇော်မျိုး မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း၊

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ယမုံနာ (၂)ရပ်ကွက် စာတိုက်(၁)လမ်းတွင် ဝင်းမိုးနိုင် စီးနင်းပြီး သန်းအေး(ခ)ဗျတ္တာ လိုက်ပါလာသည့်စက်ဘီးကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့က သန်းအေး နေထိုင်သည့် ယမုံနာ(၂)ရပ်ကွက် စာတိုက်(၁)လမ်းရှိ အမှတ်(ခ/၃၅)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀၀ နှင့် အိုက်စ် သုည ဒသမ ၀၀၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းနေ့ ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ရွှေဖူးမျှော်လမ်းတွင် ခင်မောင်(ခ)အီစွတ်အား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ်၂၀ တွင် ဗမာအေးရပ်ကွက် မင်းနန္ဒာလမ်းတွင် ခင်မောင်စိုး(ခ)ဂျလစ်အား စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၊ အိုက်စ် သုည ဒသမ ၀၀၈ ကီလို၊ ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ညနေ ၄ နာရီ ၁၀ မိနစ်တွင် ၎င်းနေထိုင်သည့် နွယ်အေးရပ်ကွက် နွယ်နီ(၄)လမ်း တိုက်ခန်းအမှတ်(၃၃၇)သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၁၂၀၊ အိုက်စ် သုည ဒသမ ၄၂၅ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၁ ကီလိုတို့ကို လည်းကောင်း၊

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ပါကွေ့(အပေါ်)ကျေးရွာနေ စောဂျယ်(ခ)ရဲဝင်း၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဝင်းမိုးနိုင်၊ သန်းအေး(ခ)ဗျတ္တာ၊ ခင်မောင်(ခ)အီစွတ်၊ ခင်မောင်စိုး(ခ)ဂျလစ်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စာရေးသူရဲ့ ဝေဒနာနဲ့ စေတနာ

ဆောင်းနှင်းပွင့်ဖြူ

စာရေးဆရာအလုပ်ကို တော်ရုံတန်ရုံ ဇွဲသတ္တိနဲ့ မလုပ်နိုင်ကြပါဘူး။ လမ်းတစ်ဝက်မရောက်ခင် "တော်ပြီ တော်ပြီ" ဆိုပြီး ပြန်လှည့်သွားသူ၊ ရပ်နားလိုက်သူတွေပဲ များပြားပါတယ်။ အပြစ်ဆိုခြင်းမဟုတ်ပါ။ အဖြစ်မှန်အခြေအနေကို ဖော်ပြခြင်းပါ။

**အားနက်စ်ဟဲမင်ဝေး (၁၈၉၉-၁၉၆၁)** ဆိုတဲ့ ကမ္ဘာကျော် အမေရိကန်စာရေးဆရာက ပြောဖူးတယ်-

**"စာရေးဆရာဆိုတာ အမြဲတမ်းအထီးကျန်ပါပဲ။ အမြဲတမ်းလည်း စည်းအပြင်က လူတစ်ယောက်ဖြစ်နေတတ်ပါတယ်"**တဲ့။

အားနက်စ်ဟဲမင်ဝေးရဲ့ဖခင်ဟာ ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။ သူဟာ အသက် ၃၀ အရွယ်လောက်မှာပဲ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ ဟဲမင်ဝေးရဲ့ စိတ်ထဲမှာ အရိပ်မည်းတစ်ခု စွဲထင်ခဲ့သလိုပဲ။ ဘာကြောင့်လဲတော့ မပြောတတ်ပါဘူး။ အောင်မြင်ထင်ရှားလှတဲ့ အမေရိကန်ထိပ်တန်း နာမည်ကျော်စာရေးဆရာ ဟဲမင်ဝေးကလည်း အသက် ၆၂ နှစ်မှာ သူ့ကိုယ်သူ သတ်သေသွားခဲ့ပါတယ်။ သတ်သေခြင်းဆိုတာ မျိုးရိုးလိုက်တတ်တယ်လို့တော့ အထောက်အထား မရှိခဲ့ပါဘူး။

**စာပေဆိုင်ရာနိုဘယ်ဆုရခဲ့**

အားနက်စ်ဟဲမင်ဝေး မွေးဖွားခဲ့တဲ့ ၁၈၉၉ ခုနှစ်မှာပဲ တစ်နှစ်တည်း အတူမွေးဖွားတဲ့ ကမ္ဘာကျော် ဂျပန်စာရေးဆရာကြီးတစ်ဦး ရှိပါသေးတယ်။ သူကလည်း ၁၈၉၉ ခုနှစ်မှာ မွေးတယ်။ သူ့ဖခင်ကလည်း အထက်တန်းစားဆရာဝန်တစ်ဦးဖြစ်တာလည်း တူပြန်တယ်။ သူတို့ချင်းတူကြပြန်တာတစ်ချက်က စိတ်မကောင်းစရာပဲ။ မိမိကိုယ်ကို သတ်သေခြင်းမှာလည်း တူညီနေကြပြန်ပါတယ်။ သူ့အမည်က **ကဝါဘာတ(၁၈၉၉-၁၉၇၂)**၊ စာပေနိုဘယ်ဆုရတဲ့ ဂျပန်စာရေးဆရာထဲမှာ သူဟာ ပထမဦးဆုံးပါပဲ။ သူမသေမီ နှစ်နှစ်အလို (၁၉၇၀ ပြည့်နှစ်)မှာ သူနဲ့ချစ်ခင်တဲ့မိတ်ဆွေ ယူကီရိုမီးရှီးမားဟာ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ သူအကြီးအကျယ် စိတ်ထိခိုက်ခံစားရတယ်။ စိတ်ဓာတ်ကျမှုတွေ အဆက်မပြတ် ဖိစီးတယ်။ သူ့ရဲ့ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ကမ္ဘာတစ်ဝန်းကြိုက်နှစ်သက်ခဲ့ကြပါတယ်။ ဒါကြောင့်ပဲ ၁၉၆၈ ခုနှစ်မှာ စာပေဆိုင်ရာနိုဘယ်ဆုရခဲ့ခြင်း ဖြစ်ပါတယ်။

နိုဘယ်ဆုရခြင်း၊ မရခြင်းသည် စာရေးဆရာအချို့အတွက်တော့ ဘာမျှအရေးမပါဘူးဆိုရင်လည်း ရပါတယ်။ ကမ္ဘာကျော်စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုရှည်ကြီး (ရုပ်ရှင်အဖြစ် သုံးကြိမ် လေးကြိမ် ရိုက်ကူးခဲ့ကြဖူးတယ်)ကို အကြိမ်ပေါင်း ခုနစ်ကြိမ်၊ ရှစ်ကြိမ် အထပ်ထပ် အဖန်ဖန် ပြန်ရေးခဲ့ပြီး အခန်းတစ်ခန်းကို စိတ်တိုင်းမကျမချင်း အကြိမ်ပေါင်း ၇၈ ကြိမ်တိုင်တိုင် ပြန်ကာပြန်ကာရေးခဲ့သူ စာရေးဆရာ **လီယိုတော်စတွိုင်း (၁၈၂၈-၁၉၁၀)** ဟာ စာပေနိုဘယ်ဆုမရခဲ့ပါ။ သူ့ကို စာပေနဲ့ပတ်သက်ပြီး နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က ၁၉၀၁၊ ၁၉၀၂၊ ၁၉၀၆ နဲ့ ၁၉၁၀ ပြည့်နှစ်တို့မှာ လေးကြိမ်တိုင်တိုင် အမည်စာရင်း ထည့်သွင်းစဉ်းစားခဲ့ကြပါတယ်။ တကယ်တမ်းမပေးဖြစ်ခဲ့ပါဘူး။ ဒါဟာလည်း စာမရေးသူတွေ ပေးတဲ့ဆုကို စာရေးသူက လက်မခံလိုက်ရတာ ကံကောင်းခြင်းတစ်ရပ်ပါပဲ။

ကမ္ဘာ့စာဖတ်ပရိသတ်ကတော့ တော်စတွိုင်းရဲ့ စာပေလက်ရာတွေကို ဖတ်တိုင်းဖတ်တိုင်း စာပေဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စာပေကို လူသားအားလုံးအတွက် ကောင်းကျိုးရရှိစေအောင် မေတ္တာစေတနာရော၊ အတတ်ပညာ အနုပညာရော စာပေစွမ်းအား အလွန်တရာကြီးမားလှတဲ့ စာရေးဆရာကြီးပဲဆိုတာ ဘယ်သူမျှ အငြင်းမပွားပါဘူး။ သူ့ရဲ့မိဘနှစ်ပါးက အမျိုးသားမြို့စားနဲ့ အမျိုးသမီးမြို့စားအဖြစ် သူကောင်းပြုခံရတဲ့ ဆွေကြီးမျိုးကြီးတွေပါ။ တစ်သက်လုံးစားလို့သုံးလို့ မကုန်နိုင်အောင် ပြည့်စုံကြွယ်ဝတဲ့ မြေပိုင်ရှင်သူဌေးမင်းတွေပေါ့။ တော်စတွိုင်းက လူတွေဟာ ချမ်းသာကြွယ်ဝလို့ မြေတွေ ဧကများစွာရာထောင်ချီပြီး ဘယ်လောက်ပဲပိုင်ပိုင် ဘဝနေဝင်ချိန်ရောက်ရင် ၂ ပေ x ၆ ပေ မြေကျင်းထဲမှာပဲ (ဘာတစ်ခုမှ မပိုင်ဆိုင်နိုင်တော့ဘဲ) လဲလျောင်းရမှာဖြစ်ကြောင်း သူ့ရဲ့ဝတ္ထုထဲမှာ ထည့်ပြီး ခံစားနားလည်အောင် ရေးထားပေးပါတယ်။ ပိုင်ဆိုင်တယ်ထင်သမျှဟာ ရေပွက်ပမာ။


စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုကြီးထဲမှာ စစ်ရဲ့အနိဋ္ဌာရုံတွေကို လူတွေကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သိမြင်ခံစားရအောင် အကောင်းဆုံးသရုပ်ဖော်ရေးပြသွားနိုင်ခဲ့တယ်လေ။ မဖတ်ဖူးသေးရင် ဖတ်ကြည့်စေချင်ပါတယ်။ စစ်ဆိုတာဘယ်လောက်များ ရက်စက်ပြီး ထိတ်လန့်ကြောက်ရွံ့ နာကြည်းစရာကောင်းသလဲ။

ယမ်းနံ့တွေပါတယ်။


သွေးညှီနံ့တွေပါတယ်။

လူသေအလောင်းတွေ အစုလိုက်အပြုံလိုက် မြင်ကြရမယ်။ ခြေပြတ်လက်ပြတ် သွေးသံရဲရဲတွေ မြင်ရမယ်။ အလန့်တကြား အော်ဟစ်ငိုညည်းသံတွေ ကြားရလိမ့်မယ်။ အမြောက်ဆန်၊ ဗုံးသံတွေ ဆူညံပေါက်ကွဲ။


သားတကွဲ၊ လင်တကွဲ၊ ဆွေတကွဲ၊ မျိုးတကွဲ၊ မိသားစုတွေ ပျောက်ဆုံးကြေကွဲ ကွဲကွာကြရပုံတွေကို အော်ဂလီဆန်ပျို့အန်လာလောက်အောင် ခံစားရလိမ့်မယ်။ တကယ့်သဘာဝကျကျ ဖော်ပြနိုင်တာပေ့ါ၊ သူကိုယ်တိုင် စစ်ပွဲတွေမှာပါဝင်ခဲ့တဲ့ အတွေ့အကြုံတွေလေ။ အမြောက်တပ်မှာ အရာရှိလုပ်ခဲ့ဖူးတာကိုး။



ဟဲမင်ဝေး
(၁၈၉၉-၁၉၆၁)



ကဝါဘာတ
(၁၈၉၉-၁၉၇၂)



လီယိုတော်စတွိုင်း
(၁၈၂၈-၁၉၁၀)

ငယ်ရွယ်သူတွေ၊ ကလေးအဖေတွေ၊ လင်ယောကျ်ားတွေ စစ်သားစစ်ဗိုလ်အဖြစ် တစ်ဖက်နဲ့တစ်ဖက် လက်နက်မျိုးစုံနဲ့ တိုက်ခိုက်သတ်ဖြတ်ရင်း မိသားစုတွေကို စွန့်ခွာပြီး တမလွန်ကို ထွက်ခွာသွားကြရပုံတွေ၊ ထိတ်လန့်တုန်လှုပ်စရာမြင်ရမယ်။ ခံစားရမယ်။

**ပိုးဖလံမျိုး မီးကိုတိုးသလို စွတ်ပြီး ဇွတ်ဝင်တိုး**

စစ်ရဲ့ဆိုးကျိုးကို ဘာမျှမသိဘဲ အချို့က ပိုးဖလံမျိုး မီးကိုတိုးသလို စွတ်ပြီး ဇွတ်ဝင်တိုးနေကြတာရှိနေတယ်။ စာပေနဲ့လည်းဝေးကြတယ်။ ဗဟုသုတလည်း နည်းကြတယ်။ စစ်ဆိုတာ ဘာလဲ။ ငြိမ်းချမ်းရေးဟာ ဘယ်လောက်တန်ဖိုးကြီးမားသလဲ။

လူတစ်ယောက်ရဲ့ အာဏာငမ်းငမ်းတက် အရူးထမှုက စစ်ပွဲတွေကို မီးရှို့ပေးပြီး လူသားပေါင်းများစွာကို သေကျေဆင်းရဲငတ်မွတ်နာကျင်ခြင်း ဆင်းရဲတွင်းထဲကို ကျဆင်းစေတယ်ဆိုတဲ့ အသိအမြင်သင်ခန်းစာတွေကို စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထုရှည် (၁၈၆၉ မှာ ရေးသား)၊ မြန်မာဘာသာသို့ ဆရာမြသန်းတင့်က လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကျော်က ပြန်ခဲ့တယ်။

၁၂ တွဲခွဲ၍ စောင်ရေများစွာ။ ပထမတွဲ၊ ဒုတိယတွဲခွဲပြီး လေးငါးခြောက်ကြိမ် ထပ်မံပုံနှိပ်ခဲ့ပြီးပြီ။ စာကောင်းပေကောင်းတွေက စာဖတ်သူတွေကို အသိအမြင် ဗဟုသုတ ကျယ်ဝန်းစေပါတယ်။ အမှန်နဲ့ အမှား၊ အကောင်းနဲ့အဆိုး ခွဲခြားဝေဖန်နိုင်အောင် လမ်းမှန်ညွှန်ပြနိုင်ကြတယ်။

စာရေးဆရာဆိုတာ ဖယောင်းတိုင်လိုပါပဲ။

ပတ်ဝန်းကျင်ကို အမှောင်ပယ်ခွင်း လင်းကျင်းနေအောင် မီးအလင်းရောင်ပြသပေးပေမယ့် သူကတော့ တဖြည်းဖြည်းနဲ့ လောင်မြိုက်ချုပ်ငြိမ်းသွားရတယ်။ ကြာလေတိုလေ။

သနပ်ခါးသွေးတဲ့ ကျောက်ပျဉ်လိုပါပဲ။

ပါးပြင်မှာ မွှေးမြတဲ့ သနပ်ခါးလိမ်းကျံဖို့ရာ ကျောက်ပျဉ်က အသွေးခံပေးရတာပဲ။

စာရေးဆရာက ပါးပြင်မွှေးပါစေလို့ သနပ်ခါးတုံးကို ပွတ်တိုက်ပေးရတာလေ။ ကျောက်ပျဉ်။

စာရေးဆရာက ပန်းလိုချင်လို့ အပင်ကို ပျိုးခဲ့ကြပေမယ့် သူကိုယ်တိုင် ပန်ဖို့အတွက်မဟုတ်ဘဲ အများပြည်သူတွေ ပန်ဆင်ပြီး မွှေးကြပါစေ၊ လှကြပါစေ။ တကယ်စင်စစ် ဥယျာဉ်မှူးတွေပါလေ။

လယ်မြေကေပေါင်းများစွာ၊ ကျေးကျွန်လုပ်သား ဝန်ထမ်းများစွာ ပိုင်ဆိုင်ပြီး နန်းတော်တမျှ စံအိမ်ကြီးနဲ့ တစ်ထီးတစ်နန်းနေထိုင်နိုင်တဲ့ စာရေးဆရာလီယိုတော်စတွိုင်းဟာ မကွယ်လွန်ခင်မှာ အရာရာကို ပေးလှူစွန့်ကြဲခဲ့ဝေပေးခဲ့ပြီး တစ်ခုသော အေးမြလှတဲ့ ဆောင်းညည၌လယ်မှာ တစ်ကိုယ်တည်း အိမ်က ထွက်ခွာသွားခဲ့တယ်။ (သူ့အတ္ထုပ္ပတ္တိရှိတယ်။ ရုပ်ရှင်တွေလည်း နှစ်ကြိမ်၊ သုံးကြိမ် ရိုက်ထားဖူးကြတယ်)၊ ၁၉၁၂၊ ၁၉၈၄ နဲ့ ၂၀၀၉ တို့မှာ တော်စတွိုင်းဘဝမှတ်တမ်းကို ရုပ်ရှင်ရိုက်ကူးတဲ့ သုံးမျိုးတောင်ရှိသတဲ့။ တစ်ကားကြည့်ဖူးရဲ့။

အဲဒီညမှာပဲ တော်စတွိုင်းဟာ အဆုတ်အအေးပတ်ရောဂါနဲ့ အက်စတာပိုဗို မီးရထားဘူတာရုံလေးထဲမှာ ကွယ်လွန်သွားရှာပါတယ်။ သူ့ရဲ့ဘဝအဘိဓမ္မာတွေဟာ ဘာသာတရားအဆုံးအမတွေနဲ့ ကိုက်ညီကြပြီး ဗုဒ္ဓဘာသာသဘောနဲ့လည်း အတော်ကြီးနီးစပ်ကြပါတယ်။ သူတော်စင်သူတော်ကောင်းပါပဲ။

ဆက်စပ်တာ မဆက်စပ်တာအသာထား။ ရုရှားစာရေးဆရာကြီး၊ ပြီးတော့ ကမ္ဘာကျော် ပြင်သစ်စာရေးဆရာတစ်ယောက်အကြောင်း ဆက်ပြောပါရစေဦး။

**နှစ်နှစ်အတွင်း အကြိမ်၂၀ ရိုက်နှိပ်**

**ဂီးဒီမိုပါဆွန်း (၁၈၅၀-၁၈၉၃)** ဆိုတာ ကမ္ဘာကျော်အောင် စာရေးကောင်းတဲ့ စာရေးဆရာတစ်ဦးပါ။ ၁၈၈၁ ခုနှစ်မှာ သူ့ရဲ့ ဝတ္ထုတိုများစာအုပ်ဟာ နှစ်နှစ်အတွင်း အကြိမ်၂၀ ရိုက်နှိပ်ခဲ့ရတယ်။ ၁၈၈၃ ခုနှစ်မှာထွက်တဲ့ ဝတ္ထု Unie Vie ကလည်း တစ်နှစ်အတွင်း အုပ်ရေ နှစ်သောင်းခွဲ ရောင်းခဲ့ရတယ်။ ၁၈၈၅ မှာ ထုတ်ဝေတဲ့ Bel Ami ဝတ္ထုရှည်ကတော့ ထွက်ရှိပြီး လေးနှစ်အတွင်း ၃၇ ကြိမ် ထပ်ရိုက်ခဲ့ရတယ်။ လူကြိုက်များပုံ စန်းတက်ပုံတော့ ပြောမနေနဲ့တော့။ စာရေးအားကလည်း ကောင်းသလားမမေးနဲ့။ စက်နဲ့လှည့်ထုတ်သလား အောက်မေ့ရတယ်။

ဂျိုးဇက်ပရူနီးယား၊ ဂီးဒီဇားလ်မောင့်၊ မူဖရစ်နူစီ စတဲ့ ကလောင်အမည်ကွဲအမျိုးမျိုးနဲ့ ရေးသေးတယ်။

သူက ၁၈၉၂ ခုနှစ်မှာ သူ့လည်မျိုကိုဖြတ်ပြီး သေဖို့ကြိုးစားခဲ့တယ်။ ကံဖယ်တော့ သူ့တပည့်က ကယ်လို့ အသက်မသေဘူး။ ဒါပေမဲ့ နောက်တစ်နှစ်အကြာ ၁၈၉၃ ခုနှစ်မှာတော့ ရူးသွပ်တဲ့ရောဂါနဲ့ ဂီးဒီမိုပါဆွန်း ကွယ်လွန်သွားခဲ့ရှာပါတယ်။ ပါရီမြို့တော်ရှိ မွန့်ပါနက်စီသုသာန်က သူ့ရဲ့အုတ်ဂူပေါ်မှာ သူရေးခဲ့ဖူးတဲ့ စာနှစ်ကြောင်း ရေးသားထားတယ်။ ထင်ရှားတဲ့ သူ့စာတစ်ပုဒ်-

**"အရာရာကို ငါတပ်မက်ခဲ့ဖူးတယ်။**

**ဘယ်အရာကမှ ပျော်ရွှင်ကျေနပ်မှု မရခဲ့ပါ "** ... တဲ့။

**စာမျက်နှာ ၁၈ သို့** ❂

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**



ဂီးဒီမိုပါဆွန်း
(၁၈၅၀–၁၈၉၃)



ဗာဂျီးနီးယားဝုဖ်
(၁၈၈၂–၁၉၄၁)



ဆီမွန်ဒီဗူးဗွား
(၁၉၀၈–၁၉၈၆)

❂ စာမျက်နှာ ၁၇ မှ

အကယ်၍သာ လူတွေဟာ စာကောင်းပေကောင်း၊ စာကြီးပေကြီးတွေနဲ့ ထိတွေ့ရင်းနှီးကြမယ်ဆိုရင် လူသားရဲ့ဘဝတန်ဖိုးကို နားလည်တန်ဖိုးထားတတ်ကြမှာပဲ။ ဝတ္ထုတွေထဲက ဇာတ်ကောင်တွေ ကောက်ကျစ်ဆိုးယုတ်လို့ ဒုက္ခကြုံရပုံတွေတွေ့မယ်။ စိတ်ကောင်းနှလုံးကောင်းနဲ့ သူတစ်ပါးအပေါ် ကူညီဖေးမမှု ပြုလုပ်ပေးကြလို့ မိမိဘဝလည်း အေးချမ်းသာယာပျော်ရွှင်စွာ နေရလေ့ရှိပုံတွေ မြင်ကြရမယ်။ ဘဝသင်ခန်းစာတွေကို ဓမ္မပဒ၊ ဇာတ်တော်ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့ စတာတွေကို ဖတ်သလိုပဲပေါ့။ လိမ္မာယဉ်ကျေးတဲ့ အတွေးအခေါ်အသိအမြင်တွေ တိုးလာကြလိမ့်မယ်။

စာပေထွန်းကားရေးဟာ လူ့အဖွဲ့အစည်း၊ လူ့အသိုက်အဝန်းမှာ ရုပ်ဝတ္ထု အစာအာဟာရ လိုအပ်ချက်လိုပဲ အရေးတကြီးလိုအပ်တဲ့ အရာမျိုးပေပဲ။ ဒါကို စဉ်းစားကြည့်ကြစေလိုပါတယ်။

**ဘဝအမြင်၊ လောကအမြင်တွေ ပြောင်းလဲ**

စာပေတွေကို ဖတ်ရင်းဖတ်ရင်းက နှစ်သက်ကျေနပ်မှုတွေနဲ့အတူ ဘဝအမြင်၊ လောကအမြင်တွေဟာ ပြောင်းလဲသွားစေပါတယ်။ အမြင်မကျဉ်းတော့ဘူး။ သဘောထား မသေးသိမ်တော့ဘူး။ နေရာတကာ ငါနဲ့ သူတို့ဆိုတဲ့ ရန်လိုသွေးကွဲတဲ့ ရုပ်တည်ချက် ခွဲခြားရှုမြင်ခြင်း အစွဲမျိုးတွေ ပျောက်ကင်းသွားမှာပဲ။ မရိုင်းစိုင်းတော့ဘူးပေါ့။

စာဖတ်သူတွေကို ဗဟုသုတအမြင်တွေရစေအောင်၊ နှစ်သက်ကြည်နူးမှု ရသခံစားချက်တွေ မျှဝေနိုင်လေအောင် တကုပ်ကုပ်နဲ့ တစ်ယောက်တည်း အထီးကျန်စွာ စာရေးနေတဲ့ စာရေးဆရာဘဝဆိုတာ အခြားဝါသနာမပါ စိတ်မဝင်စားသူအတွက် ပျင်းရိငြီးငွေ့စရာ အလုပ်တာဝန်မျိုးတစ်ခုပါပဲ။ တကယ်တော့ သူကိုယ်တိုင် မျက်စိညောင်းအောင်၊ လက်ညောင်းအောင်ရေးနေရတဲ့ စာရေးသူကိုယ်တိုင်လည်း တစ်ခါတစ်ရံ ငြီးငွေ့မိတာ၊ မပျော်ပိုက်နိုင်တာ ရှိပေမှာပဲ။

ဗာဂျီးနီးယားဝုဖ်(၁၈၈၂–၁၉၄၁)ဟာ ကမ္ဘာကျော် စာပေရေးနိုင်တဲ့ စာရေးဆရာမအဖြစ် ထင်ပေါ်ကျော်ကြားနေဆဲမှာပဲ သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ သူဟာ အင်္ဂလန်သူ၊ အင်္ဂလိပ်မ။

ပြင်သစ်စာရေးဆရာမ မဒမ်ဆီမွန်ဒီဗူးဗွား (၁၉၀၈–၁၉၈၆)ဟာ ကျောင်းဆရာမ၊ တက္ကသိုလ်ကထိက စသည့်တာဝန်များအပြင် ထင်ရှားတဲ့ ကမ္ဘာကျော်စာရေးဆရာမတစ်ယောက်ဖြစ်တယ်။ သူ့လက်ရာ စာအုပ်တော်တော်များများကိုလည်း မြန်မာဘာသာ ပြန်ခဲ့ကြတယ်။ ဆရာမြသန်းတင့်လည်း ပြန်ဖူးတယ်။

စာကောင်းပေကောင်း၊ စာကောင်းပေမွန်တွေ ရေးခဲ့တယ်ဆိုပေမယ့် တက္ကသိုလ်မှာ စာသင်ခွင့် ရပ်ဆိုင်းခြင်းခံရဖူးတယ်ဆိုတဲ့ လူ့ကျင့်ဝတ်နဲ့မညီတဲ့ လိင်ကိစ္စပြဿနာမျိုးတွေနဲ့ အထင်အမြင်သေးခံရတာ၊ ဝိုင်းပယ်ခံရတာမျိုးတွေလည်း လောကဓံသဘာဝ ကြုံခဲ့ရတယ်။ သူက ပြင်သစ်နိုင်ငံ ပါရီမြို့သူ၊ ပါရီမှာမွေး၊ ပါရီမှာသေ။ ပြင်သစ်က ယဉ်ကျေးမှု ရောထွေးယှက်နွှယ်မှုတွေလည်း များပေတယ်။

စာရေးတယ်ဆိုတာ စာရေးဆရာနဲ့ စာပေလက်ရာကို တင်စားရင် ကမာကောင်ရဲ့ ရင်ထဲကို သဲမှုန်ခဲလေးတစ်ခုခုဝင်တာမျိုး ခံစားပြီး ပုလဲရည်ညှစ်ထုတ်ဖုံးအုပ်ရာမှ ပုလဲလုံးဖြစ်ပေါ်သလိုမျိုး။ ကမာကောင်ကျတဲ့မျက်ရည်နဲ့ နာကျင်ခံခက်မှုဝေဒနာတွေကပဲ အဖိုးတန်ပုလဲရတနာ ထွက်ပေါ်စေခဲ့တာ မဟုတ်ပါလား။

စာပေက နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှုဆိုတဲ့ အရာမျိုး သီးသန့်သဘောပါရှိသလို ကမ္ဘာ့အမွေ၊ လူသားတွေရဲ့ လူ့သဘာဝ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်၊ လူအားလုံးရဲ့ အတွေးအခေါ်၊ ခံယူချက်၊ မျှော်လင့်ချက်နဲ့ ဖန်တီးမှုတွေလည်း ပါဝင်နေကြတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ စာပေမြင့်မှ လူမျိုးမြင့်မှာကတော့ သေချာတယ်။ လူမျိုးရဲ့ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို စာပေအနုပညာယဉ်ကျေးမှုတွေကို ပိုမိုမြှင့်တင်ပြီး လှပသာယာကောင်းမွန်အောင် စွမ်းဆောင်ကြပါစို့။ ။

- ❖ **စာရေးဆရာဆိုတာ ဖယောင်းတိုင်လိုပါပဲ။**
- ❖ **ပတ်ဝန်းကျင်ကို အမှောင်ပယ်ခွင်း လင်းကျင်းနေအောင် မီးအလင်းရောင် ပြသပေးပေမယ့် သူကတော့ တဖြည်းဖြည်းနဲ့ လောင်မြိုက်ချုပ်ငြိမ်းသွားရတယ်။ ကြာလေတိုလေ။**
- ❖ **သနပ်ခါးသွေးတဲ့ ကျောက်ပျဉ်လိုပါပဲ။**
- ❖ **ပါးပြင်မှာ မွှေးမြတဲ့သနပ်ခါးလိမ်းကျံဖို့ရာ ကျောက်ပျဉ်က အသွေးခံပေးရတာပဲ။**
- ❖ **စာရေးဆရာက ပါးပြင်မွှေးပါစေလို့ သနပ်ခါးတုံးကို ပွတ်တိုက်ပေးရတာလေ။**

## သီပေါမြို့၌ ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေး

**သီပေါ ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သီပေါမြို့နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ ပန်းခင်းစီမံချက်အကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲ Talk Show ကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

**အသိပညာပေးဆွေးနွေး**

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးက အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သီပေါမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ပန်းခင်းစီမံချက်နှင့်ပတ်သက်သည့် နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ဆောင်စို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားပြည်သူတို့၏ အကျိုးအတွက် မိမိဌာနမှ ပြည်သူများအား ဝန်ဆောင်မှုများ ပေးနေမှုအခြေအနေများ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၆ နှစ်မှ ၁၈ နှစ်နှင့်အထက် နိုင်ငံသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်သူများသိရှိနိုင်စေရန်အတွက် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၁၀

# ဖိနပ်ပျောက်သွားသော အမှန်တရား

**ဆရာမဲဇာ**




“ပုဂ္ဂလိကကော်ပိုရေးရှင်းတွေဖြစ်တဲ့ ဖေ့စ်ဘွတ်နဲ့ တွစ်တာတို့က သနားမှသာ ကျွန်တော်တို့ချမ်းသာ ရာရပါလိမ့်မယ်” (ယိုတမ်အိုဖီ)

“We are basically at the mercy of private corporation like facebook and Twitter” (Yotan Ophir)

**ဆိုရှယ်မီဒီယာများကို အသနားခံရသည့်ဘဝရောက်**

ကျန်းမာရေးဆိုင်ရာ သတင်းမှား၊ သတင်းလိမ်များ၏ဒဏ်မှ လွတ်မြောက်ရန်အတွက် အဖြေရဖို့ ဖေ့စ်ဘွတ်နှင့် တွစ်တာဟူသော ဆိုရှယ်မီဒီယာများကို အသနားခံရသည့် ဘဝရောက်နေကြောင်း အမေရိကန်ပညာရှင်တို့က ဆိုလာကြပါသည်။

ယိုတမ်အိုဖီဆိုသူမှာ နယူးယောက်တက္ကသိုလ်မှ ကျန်းမာရေးနှင့် သိပ္ပံသတင်းတုများ တိုက်ဖျက်ရေးပါရဂူတစ်ယောက်ဖြစ်ပါသည်။ ကျန်းမာရေးပညာ ဖြန့်ဖြူးသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့်ပတ်သက်၍ လူထု၏ မျှော်လင့်ချက်၊ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများနှင့် အားနည်းချက်များကို ပွင့်ပွင့်လင်းလင်း အမှန်အတိုင်းသိရန် ထုတ်ပြန်ပညာပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းရာတွင် ဆိုရှယ်မီဒီယာများကို အသနားခံသွားရပါသည်။

“We don’t really know how to think in numbers and statistics, we usually think in stories and good narratives”

“လူတွေဟာ ကိန်းဂဏန်းတွေ၊ စာရင်းဇယားတွေ အခြေခံတဲ့တွေးခေါ်စဉ်းစားမှုထက် ပုံပြင်ဇာတ်လမ်းကောင်း အပြောကောင်းတွေအပေါ် စဉ်းစားတာများတယ်”

အမေရိကန်များ၏ စိတ်ဝင်စားမှုသည် “ပုံပြောကောင်းသူများ” နောက်သို့ ယုံမှတ်လုပ်ဆောင်သည့် “ပုံလာလာပြောတိုင်းယုံ” အခြေအနေမျိုးပင်ဖြစ်၏။

အမေရိကန်တို့၏ပြဿနာမှာ ဗိုလ်ချုပ်ကြီး ကောလင်းပါဝယ်(လ်) တစ်ယောက် ကိုဗစ်-၁၉ ရောဂါ၏ နောက်ဆက်တွဲပြဿနာများကြောင့် သေဆုံးရာတွင် ပို၍အသံကျယ်လာ၏။ လူသိများလူအများလေးစားမှုရှိသော ပုဂ္ဂိုလ်ကြီးမှာ ကာကွယ်ဆေးလည်း နှစ်ကြိမ်ထိုးပြီးဖြစ်လျက် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရပြီး ကွယ်လွန်ခြင်းဖြစ်ပါသည်။

ထိုသတင်းသည် ဆိုရှယ်မီဒီယာများဖြစ်သော ဖေ့စ်ဘွတ်နှင့်တွစ်တာတို့မှတစ်ဆင့် တောမီးနှယ် ပျံ့နှံ့သွား၏။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို လက်မခံသူများ၊ ကန့်ကွက်သူများ (Anti-Vaxxers) အတွက် ခါတ်ဆီလောင်းပေးလိုက်သလိုဖြစ်သွားခဲ့၏။

သို့သော် သက်ကြီးရွယ်အို ဗိုလ်ချုပ်ကြီး ပါဝယ်(လ်)မှာ ကင်ဆာရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရရာမှ ထပ်ဆင့်ဝင်လာသော ကိုဗစ်-၁၉ ဒဏ်ကို မခံနိုင်ဘဲ ကွယ်လွန်ရကြောင်း သတင်းမှန်သည် လူထုကြားသို့မရောက်။ ဤကဲ့သို့ သတင်းမှန်မရောက်ခြင်းမှာလည်း “ယိုတမ်” ပြောသကဲ့သို့ အမေရိကန်တို့၏ဝါသနာက သတင်းဆိုးများ ဖြန့်ခြင်းကို ဦးစားပေးခြင်းကြောင့်ဖြစ်ကြောင်း သိနိုင်၏။

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကို အမှီလိုက်၍ ကာကွယ်နိုင်ရန် သုတေသနပြုထုတ်လုပ်ထားသောဆေးများမှာ ဘုရားဆေး၊ သိကြားဆေး မဟုတ်ချေ။ ဖြစ်ခြင်းပြီးပျောက်စေသော ဆေးများမဟုတ်။ အကြိမ်ပြည့်ထိုးနှံပြီးသည့်အချိန်တွင်ပင် ရာနှုန်းပြည့်ကာကွယ်မှုမပေးနိုင်ဘဲ သုံးပုံနှစ်ပုံခန့်သာ ကာကွယ်မှုပေးနိုင်၏။ သို့သော် ကူးစက်ခံရသည့်တိုင် ရောဂါပြင်းထန်မှုလျော့နည်းပြီး အသေအပျောက်အလွန်နည်း၏။ အသက်အရွယ်ကြီးသူရောဂါအခံရှိသူတို့မှာမူ ရောဂါဒဏ်ကို ခံနိုင်ရည်အားမရှိ။ ရောဂါပိုးဒဏ်ကိုခံနိုင်သည့်တိုင် ခန္ဓာကိုယ်တွင်းဖြစ်ပေါ်လာသောကိုယ်ခံစွမ်းအားနှင့် ရောဂါပိုးတို့၏ ပြင်းထန်သောတိုက်ပွဲဒဏ်ကို မခံနိုင်သူများရှိပါ၏။

**ကမ္ဘာပတ်ပြီးသားဖြစ်**

သတင်းမှားကိုမှ ရွေးချယ်၍ မျှဝေခြင်း (ရှယ်ခြင်း) ပြုလုပ်သူများမှာမူ အကြောင်းအကျိုးဆက်စပ်ရှင်းလင်းမှုများကို လေ့လာရန်အချိန်လည်းမပေး၊ ဝါသနာလည်းမပါ၊ လက်မြန်ခြေမြန်နှင့်ခလုတ်နှိပ်လိုက်ရုံနှင့် ရှယ်ပြီးသား။ ရှယ်ရင်းရှယ်ရင်းနှင့် ထိုသတင်းသည် ကမ္ဘာပတ်ပြီးသားဖြစ်သွားလေသည်။

လူ့သဘာဝက ကောလာဟလပြောရမှာ ဝါသနာပါပြီးသားဖြစ်၍ “ကြားပြီးပြီလား” ဟု စလိုက်လျှင်ပင် အံ့ဩထိတ်လန့်စရာ၊ မကြားဝံ့မနာသာ သတင်းစကားကို ကြားရတော့မည်။ ထင်ရှားလူသိများသူ(ဆယ်လီ)တို့၏သတင်း မှန်၊ မမှန်ဖြန့်၏။ ယုံချင်ကြ၏။ တစ်ဝက်မှန်သောသတင်းများကိုမူ အချို့သောသတင်းမီဒီယာများက ရယူလုပ်စားသွားကြလေသည်။

“လုပ်စားသည်”ဟူသောစကားမှာ ဤခေတ်ဤအခါ၌ အံဝင်ခွင်ကျ ဖြစ်နေတော့၏။ ဈေးထိပ်ကစောင့်ပြီး ကောလာဟလဖြန့်သူမှာ ဝါသနာအရသာဖြစ်ပြီး တစ်ပြားတစ်ချပ်မျှမရ။ ယခုကာလတွင်မူ စိတ်ဝင်စားစရာသတင်းမှာ ဝိနည်းရှောင် တစ်ဝက်မှန်သတင်းများနှင့် ပြည်သူပြည်သား သတင်းသမားများအဖြစ် အမှားလမ်းကြောင်းသို့ တွန်းပို့မှုများသည် ဂုဏ်သိက္ခာကို ရောင်းစားသွားလေပြီ။ လူကြိုက်များသော မမှန်သတင်းများအတွက် ချီးမြှင့်ပေးချင်သူများသည် လက်ယားလျက်ရှိနေကြလေပြီ။

“၂၀၂၀ ဧပြီလမှ ၂၀၂၁ ဧပြီလအတွင်း အမေရိကန်နိုင်ငံ၌ မူးယစ်ဆေးကြောင့် သေဆုံးမှု တစ်သိန်းကျော်(၁၀၀၃၀၆) ရှိပြီး ယခင်နှစ်ကထက် ၂၈ ဒသမ ၅ ရာခိုင်နှုန်းပိုကြောင်း၊ ငါးမိနစ်အတွင်းမှာ တစ်ယောက်သေဆုံးနေသည့် သဘောဖြစ်ကြောင်း၊ စိတ်ကြွဆေးများနှင့် အွန်လိုင်း(Online)မှ ရောင်းချသော ဆေးတုများကြောင့်ဖြစ်ကြောင်း” AFP သတင်းဌာနက ဖော်ပြထားသည်ကို တွေ့ရပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်တွင်းပုန်းနေရသူများမှာ ကာလကြာရှည်သည်နှင့်အမျှ စိတ်ဖိစီးမှုများကြောင့် စိတ်ရောဂါအမျိုးမျိုးရကာ ထွက်ပေါက်ရှာကြပါသည်။ ထိုအထဲတွင် လူငယ်လေးများအတွက် Online မှလာသော သတင်းအချက်အလက်များကို ရှာဖွေရင်း ဒုက္ခရောက်ကြရပါသည်။ ဆိုရှယ်မီဒီယာအမျိုးမျိုးမှ ဖြန့်ချိလာသောသတင်းအမျိုးမျိုးသာမက ပစ္စည်းအမျိုးမျိုးများပါ အကန့်အသတ်မရှိ ရောင်းချလာကြရာတွင် အရွယ်မရောက်သေးသူများအတွက် အန္တရာယ်ဖြစ်လာပါသည်။

“Exploiting Children in the interest of Profit” “အမြတ်အစွန်းတစ်ခုတည်းကြည့်၍ ကလေးများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်နေကြသည်”ဟု မက်ဆာချူးဆက်ပြည်နယ် ရှေ့နေချုပ်မော်ရာဟေလီက ဖေ့စ်ဘွတ်(ယခုMeta)ကို စွပ်စွဲခဲ့၏။ အမေရိကန်ကလေးလူငယ်တို့အကြိုက် “Instagram” မှာ Facebook ကုမ္ပဏီ၏ လက်ခွဲဖြစ်ပါသည်။

**စွပ်စွဲမှုများ ထွက်ပေါ်**

အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မိန်းကလေးများအား စိတ်ရောကိုယ်ပါ ထိခိုက်စေခြင်း၊ လိင်အမြတ်ထုတ်ခံရခြင်းမှသည် မိမိကိုယ်ကို သတ်သေခြင်းအဆုံးဖြစ်အောင် တွန်းပို့ရာတွင် Instagram သည်အဓိကတရားခံဖြစ်ကြောင်း စွပ်စွဲမှုများ အမေရိကန်ပြည်တွင် ထွက်ပေါ်လျက်ရှိပါသည်။

ယခုမှ အမေရိကန်ပြည်တွင် အသံထွက်လာသော ပြဿနာဖြစ်သော်လည်း ကျွန်တော်တို့အနေဖြင့် ၂၀၁၇ ခုနှစ်ကပင် တရားဝင်ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။ (၉)ကြိမ်မြောက်အဖြစ် ကျင်းပသော မဟာမဲခေါင်ဒေသ လူထုကျန်းမာရေးဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတွင် ကျွန်တော်က “မြန်မာပြည်တွင်း မိန်းကလေးများအား လိင်အကြမ်းဖက်မှုများပြားလာခြင်းနှင့် ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုပြဿနာကြီးမားလာခြင်းမှာ ဖေ့စ်ဘွတ်ကဲ့သို့ ဆိုရှယ်မီဒီယာများကြောင့်ဖြစ်ကြောင်း၊ အလွယ်တကူရရှိနေသော စိတ်ကြွဆေးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးများ၏ တွန်းပို့မှုကြောင့် လိင်အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာကြောင်း” ပြောခဲ့ပါသည်။ ကျွန်တော့်မှာ အထောက်အထားများလည်းရှိပါသည်။

ကျွန်တော်၏မှတ်ချက်များသည် တစ်ဝက်သာမှန်ပြီး ဖော်ပြချက် ထပ်မံအကျိုးပြုမှုများကို ပြောပြရန် ကျန်ခဲ့ကြောင်း ဆိုရှယ်မီဒီယာလုပ်ကိုင်နေသူတစ်ဦးတလေ လိုပါသည်။ ကျွန်တော့်မှာ ကိုယ်ပိုင်မီဒီယာရှိခဲ့လျှင်မူ ထိုတစ်ဝက်မှန်သတင်းကို လူထုထံပြန့်သွားအောင် ဖွပစ်လိုက်၍ရပါသည်။ သို့သော် ဖေ့စ်ဘွတ်လို မီဒီယာမျိုးအတွက် အကျိုးရှိမည်မဟုတ်ပေ။

**ဖေ့စ်ဘွတ်ကဲ့သို့ပင် ဖြန့်ချီအမြတ်ထုတ်**

ဖေ့စ်ဘွတ်သာမက ဂူဂယ်လ်၏ လွှမ်းမိုးမှုကိုလည်း အမေရိကန်တို့က အပြစ်ဖို့နေကြပါသည်။ ဂူဂယ်လ်မှ ထုတ်ပေးသော ယူကျု (YouTube) အစီအစဉ်များသည် အမုန်းစကားများ၊ သတင်းအမှားများကို ဖေ့စ်ဘွတ်ကဲ့သို့ပင် ဖြန့်ချီအမြတ်ထုတ်နေကြောင်း ပြောလာကြ၏။ ၂၀၁၇ ခုနှစ်က သုတေသနတစ်ခုတွင် တစ်နှစ်အတွင်း ယူကျုအသုံးချမှု နာရီပေါင်း တစ်ဘီလီယံ (နာရီသန်းပေါင်း တစ်ထောင်) ကျော်ရှိကြောင်း ဖော်ပြခဲ့လေသည်။

ဆိုရှယ်မီဒီယာများ လူကြိုက်များအောင် နောက်ကွယ်မှ ဆောင်ရွက်မှုအမျိုးမျိုးရှိနေပါသည်။ ၂၀၁၈ ခုနှစ်တွင် ဖေ့စ်ဘွတ်ကုမ္ပဏီသည် Application အစီအစဉ်များအတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထုတ်ပေးခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒေါ်လာ ဘီလီယံပေါင်းများစွာ သုံးစွဲခဲ့ကြောင်း ထုတ်ဖော်သူများရှိလေသည်။ Google ကလည်း ယူကျုတင်သူများထဲတွင် လူကြိုက်များသော အစီအစဉ်များကို ငွေကြေးပံ့ပိုးခြင်း၊ ကြော်ငြာထည့်သွင်းချီးမြှင့်ခြင်းများ အသုံးပြုခဲ့သည်ဟုဆိုပါသည်။

မြန်မာပြည်တွင်လည်း ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော TikTok အစီအစဉ်တွင် ပါဝင်ရင်း နာမည်ကျော်ကြား ချမ်းသာသွားသူအချို့ရှိကြောင်း သိရ၏။ ဆိုရှယ်မီဒီယာထဲတွင် ဤသို့ဖြစ်ပျက်နေစဉ် တကယ့်ဘဝမှာ ရုန်းကန်နေရသော ရုပ်ရှင်လောကသားများမှာ အခက်အခဲများစွာ ကြုံတွေ့နေရ၏။ မိဘများမှာလည်း သားသမီးကို ပြောချင်သော အမှန်စကားများ ပြောခွင့်မကြုံ၊ ဆရာသမားများမှာလည်း တပည့်များအပေါ် ကုပ်ခွစီးထားသော ဆိုရှယ်မီဒီယာများကြားမှာ တိုး၍မပေါက်။

“အမှန်တရားက ဖိနပ်စီးနေချိန်တွင် မမှန်သတင်းများမှာ ကမ္ဘာတစ်ပတ် ပတ်ပြီးနေပြီ” ဟု အနောက်တိုင်းဆိုရိုးစကားရှိပါသည်။

ကျွန်တော်တို့မှာတော့ အမှန်တရားမှာ စီးစရာဖိနပ်ပါ ပျောက်၍နေပေပြီ။ ။

☆ မြန်မာပြည်တွင်လည်း ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော TikTok အစီအစဉ်တွင် ပါဝင်ရင်း နာမည်ကျော်ကြားချမ်းသာသွားသူအချို့ရှိကြောင်း သိရ၏။ ဆိုရှယ်မီဒီယာထဲတွင် ဤသို့ဖြစ်ပျက်နေစဉ် တကယ့်ဘဝမှာ ရုန်းကန်နေရသော ရုပ်ရှင်လောကသားများမှာ အခက်အခဲများစွာ ကြုံတွေ့နေရ၏။ မိဘများမှာလည်း သားသမီးကို ပြောချင်သောအမှန်စကားများ ပြောခွင့်မကြုံ၊ ဆရာသမားများမှာလည်း တပည့်များအပေါ် ကုပ်ခွစီးထားသော ဆိုရှယ်မီဒီယာများကြားမှာ တိုး၍မပေါက်။

☆ ကျွန်တော်တို့မှာတော့ အမှန်တရားမှာ စီးစရာ ဖိနပ်ပါ ပျောက်၍နေပေပြီ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 10 (စနစ်သစ်)

**ယခင်အပတ်က Direct Speech – Indirect Speech (Statement) ရိုးရိုးပြောစကား ပြောင်းလဲရေးသားနည်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ (Question) အမေးစကား နဲ့ (Request) တားမြစ်၊ စေခိုင်းဝါကျများ ပြောင်းလဲရေးသားနည်းတို့ကို ဖော်ပြသွားမှာဖြစ်ပါတယ်။**

### Direct Speech – Indirect Speech
### တိုက်ရိုက်ပြောစကားမှ တစ်ဆင့်ခံပြောစကား ပြောင်းလဲရေးသားနည်း

### Question (အမေးဝါကျ)

open inverted commas နဲ့ close inverted commas ("…") အတွင်းမှာရှိတဲ့ဝါကျက ပြောစကားဖြစ်ပါတယ်။ ဒီပြောစကားကို ကြည့်ပြီး ဆရာတို့က **Statement (ရိုးရိုးပြောစကား)**လား၊ **Question (အမေးစကား)**လား၊ **Request (တားမြစ်၊ စေခိုင်း)** လားဆိုတာ အရင်ဆုံး ခွဲခြားရမှာဖြစ်ပါတယ်။

Helping Verb အကူကြိယာကို ဝါကျအရှေ့ထုတ်ရေးထားရင် အမေးဝါကျဖြစ်ပါတယ်။ အမေးဝါကျမှာ နှစ်မျိုးရှိပါတယ်။ **သလားမေးခွန်း**နဲ့ **သလဲမေးခွန်း**တို့ပဲဖြစ်ပါတယ်။ Wh.အမေးစကားလုံးတွေ မပါဘဲ helping verb အကူကြိယာကို ရှေ့ထုတ်ရေးထားရင် **သလားမေးခွန်း**ဖြစ်ပါတယ်။ သွားသလား။ စားသလား…စသည်ဖြင့်ပေါ့။ Wh.. အမေးစကားလုံးတွေပါလာရင် **သလဲမေးခွန်း**ဖြစ်ပါတယ်။ ဘယ်သွားမလို့လဲ။ ဘာစားမလဲ… စသည်ဖြင့်ပေါ့။ အလွယ်မှတ်သားရင် ဝါကျမှာ (?)ပါနေရင် မေးခွန်းဝါကျပဲဖြစ်ပါတယ်။ ဒါပေမယ့်(?)ပါတိုင်းလည်း အမေးဝါကျမဟုတ်တာတွေ ရှိပါတယ်။ ဥပမာပြောရရင် **Would you mind if I sit here?** ငါဒီမှာထိုင်ရင် မင်းကျေနပ်ရဲ့လားလို့ အဓိပ္ပာယ်ရပါတယ်။ ဒါက မေးခွန်းပုံစံဖြစ်နေပေမယ့် **Request** ပန်ကြားတဲ့ဝါကျဖြစ်ပါတယ်။ ဒီမှာ ထိုင်ပါရစေဆိုပြီး ပြောတဲ့သဘောပါပဲ။ ဒါပေမဲ့ များသောအားဖြင့်ကတော့ Helping Verb အကူကြိယာကို ရှေ့ထုတ်ထားရင် အမေးဝါကျလို့သာ မှတ်ထားပါ။

Direct Speech အမေးဝါကျကို Indirect Speech ပြောင်းလဲရေးသားမယ်ဆိုရင် အမေးပုံစံကနေ ရိုးရိုးဝါကျပုံစံကို အရင်ဆုံး ပြောင်းလဲရေးသားတတ်ဖို့ လိုပါတယ်။

ဥပမာ။ (1) Can she swim? ကို She can swim. လို့ပြန်ပြောင်းပြီးမှ တစ်ဆင့်ခံပြောစကားပြန်ပြောင်းပေးရမှာဖြစ်ပါတယ်။ Can she swim? မေးခွန်းပုံစံကို ရိုးရိုးဝါကျပြောင်းရင် can ကို ဝါကျအတွင်းပြန်ပို့ပေးရပါတယ်။ ဒါကြောင့် She can swim. ဖြစ်သွားပါတယ်။

(2) Do you know me? ဆိုရင် You know me. လို့ ပြောင်းပေးရပါတယ်။ Do you know me? မေးခွန်းပုံစံကို ရိုးရိုးဝါကျပြောင်းရင် do ကို ဖြုတ်ပေးရတဲ့အတွက် You know me. ဖြစ်သွားပါတယ်။

(3) Does she use the phone? ဆိုရင် She uses the phone. လို့ ပြောင်းပေးရပါတယ်။ Does she use the phone? မေးခွန်းပုံစံကို ရိုးရိုးဝါကျပြောင်းရင် does ကို ဖြုတ်ပေးရတဲ့အတွက် She uses the phone. ဖြစ်သွားပါတယ်။

(4) Is he playing tennis? ကို He is playing tennis. လို့ ပြောင်းပေးရပါတယ်။ Is he playing tennis? မေးခွန်းပုံစံကို ရိုးရိုးဝါကျပြောင်းရင် present continuous tense (am, is, are + Ving) ဖြစ်တဲ့အတွက် အကူကြိယာ is ကို ဝါကျအတွင်း ပြန်ထည့်ပေးရပါတယ်။ ဒါကြောင့် He is playing tennis. ဖြစ်သွားပါတယ်။

(5) Will they come here tomorrow? ကို They will come here tomorrow. လို့ပြောင်းပေးရပါတယ်။ Will they come here tomorrow? အမေးဝါကျကို ရိုးရိုးဝါကျပုံစံပြောင်းရေးရင် Future Simple (will V1) ဖြစ်တဲ့အတွက် will ကို ဝါကျအတွင်း ပြန်ပို့ပေးရပါတယ်။ ဒါကြောင့် They will come here tomorrow. ဆိုပြီးဖြစ်သွားပါတယ်။

အမေးဝါကျကို ရိုးရိုးပုံစံပြောင်းတတ်ပြီဆိုရင် အောက်က စည်းကမ်းချက်တွေအတိုင်း Question အမေးဝါကျကို **Indirect Speech** တစ်ဆင့်ခံပြောစကားပုံစံ ပြောင်းရေးကြမယ်။

**Question**

Direct – Indirect question ကို
Object ပါ/ မပါ ကြည့်ပါဆို
Object ပါ ask/ မပါ want (want to know)
အဲ့ဒါသေချာမှတ်
စကားဆက်ကို ဖြည့်ဖို့လို
Wh ပါ/မပါ ကြည့်ပါဆို
Wh မပါ if/whether
do, does, did ကို ဖြုတ်လို့ထား
Wh ပါလာ သူ့နေရာကို
ပြန်ထည့်ဖို့ရန်မမေ့လို
Question mark (?) ဆို အဖြေပေး (.)
အဲ့ဒါ Indirect say…။

**မှတ်ချက်။ or not ပါရင် စကားဆက်ကို whether သုံးပါ။**

**e.g. (1) Ko Ko said to Mi Mi, "Are you hungry now?"**
**Ko Ko ____________________________.**

ဒီဝါကျမှာ Ko Ko က ပြောသူ၊ Mi Mi က to ရဲ့အနောက်မှာရှိတဲ့အတွက် ပြောခံရသူဖြစ်ပြီးတော့ Are you hungry now? က ပြောစကားဖြစ်ပါတယ်။ ပြောစကားကို ကြည့်လိုက်တော့ Are အကူကြိယာကို ရှေ့ထုတ်ရေးထားတယ်။ ဒါဆိုဒီဝါကျက အမေးဝါကျဖြစ်ပါတယ်။ အမေးဝါကျဖြစ်မှန်းသိပြီဆိုရင် အထက်က စာစုလေးကို ရွတ်ပြီး တစ်ဆင့်ခံပြောစကား ပြောင်းလဲရေးသားပါ။

Object ပြောခံရသူပါတဲ့အတွက် asked ကိုသုံးရမယ်။ စကားဆက်ကို ဆက်တဲ့အခါ Wh စကားလုံးတွေ မပါတဲ့အတွက် if/ whether ကို သုံးရမယ်။ Are you hungry…ကို ရိုးရိုးပုံစံပြန်ပြောင်းလိုက်တော့ you are hungry ပုံစံဖြစ်သွားမယ်။ you က ပြောခံရသူ Mi Mi နဲ့ဆိုင်ပါတယ်။ မိန်းကလေးဖြစ်လို့ she, her, her, hers တွေထဲက you က Subject ဖြစ်လို့ she ကိုရွေးရပါမယ်။ ပြောကြိယာ said က V2 ဖြစ်ပြီး ပြောစကားထဲက ကြိယာက are ဖြစ်တဲ့အတွက် V2 V1 ပုံစံဖြစ်လို့ တစ်ဆင့်ခံပြောစကားပြန်ရေးရင် V2 ပုံစံပြောင်းရေးရမှာဖြစ်ပါတယ်။ she က အနည်းကိန်းဖြစ်တဲ့အတွက် was ကိုသုံးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဖြေက **Ko Ko asked if she was hungry then.** ဆိုပြီးဖြစ်သွားပါတယ်။

**e.g. (2) Min Min said to Cho Mar, "Can you cook well?"**
**Min Min ____________________________.**

ဒီဝါကျမှာ Min Min က ပြောသူ၊ Cho Mar က ပြောခံရသူ၊ Can you cook well? က ပြောစကားဖြစ်ပါတယ်။ ပြောခံရသူပါတဲ့အတွက် ပြောကြိယာကို asked သုံးရမယ်။ ဒီတော့ Min Min asked Cho Mar ဆိုပြီးဖြစ်သွားပါတယ်။ စကားဆက်ကို ရေးမယ်ဆိုရင် မေးခွန်းမှာ Wh အမေးစကားလုံးတွေ ပါလားဆိုတာ ကြည့်ပါ။ မပါတဲ့အတွက် if/ whether ကြိုက်တာသုံးရမှာပါ။ Can you cook well? ကိုရိုးရိုးပုံစံပြောင်းလိုက်တော့ You can cook well ဖြစ်သွားပါတယ်။ ဒီတော့မှ you က ပြောခံရသူနဲ့ သက်ဆိုင်ပါတယ်။ ပြောခံရသူ Cho Mar က မိန်းကလေးဖြစ်တဲ့အတွက် she, her, her, hers ထဲက she ကို သုံးရပါမယ်။ said က V2 can က V1 ဖြစ်တဲ့အတွက် V2 V1 ပုံစံဖြစ်လို့ V2 ပြောင်းပေးရပါမယ်။ can ရဲ့ V2 က could ဖြစ်ပါတယ်။ ဒီတော့အဖြေက **Min Min asked Cho Mar if she could cook well.** ဆိုပြီးရပါတယ်။

**e.g. (3) Zaw Lay said to Daw Lay, "What are you talking about?"**
**Zaw Lay ____________________________.**

ဒီဝါကျမှာ Wh စကားလုံးပါတဲ့အတွက် စကားဆက်ရေးတဲ့အခါ what အတိုင်းပဲ ပြန်ရေးရမှာဖြစ်ပါတယ်။ (who ဆို who၊ what ဆို what စသည်ဖြင့်ပေါ့) are you talking ကို ရိုးရိုးဝါကျပုံစံပြန်ရေးလိုက်တော့ you are talking ဆိုပြီး ဖြစ်သွားပါတယ်။ you က ပြောခံရသူ Daw Lay နဲ့သက်ဆိုင်တဲ့အတွက် မိန်းကလေးဖြစ်လို့ she သုံးရမှာပါ။ ဒါကြောင့် အဖြေက **Zaw Lay asked Daw Lay what she was talking about.** ဆိုပြီးရပါတယ်။

**e.g. (4) Moe Min said, "Who are they?"**
**Moe Min ____________________________.**

ဒီဝါကျမှာ ပြောခံရသူမပါတဲ့အတွက် ပြောကြိယာကို wanted to know နဲ့ဖြေရမှာဖြစ်ပါတယ်။ စကားဆက်က wh ပါတဲ့အတွက် who ဆို who ပဲပြန်ရေးပေါ့။ are they ကို ရိုးရိုးပုံစံပြောင်းလိုက်တော့ they are ဖြစ်သွားပါတယ်။ ဒါကြောင့် အဖြေက **Moe Min wanted to know who they were.** ဆိုပြီးဖြစ်သွားပါတယ်။

နောက်တစ်ခုမှတ်သားရမှာက ပြောခံရသူပါရဲ့သားနဲ့ ပြောကြိယာကို want to know နဲ့ပေးထားရင် ပြောခံရသူအရှေ့မှာ from ထည့်ဖြေပေးရပါတယ်။

**e.g. (5) Lay Lay said to Win Win, "Where did you go last night?"**
**Lay Lay wanted to know ____________________________.**

ဒီဝါကျမှာ ပြောခံရသူပါရဲ့သားနဲ့ want to know ပေးထားပါတယ်။ ဒါဆို ပြောခံရသူအရှေ့မှာ from ခံရေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဖြေက **Lay Lay wanted to know from Win Win where she went (or) had gone the previous night.** ဆိုပြီးဖြစ်သွားပါတယ်။

ကဲဒီလောက်နားလည်ပြီဆိုရင် လေ့ကျင့်ခန်းတွေ ဖြေဆိုကြည့်ပါ။

**Change the following sentences into Indirect Speech.**

1. Wai Mar said to Hay Mar, "Do you like tea?"
2. Lwin Lwin said, "Did you eat the snacks on the plate, Ko Min?"
3. U Ba said to his sons, "Where are you going?"
4. "Can he drive well?" said Zin Thu to his friend.
5. "Who do you love most, mother or father?" said Uncle Lay to me.
6. U Lay Gyi said to us, "How can I go there?"
7. "Who are you?" the old man said to Mi San.
8. "Where do they live, Mar Mar?" said Khaing Win.
9. Hein Htet said to his wife, "Did you keep my glasses?"
10. Myo Myo said, "What are you doing, daughter?"

++++++++++

### Request (စေခိုင်း၊ တားမြစ်)

ပြောစကားမှာ V1 (သို့မဟုတ်) Don't V1 နဲ့အစပြုပြီးရေးထားရင် Request (စေခိုင်း၊ တားမြစ်) စကားပဲဖြစ်ပါတယ်။ Request ဝါကျကို တစ်ဆင့်ခံပြောစကားပုံစံပြောင်းရေးတဲ့အခါ V1 ဆိုရင် to V1၊ Don't V1 ဆိုရင် **not to V1** တို့နဲ့ ပြန်ရေးပေးရပါတယ်။

**ဥပမာ။** Ko Lwan said to his sister, "Please, open the windows."
Ko Lwan ordered his sister **to open** the windows.

**ဥပမာ။** U Ba said to us, "Don't touch that wire."
U Ba told us **not to touch** that wire.

Request ပြောစကားကို တစ်ဆင့်ခံပြောစကားပြောင်းရေးတဲ့အခါ Please, Kindly တို့ ပါရင်ဖြုတ်ပါ။ ပြီးတော့ ဂုဏ်ရည်မြင့်တဲ့သူက ဂုဏ်ရည်နိမ့်တဲ့သူကို ပြောတာဆိုရင် ပြောကြိယာကို order (သို့မဟုတ်) command ကို သုံးရပါတယ်။ အရပ်ဘက်ဆိုရင် order ကိုသုံးပြီး ရုံးနဲ့ စစ်ဘက်ဆိုင်ရာဆိုရင် command ကို သုံးရပါတယ်။ ဂုဏ်ရည်နိမ့်သူက ဂုဏ်ရည်မြင့်သူကို ပြောတာဆိုရင် beg ကိုသုံးရပါတယ်။ တောင်းခံတဲ့သဘောပေါ့။ တန်းတူရည်တူ ဂုဏ်ရည်တူအချင်းချင်းပြောတာဆိုရင် tell, tole, suggest, request ..စသည်ဖြင့် ကြိုက်ရာသုံးနိုင်ပါတယ်။ ဒါပေမယ့် Please ပါရင် order မသုံးသင့်ပါဘူး။

**ဥပမာ။** U Hla said to his son, "Get up early."

ဒီဝါကျမှာ U Hla က အဖေ his son က သား ဆိုတော့ ဂုဏ်ရည်မြင့်တဲ့သူက ဂုဏ်ရည်နိမ့်တဲ့သူကို ပြောတဲ့စကားဖြစ်ပါတယ်။ တစ်ဆင့်ခံပြောစကားပြန်ရေးရင် ပြောကြိယာကို ordered သုံးရမှာပါ။ ခိုင်းစေဝါကျဖြစ်တဲ့အတွက် to V1 ကိုသုံးပြီးပြန်ရေးရပါမယ်။ ဒါဆိုအဖြေက **U Hla ordered his son to get up early.** ဆိုပြီးဖြစ်သွားပါတယ်။

**ဥပမာ။** Kyaw Kyaw said to his friend, "Call me later."

ဒီဝါကျမှာ ကျော်ကျော်က သူ့သူငယ်ချင်းကို ပြောတဲ့စကားဖြစ်တဲ့အတွက် တန်းတူရည်တူ ဂုဏ်ရည်တူအချင်းချင်းပြောတာဖြစ်ပါတယ်။ ပြောကြိယာသုံးတဲ့အခါ told, requested, suggested ကြိုက်တာသုံးလို့ရပါတယ်။ ဒါကြောင့် အဖြေက **Kyaw Kyaw told his friend to call him later.** ဆိုပြီးဖြစ်သွားပါတယ်။

**ဥပမာ။** The old woman said to the rich man, " Give me some money."

အဘွားအိုကြီးက လူချမ်းသာတစ်ဦးကို ပြောတဲ့စကားဖြစ်တဲ့အတွက် အောက်လူက အထက်လူ၊ ဂုဏ်ရည်နိမ့်သူက ဂုဏ်ရည်မြင့်သူကို ပြောတာဖြစ်ပါတယ်။ ဒါကြောင့် ပြောကြိယာကို begged ရေးရမှာဖြစ်ပါတယ်။

ဒါကြောင့် အဖြေက **The old woman begged the rich man to give her some money.** ဆိုပြီးဖြစ်သွားပါတယ်။

ကဲလေ့ကျင့်ခန်းလေးတွေ ဖြေဆိုကြည့်ပါ။

Ex:
1. "Do your homework, Min Min," said Daw Hla Thuzar.
2. "Please, come here in time," Ko Ko said to his friends.
3. Moe Lwin said to his brothers, "Don't go away from me."
4. "Don't use my computer in my absence," Kyaw Gyi said to his brothers.
5. Mother said to the children, "Don't play with matches."

++++++++++

(ဆက်လက်ဖော်ပြပါမည်)

## Grade 11 (စနစ်ဟောင်း)

ယခင်အပတ်က Unit 3 : THE MOON: A NICE PLACE TO VISIT? သင်ခန်းစာအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 5 : Self-Service And The Supermarket သင်ခန်းစာပါ မေးခွန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 5 : SELF-SERVICE AND THE SUPERMARKET

**I. Read the passage.**

**"During the last few years, ...............deliver goods to their homes."**

**(A) Write the correct word or words to complete each sentence.**

1. Shopping at a supermarket is said to be more _____ and more economical.
2. In supermarkets, the problem of quick payment is solved by using modern _____.
3. Many people still prefer to be served by a small shopkeeper who knows them _____.
4. In a self-service store, a variety of goods _____ using many devices.
5. Meat and fish are _____ foodstuffs.
6. The long lengths of adjustable shelves are for _____.
7. Perishable _____ are kept in refrigerated self-service cabinets.
8. Quick frozen fruits and meat are _____ in refrigerated cabinets.
9. One of the advantages of self-service stores is a _____ of choice.
10. Perishable foodstuffs require different ranges of _____.
11. In supermarkets, many devices are used for _____ goods.
12. Food that goes bad within a few days is ____ food.
13. The goods in supermarkets are _____, hygienically and in perfect conditions.
14. _____ meat and vegetables are hygienic.
15. In supermarkets, customers can pay for the goods with _____ of delay.
16. A modern cash register can shoot out the _____ into a cup near the customer.
17. Modern cash registers have solved the problem of _____.
18. The organizers of a self-service store have their _____.
19. Shopping at a supermarket is said to be more streamlined and more _____.
20. In supermarkets, a great number of goods must be displayed in a minimum space without _____ anything.

*Ans: I. (A) 1. streamlined; 2. cash registers; 3. personally; 4. are displayed; 5. perishable; 6. various sizes of packs; 7. foodstuffs; 8. kept; 9. wide variety; 10. temperature; 11. displaying; 12. perishable; 13. attractively; 14. Prepacked; 15. a minimum; 16. right change; 17. quick payment; 18. difficulties; 19. economical; 20. covering up;*

**(B) Answer each question in one sentence.**

1. How long has there been enormous increase in the number of self-service stores?
2. Why can customers pay for the goods with the minimum of delay in supermarkets?
3. What are the two advantages of self-service?
4. What devices are used to display a great number of goods in supermarkets?
5. What is the general purpose of a self-service store?
6. At what temperature are frozen fruits kept?
7. What has solved the problem of quick payment?
8. Why are perishable foodstuffs kept in refrigerated self-service cabinets?
9. How are the goods displayed in self-service stores?
10. What does the Automatic Itemizing and Change Computing Cash Register do after totaling the bill?
11. In what manner do the organizers of self-service supermarkets display a great number of goods?
12. What are the difficulties the organizers of supermarkets deal with?
13. What are racks used for in supermarkets?
14. Why is shopping said to be more streamlined and more economical?
15. Why do many people still prefer to be served by a small shopkeeper who knows them personally?

Ans: (B)

1. There has been enormous increase in the number of self-service stores during the last few years.
2. Customers can pay for the goods with the minimum of delay in supermarkets thanks to the modern cash registers. (Thanks to ရဲ့အဓိပ္ပာယ်က အကျိုးကျေးဇူးကြောင့်ဆိုတဲ့အဓိပ္ပာယ်ပါ။)
3. The two advantages of self-service are that there is no waiting to be served and that there is a wide variety of choice.
4. Long lengths of adjustable shelves, rotating circular shelves, islands of display stand, racks and multi-tiered mobile stalls are used in supermarkets for the purpose of display.
5. The general purpose of a self- service store is to provide goods of every description attractively and hygienically and in perfect condition.
6. Frozen fruits are kept at zero-degree Fahrenheit.
7. The use of modern cash registers has solved the problem of quick payment.
8. Perishable foodstuffs are kept in refrigerated self-service cabinets because they require different ranges of temperature.
9. The goods are displayed attractively and hygienically and in perfect condition in self-service stores.
10. After totaling the bill, the Automatic Itemizing and Change Computing Cash Register registers the sum given in payment and shoots out the right change.
11. The organizers of self-service supermarkets display a great number of goods in a minimum space without covering up anything.
12. The difficulties the organizers of supermarkets deal with are that perishable foodstuffs are kept at different ranges of temperature and they arrange a speedy flow of customers past the cash registers without overtaxing the operators.
13. Racks are used for tubed foods in supermarkets.
14. Shopping is said to be more streamlined and more economical because customers do not need waiting to be served and they have a wide variety of choice to buy anything they want.
15. Many people still prefer to be served by a small shopkeeper who knows them personally because of his or her delivery service.

### Grammar pattern

**Although/ Though – In spite of (သော်လည်းပဲ)**

Although + Subject Verb
In spite of + Ving (or) Noun

Although ကနေ In spite of ပုံစံပြောင်းရေးရင်

- Although/Though ကို ဖြုတ်ပါ။ ဝါကျကို In spite of ဖြင့် အစပြုပါ။
- Verb ကြိယာက verb to be ဆိုရင် being, verb to have ဆိုရင် having, Main verb တွေဆိုရင် Ving ပုံစံပြောင်းရေးပါ။
- ကျန်ဝါကျပိုင်းကို မူလအတိုင်းပြန်ကူးပါ။

e.g. Although Hla Hla is beautiful, she is not friendly.
In spite of _______________________.
ဒီဝါကျမှာ **လှလှက လှပသော်လည်း ရင်းနှီးဖော်ရွေမှုမရှိဘူးလို့** ပေးထားပါတယ်။ ဝါကျရဲ့အဓိပ္ပာယ်မပြောင်းလဲစေဘဲ In spite of နဲ့ပြန်ရေးတဲ့အခါ Although ဝါကျရဲ့ ကြိယာက verb to be ဖြစ်တဲ့အတွက် being ပြောင်းရပါမယ်။ ဒါကြောင့်အဖြေက In spite of being beautiful, Hla Hla is not friendly. ဆိုပြီးဖြစ်ပါတယ်။ နောက်ပုံစံတစ်မျိုးနဲ့ဆိုရင်
In spite of Hla Hla being beautiful, she is not friendly. ဆိုပြီး Hla Hla ကို In spite of အနောက်မှာ ကပ်ရေးလည်းရပါတယ်။
မေးခွန်းမှာ In spite of her ဆိုပြီး ပိုင်ဆိုင်မှုကို ပေးထားရင် (ပိုင်ဆိုင်မှု+နာမ်) ပုံစံနဲ့ပြန်ဖြေပေးရပါမယ်။
In spite of her ____________. ဆိုပြီးပေးထားရင် beautiful (adjective) ကို Noun ပုံစံပြောင်းပေးပြီးဖြေရပါတယ်။ ဒီတော့ beautiful ရဲ့ Noun ပုံစံက beauty ဖြစ်ပါတယ်။ ဒါကြောင့် အဖြေက In spite of her beauty, Hla Hla is not friendly. ဆိုပြီး ပြန်ဖြေရမှာဖြစ်ပါတယ်။

e.g. Although Hla Hla is beautiful, she is not friendly. (Subject တူ)
In spite of being beautiful, Hla Hla is not friendly.
In spite of Hla Hla being beautiful, she is not friendly.
In spite of her beauty, Hla Hla is not friendly.

**နောက်ထပ်ဥပမာတစ်ခုကြည့်ပါ။**

ဝါကျနှစ်ကြောင်း Subject မတူရင် Although အနောက်က Subject ကို In spite of ရဲ့အနောက်မှာ ပြန်ထည့်ပေးပါ။ မထည့်ပေးရင် အဓိပ္ပာယ်ပြောင်းသွားပါတယ်။

e.g. Although Helen was a difficult child, her parents loved her. (Subject မတူ)
In spite of _________________.
ဒီဝါကျမှာ **ဟယ်လင်က ဆိုဆုံးမဖို့ ခက်ခဲတဲ့ကလေးတစ်ယောက်ဖြစ်သော်လည်း သူ့မိဘတွေက သူ့ကို ချစ်မြတ်နိုးကြတယ်** ဆိုပြီး ပေးထားပါတယ်။ ဒီဝါကျနှစ်ကြောင်းမှာ Subject တွေ မတူပါဘူး။ အရှေ့ဝါကျရဲ့ Subject က Helen ဖြစ်ပြီးတော့ ဒုတိယဝါကျရဲ့ Subject က her parents ဖြစ်ပါတယ်။ ဒါဆို Although အနောက်က Subject ကို In spite of ရဲ့အနောက်မှာ ပြန်ထည့်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဖြေက In spite of Helen being a difficult child, her parents loved her. ဆိုပြီးဖြစ်သွားပါတယ်။ ဒီလိုမဟုတ်ဘဲ In spite of ရဲ့အနောက်မှာ Subject ပြန်မထည့်ဘူးဆိုရင် ဟယ်လင်ရဲ့မိဘတွေက ဆိုဆုံးမဖို့ ခက်ခဲတယ်ဆိုတဲ့အဓိပ္ပာယ်ဖြစ်သွားပါလိမ့်မယ်။

e.g. Although the car is expensive, Maung Maung bought it.
In spite of ____________________.
ဒီဝါကျမှာ **ကားက ဈေးကြီးသော်လည်း မောင်မောင် ၎င်းကို ဝယ်ခဲ့တယ်** ဆိုပြီးပေးထားပါတယ်။ ဝါကျနှစ်ကြောင်းရဲ့ Subject တွေ မတူတဲ့အတွက် Although အနောက်က Subject ကို In spite of ရဲ့အနောက်မှာ ပြန်ထည့်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် In spite of the car being expensive, Maung Maung bought it. In spite of ရဲ့အနောက်မှာ the car ကို ပြန်မထည့်ဘဲ In spite of being expensive, Maung Maung bought it. ဆိုရင် ဈေးကြီးတာက ကားမဟုတ်တော့ဘဲ မောင်မောင်က ဈေးကြီးတာဖြစ်သွားပါလိမ့်မယ်။ နောက်ပုံစံတစ်မျိုးနဲ့ရေးမယ်ဆိုရင် In spite of the expensive car, Maung Maung bought it.

Although the car is expensive, Maung Maung bought it. (Subject မတူ)
In spite of the car being expensive, Maung Maung bought it.
In spite of the expensive car, Maung Maung bought it.

**နောက်ထပ်ဥပမာတစ်ခုကို ကြည့်ပါ။**

e.g. Although it was hot, the workers continued their work.
In spite of _______________________.
ဒီဝါကျမှာ **ရာသီဥတုက ပူသော်လည်းပဲ အလုပ်သမားတွေက အလုပ်ဆက်လုပ်ခဲ့တယ်** ဆိုပြီးပေးထားပါတယ်။ ဝါကျနှစ်ကြောင်း Subject မတူတဲ့အတွက် Although အနောက်က it ကို In spite of ရဲ့ အနောက်မှာ ကပ်ရေးရပါမယ်။ ဒါကြောင့် အဖြေက In spite of it being hot, the workers continued their work. ဆိုပြီး ဖြစ်သွားပါတယ်။ ပိုင်ဆိုင်မှု+နာမ် ပုံစံနဲ့ရေးမယ်ဆိုင်ရင် In spite of the hot weather, the workers continued their work. ဆိုပြီးဖြေရမှာဖြစ်ပါတယ်။ the hot weather ကို the heat လို့လည်း ရေးလို့ရပါတယ်။

Although it was hot, the workers continued their work. (Subject မတူ)
In spite of it being hot, the workers continued their work.
In spite of the hot weather, the workers continued their work.

**လေ့ကျင့်ခန်းများဖြေဆိုပါ။**

**Although – In spite of**

1. Although Khin Khin finds Chemistry boring, she is good at it.
**In spite of ______________________.**
2. Although my brother fell from a great height, he did not break any bones.
3. Although he was successful, she felt dissatisfied.
4. Although she is very rich, she is stingy.
5. Although the sea was rough, the fishermen went fishing.
6. Although they work very hard, their business is not thriving.
7. However rich U Thein is, he is not happy.
**Although ____________________.**
8. She went on working although she was feeling unwell.
9. Although I had had a big lunch, I was very hungry.
10. Although Thida was excited, she was able to finish her speech.

++++++++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရိုဇီခင်တင့်ထူး

**ဦးဖိုးကျား**

**(၂၀-၁၁-၂၀၂၁ ရက်နေ့မှအဆက်)**

ဖွေးတုတ်၏ ကိစ္စမှာလည်း အတန်မှတ်ဖွယ် ကောင်း၏။ မောင်ခနှင့် ဖွေးတုတ်တို့သည် မွေးကတည်းက ယခု (၃၀) အရွယ်နီးပါးအထိ မောင်နှမအရင်း သို့မှတစ်ပါး အခြားပွေလီဖောက်ပြားမရှိသည်ကို ကာယကံရှင်နှစ်ဦးလုံးလည်း သိကြ၏၊ တစ်ရွာလုံးတစ်ရပ်လုံးကလည်း ညောင်ရေအိုးရွှက်ဝံ့ကြ၏။ ဥစ္စာပေါရုပ်ချောပညာတတ် မြို့သူတစ်ယောက်သည် မောင်ခနှင့်အတူ လာနေသည်မှာ နှစ်လနီးပါးရှိပြီကိုလည်းကောင်း၊ ထမင်းပွဲတွင် ခင်တင့်က မောင်ခနှင့်ဖွေးတုတ်တို့ နှစ်ယောက်ကြားတွင် တိုးဝင်၍ ထိုင်သည်ကိုလည်းကောင်း၊ ယခုနောက်ဆုံး မခင်တင့် လာရောက်မေးမြန်းပြောဆိုသွားပုံကိုလည်းကောင်း တွေးမိသောအခါ တောသူသည် ရိုးသည်၊ ထူသည်၊ အ, သည် မှန်၏။ သို့ရာတွင် ဤကိစ္စမျိုး၌ကား အလွန်ပါးနပ်ထက်မြက်စူးရှတတ်၏။

သို့ကြောင့်လည်း ယနေ့အထိ မောင်ချစ် နှမချစ်ရှိခဲ့ကြရာမှ ဖွေးတုတ်သည် ယနေ့၌စိတ်တစ်မျိုးပြောင်းသလိုလို ဘာလိုလို ထင်မိ၏။ သို့ရာတွင် ခင်တင့်အပေါ်၌ မနာလိုစိတ် ရှိလာခြင်းကိုကား ဖွေးတုတ် သေသေချာချာသိ၏။ ကျွန်ုပ်တို့ တေမိမင်းသားကြီး မောင်မောင်ခမှာလည်း ရူးသလိုလို၊ နှမ်းသလိုလို၊ စိတ်မကောင်းသလိုလိုနှင့် အတော်ချောက်ချားနေလေ၏။

ခင်တင့် ရန်ကုန်သို့ပြန်ရတော့မည်။ ဖွေးတုတ်ပေါ်လာမှ အထူးတုန်လှုပ်ချောက်ချားခဲ့သောစိတ်သည် ယခုတိုင် မငြိမ်းသေးချေ။ ဘယ်တော့မှ ငြိမ်းမည်မဟုတ်။

ယခုခွဲထွက်သွားခါနီး၌ ချစ်ခင်သော ကိစ္စအပြင် စိတ်မချသော စိတ်က ဝင်နှောက်လေသဖြင့် ဣန္ဒြေပျက်မလောက်ရှိခဲ့သည်။ သို့သော် ပညာအတော်တတ်၍ အဆင်အခြင်ကြီးသော မိန်းကလေးဖြစ်ရကား အရုပ်မဆိုးအောင် ထိန်းသိမ်းနိုင်၏။

"ကိုင်း … ကိုခတို့ ကျွန်မပြန်ဦးမယ်"

"အင်း"ဟုတစ်ခွန်းသာဆို၍ငေးတေးတေးကြီး လုပ်နေလေသည်။

"နောက်လည်း အခွင့်သင့်တဲ့အခါ လာလည်ဦးမယ်"

"အင်း"

"ကျွန်မ လာလာနေလို့ ရှင့်မှာ အနှောင့်အယှက်များဖြစ်မလား"

"ဟင့်အင်း"

"ရှင်လည်း တစ်ခါတလေ ရန်ကုန်လာလည်ပါလား"

"အင်း"

"မဖွေးတုတ်ကိုလည်း မမေ့ပါနဲ့၊ ခေါ်ခဲ့ပါ"

"အင်း- ဟင့်အင်း"

"မဖွေးတုတ်က လွှတ်ပါ့မလား"

"အင်း"

"ဟုတ်မှလုပ်ပါ ဆရာကြီး"

"အင်း"

"မဖွေးတုတ်ဟာ တောသူပေတဲ့ ချစ်စရာကောင်းတယ်နော်"

"အင်း"

"ကြိုက်ဖို့ကော မကောင်းဘူးလား"

ဘာမျှပြန်မပြောဘဲ ခေါင်းစိုက်နေသည်။ ထိုခဏ၌ ဖွေးတုတ် ပေါက်လာလေ၏။

"သြော် … မခင်တင့် ပြန်မယ်ကြားလို့ နှုတ်ဆက်ရအောင် လာခဲ့တယ်၊ မောင်ခကော အလည်လိုက်မသွားဘူးလား ရန်ကုန်ကို"ဟု မောင်ခဘက်သို့လှည့်၍ မေးလိုက်၏။

"နင်လိုက်သွားပါလား"ဟု မောင်ခက ပြန်၍ ရန်ထောင်လိုက်၏။

"အို … ငါ့ကိုမခေါ်လို့ ခေါ်ရင်လိုက်မှာ"

ထိုအခါ ခင်တင့်က "တစ်ယောက်တည်းတော့ မတရားရာကျနေမယ်၊ နှစ်ယောက်လုံးလိုက်ရင်ဖြင့် ခေါ်ပါရဲ့"ဟု ရယ်၍ပြောလိုက်လေ၏။

"ကိုင်း .. ဦးဖျော်ရယ်၊ မောင်သန်းရယ်၊ ဖွေးတုတ်ရယ်၊ မခင်တင့်ကို လိုက်ပို့လိုက်ကြပါ၊ ကျွန်တော်ခေါင်းကိုက်လို့ မလိုက်နိုင်ဘူး"ဟု မောင်ခက ပြောလေ၏။ ဦးဖျော်က "ငါလည်း ဝမ်းကိုက်နေတယ်"၊ မောင်သန်းက "ကျွန်တော်လည်း ခြေကိုက်နေတယ်"၊ ထိုအခါမှ ဖွေးတုတ်က "ကျုပ်လည်း စိတ်ကိုက်နေတယ်"ဟု မောင်ခမျက်နှာကိုကြည့်၍ ပြောင်သလိုလိုနှင့် ကြိတ်လိုက်လေ၏။ ခင်တင့်လည်း "ကဲ ရှင်၊ ကိုက်နေကြပါ၊ ကိစ္စမရှိပါဘူး၊ ကဲ-မဆင့်လာ"ဆို၍ ထကြလေ၏။ မောင်ခတို့လူစုကား မနေနိုင်ဘဲ အားလုံးထကြ၍ လှည်းဖြင့်လိုက်ပို့ကြ၏။ ရထားထွက်သောအခါ မောင်သန်းကလေးသည် ငိုယို၍ အင်္ကျီလက်နှင့် မျက်ရည်သုတ်နေလေသည်။ ဦးဖျော်ကား ပါးစပ်အဟောင်းသားနှင့် ငေးကျန်ရစ်လေ၏။

မောင်ခနှင့် ဖွေးတုတ်တို့ကား တစ်ယောက်မျက်နှာကို တစ်ယောက်မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရစ်ကြ၏။ ခင်တင့်ကား ရထားအတွင်း၌ပါသွားသည်ဖြစ်၍ ဘယ်လိုဖြစ်သွားသည်ကို မမြင်လိုက်ကြရကုန်။ ခင်တင့်သည် ရန်ကုန်သို့ပြန်ရောက်၊ စာမေးပွဲလည်းအောင်သည်နှင့် ဘီအေအထက်တန်းတွင် ဆက်လက်သင်နေရသည်။

ခင်တင့်၏အမူအရာ အနေအစား အဝတ်အစားတို့ အတန်ပြောင်းလဲကြောင်းကိုလည်းကောင်း၊ တစ်ခါတစ်ရံငေးမှိုင်နေခြင်း၊ မျက်နှာမသာခြင်းစသော စိတ်နေပုံကိုလည်းကောင်း ခင်တင့်၏ဖခင်ဦးထူးသည် အထူးသတိပြုမိသည်၊ သို့ရာတွင် တစ်စုံတစ်ရာမမေးမြန်းချေ။

မောင်ခတို့ခြံမှာလည်း သုသာန်တစပြင်ကဲ့သို့ သေ့ခြောက်နေလေသည်။ တစ်နေ့၌ ဖွေးတုတ်သည် ပေါက်လာ၍-

"ဘယ့်နှယ်လဲ ဆရာကြီး၊ မှိုင်လှပါကလား၊ စိတ်အတော်ထိခိုက်နေတယ်ထင်တယ်"

"သွားစမ်းပါဟယ်၊ နင် ငါ့ကိုလာလာပြီး နှောက်မနေစမ်းပါနဲ့"

"နှောက်တာမဟုတ်ဘူးဆရာ၊ သနားလို့ လာကြည့်တာ၊ မင်း စိတ်ဖြတ်ရင်ဖြတ် မဖြတ်ရင် ရူးလိမ့်မယ်၊ သေတောင် သေချင်သေလိမ့်မယ်၊ မြို့သူမောင်ရေ မြို့သူ အခုလောက်က ပစ်သွားလို့ တော်သေးတာ သားတစ်ယောက်ရမှဆိုရင် အဲဒါထက်ဆိုးမှာ"

"နင်ကလည်း မဦးမချွတ် … ဘယ့်နှယ်လဲ .. မဟုတ်တာတွေ ပြောမနေပါနဲ့"

"ဘာမဟုတ်ရသလဲ၊ ငါ့အချစ်က ကလီကမာ မဟုတ်ဘူး၊ ရိုးရိုးကြီးချစ်တာ၊ မင်းအခုပိန်ကုန်ပြီ ငါက မကြည့်နိုင်လို့ပြောတာ"

ဖွေးတုတ်သည် မောင်ခအတွက် အမှန်စိုးရိမ်၏၊ မောင်ခမှာ အသားအရေများစွာ ယုတ်လျော့လျက် ဖွေးတုတ်နှင့်တကွ အိမ်သားတို့ပါ အကဲခတ်နေကြရတော့၏။ အခြေအနေချင်း အလွန်ကွာခြားလေသဖြင့် မခင်တင့်ဆီသို့ လိုက်၍လည်း မသွားဝံ့၊ အကြောင်းလည်း မကြားဝံ့ဖြစ်နေကြကုန်၏။ တစ်မိုးကုန်သွားလေ၏။

ခင်တင့်သည် ခြောက်လပတ် အစမ်းစာမေးပွဲကို မအောင်လေ။ သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် မောင်ခတို့ရွာ သရက်ကုန်းသို့ သွားမည်ဟု မှန်းထားရာ ဖခင်ဦးထူး မမာမကျန်းသည်နှင့် ပြုစုနေရသောကြောင့် မသွားဖြစ်လေ။

> **ယခုသော် မခင်တင့်သည် ဘီအေအောင်ပြီးမှ ကျောင်းတစ်ကျောင်းတွင် ဆရာမလုပ်နေ၏၊ ဘိုဆန်လွန်းသော စိတ်ဓာတ်အမူအရာတို့ များစွာပြောင်းလဲလေပြီ၊ ချစ်သူ၏အလိုကိုလည်း ပြည့်စေတော့ဟူ၍ လည်းကောင်း၊ မိမိကိုယ်တိုင် ဉာဏ်ပညာဖြင့်ဆင်ခြင်နိုင်၍လည်းကောင်း ပြုပြင်ခဲ့ခြင်းဖြစ်လေသည်။ ဆံထုံးလည်း မကြီးလွန်း၊ မမြင့်လွန်း၊ လည်ဟိုက်ဖြစ်သော လွန်လွန်းသော အင်္ကျီကိုမဝတ်၊ နောက်ပိတ် ခုံမြင့်ဖိနပ်ကိုသော်လည်းကောင်း၊ ခုံမြင့်ရှေ့ထိုးကိုလည်းကောင်း မစီးမဆင် ယဉ်ကျေးခန့်ညားရုံသာ ဝတ်ဆင်နေလေ့ရှိ၏**

ဆောင်းဦးပေါက်တွင် မောင်ခလဲလေ၏။ အစာရေစာမဝင် အလွန်ပိန်ကြုံလျက် အတန်စိုးရိမ်ရသော အခြေအနေသို့ရောက်လေ၏။ တစ်ခါတစ်ခါ အိပ်နေစဉ်လည်းကောင်း၊ အဖျားကြီးသောအခါ၌လည်းကောင်း ခင်တင့်နာမည်ကို တမ်းတခေါ်ဝေါ်လေတော့သည်။ ဖွေးတုတ်မှာကား အမြဲလူနာပြုစုနေရာ ယခုသော် အရေးကြီးလေပြီဟု အိမ်သားများနှင့် တိုင်ပင်ကာ မောင်ခအသက်ကို အစွမ်းရှိသလောက် ကယ်မည်ဟု ရန်ကုန်သို့ ရထားနှင့် တစ်ယောက်တည်းလိုက်လာခဲ့၏။

ခင်တင့်သည် ကျောင်းနှင့် အဖထံမှ သုံးရက်ခွင့်တောင်း၍ လိုက်လာခဲ့၏။ အခန်းငယ်အတွင်း ရုပ်ဆင်းပျက်ပျက်နှင့် ပက်လက်ရှိနေသော မောင်ခကို မြင်သောအခါ ခင်တင့် မျက်ရည်တွေတွေကျမိ၏။ ဖွေးတုတ်က "မောင်ခ၊ မောင်ခ၊ မခင်တင့်လာတယ်" ဟု ပြောပေး၏။ မောင်ခသည် ခင်တင့်ဆိုသောအသံကြား၍ မျက်လုံးများ ဖွင့်ကြည့်ပြီးမြင်ရသောအခါ ပြုံးယောင်ပြုကာ ဆတ်ခနဲထ,မည်ပြု၏။ သို့သော်လည်း မထနိုင်တော့ချေ။ "သြော် … မခင်တင့် လာသလား ကျေးဇူးတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်"

ဖွေးတုတ်နှင့်အိမ်သားတို့သည် အခန်းပြင်သို့ ထွက်နေကြ၏။

"ကိုခ အားတင်းပါ၊ ကျွန်မ ကြိုးစားကုပေးမယ်"

"အလာနောက်ကျပြီ၊ အနာလည်း ကျွမ်းပြီ မခင်တင့်"

"အို … နောက်မကျပါဘူး၊ ကျွန်မ ရန်ကုန်က ဆရာဝန်ခေါ်ပေးမယ်"

ထိုခဏ၌ ဖွေးတုတ်ဝင်လာ၍ ခင်တင့်ကို ပြင်ဘက်သို့ လက်တို့ခေါ်ခဲ့၏။ အိမ်နှင့်အတန်ဝေးသော သရက်ပင်ကြီးအောက်အထိ ခေါ်သွား၍ ဖွေးတုတ်က ပြောသည်မှာ ..

"မခင်တင့် မောင်ခအသက်ကို မခင်တင့် တစ်ယောက်ပဲ ကယ်နိုင်တော့မယ်၊ ကျွန်မပြောမယ် နားထောင်ပါ။ ကျွန်မအချစ်ဟာ မောင်နှမချစ်အရင်းခံပါ၊ မခင်တင့်နဲ့တွေ့မှ မိန်းမတို့ဓမ္မတာ ဝန်တိုသလိုလို ဘာလိုလိုဖြစ်မိတယ်၊ သို့သော် ဒီစိတ်တွေကို အခုနိုင်ပါပြီ။ ကျွန်မအတွက် ရှင့်စိတ်မှာ ကင်းရှင်းပါတယ်၊ မောင်ခဟာ မောင်နှမအချစ်မျိုးမှာ ကျွန်မထက်ပိုလို့ချစ်တဲ့မိန်းမ ကမ္ဘာမှာမရှိဘူးလို့ ကျွန်မယုံကြည်တယ်၊ ကျွန်မလည်း အဲဒါနဲ့ပဲ ကျေနပ်ပါပြီ၊ မခင်တင့်ကိုလည်း ကျွန်မ မမုန်းပါဘူး၊ အမှန်မှာ ညီမအရင်းလို ချစ်ပါတယ်၊ ဒါကြောင့် ကျွန်မမောင်နဲ့ ညီမတို့ အသက်ရှည်လို့ ချမ်းသာတာကိုပဲ မြင်ချင်တယ်၊ ကိုင်း … ဒီတော့ မောင်ခကို ရှင်အောင်ကုပေတော့၊ ဆရာဝန်နဲ့မရဘူး၊ မခင်တင့်နဲ့မှ ရမယ်၊ မောင်ခနဲ့ မခင်တင့်တို့ကြားမှာ သည့်ပြင် အနှောင့်အယှက်ရှိရင်လည်း ကျွန်မအကုန်ရှင်းလင်းဖြိုဖျက်ပေးမယ်၊ ဖွေးတုတ်ကို အားကိုးနိုင်ပါတယ်" တောသူမရိုးရိုးကြီး၏ စကားလုံးတိုင်းကို ခင်တင့်ယုံကြည်၏။ ခင်တင့်သည် စကားမပြောဘဲ ခေါင်းသာညိတ်၍ လိုက်နေ၏။ ပြီးမှ အိမ်ဘက်သို့လာခဲ့ပြန်၏။

အထက်ပါ ဆုံးဖြတ်စီရင်ချက်ကား ဖွေးတုတ်၏စီရင်ချက်ဖြစ်၏။ "ခင်တင့်လာရင် မောင်ခကျန်းမာမယ်၊ ငါက ရှောင်ပေးလိုက်ရင် သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် ချမ်းသာကြမယ်၊ အဲဒါငါ့စီမံချက်ပဲ"ဟု ဖွေးတုတ်စီရင်ခဲ့၏။

သို့သော် မဖွေးတုတ်ကြီး အသင်အထင်မကြီးနှင့်၊ အသင်စီမံတိုင်း ဖြစ်နိုင်မည်လော၊ အသင့်ထက် စီရင်ပိုင်သူတို့သည် ဤကမ္ဘာဤစကြဝဠာ၌ များပြားလှကုန်၏၊ အသင်သည် အသူနည်း၊ အသင်သည် ဖွေးတုတ်ဟုခေါ်ဆိုသော သာမည လူမိန်းမငယ် တစ်ယောက်ဖြစ်၏။ ကမ္ဘာလောကကြီး၏ သေးသေးကလေးတစ်နေရာတွင် ဖြစ်ပေါ်ရှိနေ၏၊ သင့်စီရင်ချက် ဖျက်နိုင်သူတို့ အဆင့်ဆင့်ရှိကြ၏။ သင့်အထက်က-အထက်က-အထက်က-ဤသို့အဆင့်ဆင့်တက်ခဲ့၍ အဆင့်ပေါင်း မရေတွက်နိုင်သော အထက်က တရားသူကြီးသည် စီရင်ချက်တစ်မျိုးချတော့မည်၊ ထိုတရားသူကြီးသည် အလွန်တန်ခိုးကြီး၏၊ သူ့စီရင်ချက်ကို ဖွေးတုတ်ရော၊ မောင်ခရော၊ မောင်သန်းရော၊ ဦးဖျော်ရော၊ ခင်တင့်၊ နတ်ရော၊ သိကြားရော၊ ဗြဟ္မာရော၊ ဘုရားရော၊ တစ်လောကလုံးနာခံကြရကုန်၏။

နောက်တစ်နေ့တွင် ထိုစီရင်ချက်ကြီးကို ချလိုက်လေ၏။ မောင်ခကလွဲ၍ တစ်အိမ်လုံးဆူသွား၏။ မကြာမီ တစ်ရပ်လုံးဆူသွား၏။ နောက်မကြာမီ ခြံထဲ၌ပင် ငြိမ်သက်နေသောမောင်ခကို ဂူသွင်းလိုက်ကြရလေ၏။

စာမျက်နှာ ၂၃ သို့ ❖

❖ စာမျက်နှာ ၂၂ မှ

မခင်တင့်ဖခင် ဦးထူးသည်လည်း လာရောက်သင်္ဂြိုဟ်၏။ ကိစ္စပြီးကြသောအခါ ဦးဖျော်နှင့် မောင်သန်းတို့ကိုခြံတွင် ဆက်လက်ထား၍ ဖွေးတုတ်၊ ဖွေးတုတ်၏ တူငယ်၊ ဖွေးတုတ်၏ အမိ၊ ထိုအိမ်သားသုံးယောက်တို့ကို မခင်တင့်က ရန်ကုန်သို့ အတင်းခေါ်၍ မိမိကိုယ်တိုင် ကျွေးမွေးကြည့်ရှုထားလေသည်။

တောသူမကြီး ဖွေးတုတ်၏ ရိုးသားပုံ၊ စိတ်ထားစင်ကြယ်မြင့်မြတ်ပုံတို့ကို ခင်တင့်သည် အလွန်ကြည်ညို၏။ သွားလေသူ မောင်ခ၏ ချစ်ခြင်းကိုခံရသောသူတစ်ယောက်ဟူသောအနေဖြင့်လည်း အလွန်ချစ်ခင်၏။ အဓိပ္ပာယ်ကား မောင်ခအစား ချစ်နေရသည်ဆိုလိုသည်၊ ဖွေးတုတ်ကလည်း ကျေးဇူးရှင်အနေဖြင့်လည်းကောင်း၊ သူတော်ကောင်းစိတ်ရှိသူ တစ်ယောက်အနေဖြင့်လည်းကောင်း၊ မောင်ခအစား ချစ်ရသူအနေဖြင့်လည်းကောင်း ခင်တင့်ကဲ့သို့ပင် ကြီးသော မေတ္တာထား၏။

ခင်တင့်သည် ထိုနှစ်ကျောင်းကထွက်နေ၏။ နွေဦးပေါက်စ တစ်နေ့၌ ခင်တင့်နှင့် ဖွေးတုတ်တို့သည် ကားနှင့် ခြံသို့လာခဲ့ကြ၏။ ခင်တင့်၊ ဖွေးတုတ်၊ မောင်သန်း၊ ဦးဖျော် ဤလေးဦးတို့သည် မောင်ခ၏ဂူရှိရာသို့ လာခဲ့ကြ၏။ ရောက်ရှိကြသောအခါ မောင်သန်းသည် ဖြေမဆယ်နိုင်ဘဲ "ဦးလေးရေ–အစ်မကြီးဖွေးတုတ်တို့၊ မမခင်တင့်တို့လာတယ် ဦးလေးရေ"ဟု ဟစ်အော်ငိုလိုက်လေ၏။

ခင်တင့်ကား "ကိုခရေ … အမျှ အမျှ"ဟု တုန်ရီသောအသံဖြင့်ခေါ်ဝေါ်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျလေ၏။

ဖွေးတုတ်သော်ကား တစ်စုံတစ်ရာ နှုတ်က မမြွက်ဆိုဘဲ ဂူကို စိုက်စိုက်တင်းတင်းကြီး ကြည့်နေကာ မျက်ရည်ပေါက်ကြီးတို့သည် တစ်လုံးပြီးတစ်လုံး တစ်ပေါက်စီ လိမ့်၍ကျလေကုန်၏။ မောင်သန်းသည် အပြင်းအထန်ပေါက်ကွဲနေသော မီးတောင်နှင့်တူ၏။ ခင်တင့်သည် ငြိမ်သက်စွာထွက်သော မီးတောင်နှင့်တူ၏။ ဖွေးတုတ်ကား မီးမထွက်ဘဲ အတွင်း၌ အကျိတ်အခဲကြီးစွာ လှိုက်ဆူနေသော မီးတောင်နှင့်တူ၏။ ဦးဖျော်သော်ကား ငြိမ်သက်လေပြီးသော မီးတောင်ဟောင်းကြီးကဲ့သို့ သံဝေဂမျက်နှာဖြင့် စိုက်ကြည့်နေရာမှ လှည့်ထွက်ခဲ့၍

"သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ"ဟု ဖြည်းဖြည်းရွတ်ဆိုကာ စိုက်သောဦးခေါင်းဖြင့် တစ်လှမ်းချင်းလှမ်းလျက် ခြံထောင့်သစ်ပင်အောက် ကွပ်ပျစ်သို့လာခဲ့၏။ ကွပ်ပျစ်ပေါ်ရောက်မှ ဆိတ်ငြိမ်စွာထိုင်၍ ပုတီးစိပ်နေလေတော့သတည်း။

မခင်တင့်သည် အခြားသူမဟုတ်၊ ကျွန်ုပ်၏ဇနီးနှင့် အင်္ဂလိပ် ၁၀ တန်း၌ လည်းကောင်း၊ ဆရာဖြစ်ကျောင်း၌လည်းကောင်း အတူနေခဲ့ဖူးသော မိန်းမတစ်ယောက်ဖြစ်၏။ ကျွန်ုပ်၏ဇနီးနှင့်စပ်၍ ထိုအဖြစ်အပျက်တို့ကို ကြားသိရ၏။

ယခုသော် မခင်တင့်သည် ဘီအေအောင်ပြီးမှ ကျောင်းတစ်ကျောင်းတွင် ဆရာမလုပ်နေ၏၊ ဘိုဆန်လွန်းသော စိတ်ဓာတ်အမူအရာတို့ များစွာပြောင်းလဲလေပြီ၊ ချစ်သူ၏အလိုကိုလည်း ပြည့်စေတော့ဟူ၍လည်းကောင်း၊ မိမိကိုယ်တိုင် ဉာဏ်ပညာဖြင့်ဆင်ခြင်နိုင်၍လည်းကောင်း ပြုပြင်ခဲ့ခြင်းဖြစ်လေသည်။ ဆံထုံးလည်း မကြီးလွန်း၊ မမြင့်လွန်း၊ လည်ဟိုက်ဖြစ်သော လွန်လွန်းသော အင်္ကျီကိုမဝတ်၊ နောက်ပိတ်ခုံမြင့်ဖိနပ်ကိုသော်လည်းကောင်း၊ ခုံမြင့်ရှေ့ထိုးကိုလည်းကောင်း မစီးမဆင် ယဉ်ကျေးခန့်ညားရုံသာ ဝတ်ဆင်နေလေ့ရှိ၏။

တစ်နေ့၌ ကျွန်ုပ်၏ဇနီးနှင့် မခင်တင့်တို့ တွေ့ဆုံကြ၍ စကားစမြည်ပြောနေကြရာ ကြားရသောစကားအချို့တို့ကား …

**ဇနီး ။** ။ "ဘယ့်နှယ်လဲ မခင်တင့် နောက်ထပ် အိမ်ထောင် မပြုတော့ဘူးလား"

**မခင်တင့် ။** ။ "ဘယ်တုန်းက အိမ်ထောင်ပြုဖူးလို့ အခုထပ်ပြုရမှာလဲရှင့်" (ရယ်၍ပြောသည်)

**ဇနီး ။** ။ "သြော်–ယောင်လို့၊ ဟိုဒင်းလေ အတူတူပေ့ါရှင်.. ဒီလိုပဲနေတော့မလားလို့၊ ဟိုဒင်းက ကြာလှပါပြီ။ ခြောက်နှစ်၊ ခုနစ်နှစ် ရှိသွားမှပဲ"

**မခင်တင့်။** ။ "အင်း . အနှစ် ၆၀–၇၀ ရှိလည်း ထူးလှမယ် မဟုတ်ပါဘူး၊ ပြီးတော့လည်း ဒီအပူမျိုးကိုကြောက်လှပါပြီရှင်၊ နောက်ထပ် မပျိုးချင်တော့ပါဘူး၊ အပူကိုပျိုးမယ့်အစား သူကြိုက်တဲ့ဟာရော၊ ကျွန်မကြိုက်တဲ့ဟာရော ဖြစ်သမျှဖြစ်အောင်လို့ ကြိုးစားနေတာပဲ၊ အခု ကျွန်မနဲ့ နီးစပ်တဲ့ သူငယ်ချင်းမိတ်ဆွေတွေဟာ အဝတ်အစား အမူအရာ အပြောအဆို လော်လော်မာမာတွေကို အတော်ဆင်ခြင်လာကြပြီရှင့်"

**ဇနီး။** ။ "သာဓုရှင်–သာဓု၊ ကြိုးစားပါ၊ ကျွန်မတို့လည်း တတ်နိုင်သမျှ ကူညီပါ့မယ် ...."

✻ အာဆီယံမှ

ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမော၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို တစ်နေ့လျှင်နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာပါဝင်သော အုပ်စု (က) ပွဲစဉ်များကို အမျိုးသားအားကစားကွင်း၊ အုပ်စု (ခ) ပွဲစဉ်များကို ဘစ်ရှန်ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲပထမနေ့အဖြစ် ဒီဇင်ဘာ ၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် တီမောအသင်းနှင့် ထိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ပွဲတိုင်းအရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲကစားရမည့် စင်ကာပူအသင်းနှင့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ၂၀၁၄ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့ပြီး လေးဂိုး–နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆူဇူကီးဖလားပြိုင်ပွဲ၌ တွေ့ဆုံခြင်းဖြစ်ပြီး ဖိတ်ခေါ်ပြိုင်ပွဲများနှင့် ခြေစမ်းပွဲများတွင်သာတွေ့ဆုံခဲ့ကာ ၂၀၁၉ ခုနှစ် ဇွန်လက နောက်ဆုံးတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ယခုယှဉ်ပြိုင်မည့် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်းတွင် ခြေစမ်းပွဲကစားခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့**

မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၃၀ ရက်တွင် ရောက်ရှိခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှစတင်ကာ လေ့ကျင့်မှုပြုလုပ်ခဲ့သည်။ မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲအတွက် အောက်တိုဘာလဆန်းပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာလကုန်ပိုင်းမှ နိုဝင်ဘာလကုန်ပိုင်းအထိ တူရကီနိုင်ငံတွင် သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

**ကိုညီလေး**

## Laguna Phuket Championship 2021

# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟိန်းစည်သူ ယှဉ်ပြိုင်ခဲ့ပြီး Hole in One ရရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

Asian Tour က စီစဉ်ကျင်းပသော Laguna Phuket Championship 2021 ဂေါက်သီးရိုက်ပြိုင်ပွဲကို ထိုင်းနိုင်ငံ Laguna Golf Phuket ၌ ကျင်းပလျက်ရှိရာ မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမား ဟိန်းစည်သူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Hole In One ရရှိခဲ့သည်။

ဟိန်းစည်သူသည် ပြိုင်ပွဲပထမနေ့တွင် တစ်ချက်တည်းကျင်းဝင်ခဲ့ပြီး ၂၀၅ ကိုက်ရှိသော ကျင်းအမှတ် ၁၆တွင် Srixon သံတုတ် ၆ ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ကာ Hole In One ရရှိခဲ့ခြင်းဖြစ်သည်။ ဟိန်းစည်သူသည် ဒီဇင်ဘာ ၂ ရက်ကကျင်းပသည့် ပြိုင်ပွဲပထမနေ့တွင် စုစုပေါင်းရိုက်ချက် ၆၉ ချက်၊ ဒီဇင်ဘာ ၃ ရက်ကပြုလုပ်သည့် ပြိုင်ပွဲဒုတိယနေ့တွင် စုစုပေါင်းရိုက်ချက် ၇၃ ချက် ရိုက်နိုင်ခဲ့သည်။

ယခုပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော်မှ ဂေါက်သီးရိုက်ကစားသမား ၁၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်း ချီးမြှင့်သွားမည်ဖြစ်ကာ ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–Asian Tour**



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် ဒီဇင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ခရမ်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ခရမ်း ဒီဇင်ဘာ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ခရမ်းမြို့နယ် ခရမ်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ကမာမတ်ကျေးရွာ ခရမ်းချောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လှော်ကားငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက် လေးသိန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးသားပေါက် လေးသိန်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ မြေကွက်အမှတ် – ၅၉၆၊ သဒ္ဒါရုံလမ်း၊ အမှတ်(၃၅)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ အခန်းအမှတ်(အေ–၄)၊ ဧရိယာ (၁၇ပေ × ၅၄ပေ)ရှိတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဒေါ်နိုင်နိုင်အောင်(၁၂/သကတ (နိုင်) ၁၁၂၃၄၁) နှင့် ဦးဟိန်းထက်ကျော် (၁၂/ကတတ (နိုင်) ၈၃၁၅၃၅)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုကျွန်ုပ်၏ မိတ်ဆွေကပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့နိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မာနွယ်

တရားလွှတ်တော်ရှေ့နေ (စဉ် – ၃၉၁၉/၈၆)

အမှတ်–၅၀၊ အခန်း (စီ/၆)၊ ပထမထပ်၊ ဘဏ်လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ – ၄၃၀၈၁၁၄၉

**အိတ်ဖွင့်တင်ဒါကြော်ငြာ**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ ကျွန်းအုပ်စုများမှ ဇီဝဖိုးငှက်သိုက်များကို စုသိမ်းထုတ်ယူခွင့်အား ၂၀၂၁–၂၀၂၂ ခုနှစ်၊ ငှက်သိုက်ရာသီမှ ၂၀၂၃–၂၀၂၄ ခုနှစ်၊ ငှက်သိုက်ရာသီအထိ (၃)နှစ်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား တိုင်းရင်းသားလုပ်ငန်းရှင်များကို တင်ဒါပေးသွင်းနိုင်ရန် ကြေညာအပ်ပါသည်–

| စဉ် | လပ်ပုံ | ကျွန်းအုပ်စုအမည် | ပစ္စည်းတည်နေရာ |
|---|---|---|---|
| (က) | (၁) | မော်စကိုကျွန်းအုပ်စု | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ခ) | (၂) | ရေအေးကျွန်းအုပ်စု | ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ဂ) | (၃) | ကဆိုင်းလှနှင့်ကော့ငါးကျွန်းအုပ်စု | ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| (ဃ) | (၄) | မလိကျွန်းအုပ်စု | ပုလောမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – ၆–၁၂–၂၀၂၁ ရက်၊ နံနက် ၁၀:၀၀ နာရီ

တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် – ၂၃–၁၂–၂၀၂၁ ရက်၊ ညနေ ၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါရွေးချယ်မည့်ရက် – ၂၈–၁၂–၂၀၂၁ ရက်၊ နံနက် ၁၀:၀၀ နာရီ

အိတ်ဖွင့်တင်ဒါရွေးချယ်မည့်နေရာ – ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၂။ လပ်ပုံတစ်ခုချင်းအလိုက် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များ တစ်စုံလျှင် (၅၀၀၀၀/–)ဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်းအမှတ်–09-785032636, 09-254695654 ထံ၌ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ**

**ထားဝယ်မြို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၄၆ ဆူ | ၅၈၃ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းကာလအတွင်း မသန်စွမ်းသူများ ရင်ဆိုင်ခံစားနေရသည့် အတွေ့အကြုံများအပေါ် မူတည်ပြီး စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာအကဲခတ်ခြင်းတို့ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကိုကိုလှိုင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၅၆) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီ တွင် Virtual စနစ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ သိရသည်။

သတင်းစဉ်

**ယနေ့** ဖတ်စရာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ထောက်ပံ့နေသူများနှင့် လူသတ်မှုအပါအဝင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်**

စာမျက်နှာ » ၁၄

Laguna Phuket Championship 2021 **ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဟိန်းစည်သူ ယှဉ်ပြိုင်ခဲ့ပြီး** Hole in One **ရရှိ**

စာမျက်နှာ » ၂၃

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ မြန်မာနှင့် စင်ကာပူ ဆုံတွေ့

ရန်ကုန် ဒီဇင်ဘာ ၃

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်စင်ကာပူအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✻



မြန်မာနှင့် စင်ကာပူအသင်း ၂၀၁၉ ခုနှစ်က စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲကစားစဉ်။